ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 9 April 2020 ၉၉၈၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဧပြီ ၈

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**Home Quarantine မှ လာကြသူများသည် ကိုယ့်မိသားစုအပေါ်တွင် တာဝန်ကြီးသွားပြီဆိုသည်ကို သဘောပေါက်ကြစေလိုကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့် မနေထိုင်ဘဲ နေချင်သလိုနေမည်ဆိုပါက ကိုယ့်မိသားစုအတွက် အန္တရာယ်ရှိသွားပြီဆိုသည်ကို သဘောပေါက်ကြရမည်ဖြစ်**

**ကြေးမုံ ယနေ့ ဖတ်စရာ**

### လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြား

သမ္မတရုံးညွှန်ကြားချက် စာမျက်နှာ » ၅

### ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်သေအထောက်အထားနှင့် ပစ္စည်းများကို ထိန်းသိမ်းထားရှိရန် ညွှန်ကြား

သမ္မတရုံးညွှန်ကြားချက် စာမျက်နှာ » ၅

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ချောက်မြို့နယ် စလေတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာခင်မာလွင်က စလေတိုက်နယ်ဆေးရုံအောက်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် COVID–19 ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများရှိသည့် ကျေးရွာများ၌ ကျန်းမာရေးပညာပေးခြင်း၊ အဖျားတိုင်းခြင်းနှင့် စာစောင်များ ဖြန့်ဝေခြင်း၊ တိုက်နယ်ဆေးရုံနယ်မြေရှိ Community Based Facility Quarantine site (၅)ခု၌ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် ၉၁ ဦးအား သီးခြားစောင့်ကြည့်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ယင်း Quarantine site များတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ Hand Speaker ဖြင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေကို လည်းကောင်း၊ ရွှေပါရမီပညာရေးဖောင်ဒေးရှင်း တွဲဖက်အတွင်းရေးမှူး ဦးအေးကိုကိုက "တိုက်ရိုက်ထိ တိုက်ရိုက်တွေ့၊ ပြည်သူမှ ပြည်သူသို့ အစီအစဉ်များဖြစ်သည့်" မကွေးပြည်သူ့ဆေးရုံ၊ မင်းဘူးပြည်သူ့ဆေးရုံနှင့် သင်ကြားရေးဆေးရုံတို့ရှိ အထူးကြပ်မတ်ဆောင်၌ တာဝန်ကျ ဆရာဝန်၊ ဆရာမ၊ လုံခြုံရေးဝန်ထမ်းနှင့် Volunteer တို့အား စားသောက်စရိတ်(၃)လစာ ထောက်ပံ့နေမှုနှင့် ရွှေပြည်နန်းကုမ္ပဏီမှ မတည်ပေါင်းစပ်ပြီး အခြားအလှူရှင်များနှင့်အတူ စားသောက်စရိတ်များ ထောက်ပံ့လှူဒါန်းခဲ့မှု၊ Quarantine ဧရိယာရှိ ဝန်ထမ်းများ၏ စားသောက်စရိတ်ကို အလှူရှင် မရှိသည့်နေ့များ၌ တာဝန်ယူလှူဒါန်းခဲ့မှု၊ တိုက်ရိုက်ထိ တိုက်ရိုက်လှူစနစ်ဖြင့် မကွေးပြည်သူ့ဆေးရုံ နား၊ နှာခေါင်း၊ ရောဂါဗေဒဌာနသို့ PPE ဝတ်စုံနှင့် ECG စက်တို့ လှူဒါန်းခဲ့မှု၊ မကွေးပြည်သူ့ဆေးရုံတွင် ကျွေးမွေးစရိတ် ၁၂ သိန်း လှူဒါန်းခဲ့မှု၊ မင်းဘူးပြည်သူ့ဆေးရုံ၌ အသက်ရှူစက် လှူဒါန်းခဲ့မှု၊ မကွေးမြို့ပေါ်ရှိ လူမှုရေးပရဟိတအသင်းအဖွဲ့များသို့ PPE ဝတ်စုံများနှင့် Mask များ လှူဒါန်းခဲ့မှု၊ ဧပြီ ၄ ရက်မှစတင်၍ Mask တစ်သောင်းကျော် သီးသန့်ချုပ်၍ မကွေးမြို့ပေါ်ရှိ ပြည်သူများသို့ လှူဒါန်းခဲ့မှု အခြေအနေများကို လည်းကောင်း၊ အောင်လံမြို့နယ် ဗိုလ်လုကုန်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်က တရုတ်နိုင်ငံစက်ရုံများတွင် ပိတ်မိနေသော အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်ရှိ ကျေးရွာများမှ ရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း ၁၅၀ ခန့်ကို ချင်းရွှေဟော်မြို့ နယ်စပ်ဂိတ်အထိ သွားရောက်ကြိုဆိုရာ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့မှု၊ ပြန်လည်ရောက်ရှိလာသော အဆိုပါပြည်တော်ပြန်များကို ဆေးစစ်ခြင်းနှင့် ဗိုလ်လုကုန်းကျေးရွာအထက(ခွဲ)ရှိ Facility Quarantine Centre ၌ ထားရှိ၍ ကြီးကြပ်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်ပြောကြားရာတွင် Home Quarantine ကိုလည်း မိမိအနေဖြင့် စိတ်ပူပါကြောင်း၊ ယခုမနက် ဆုံးပါးသွားသူသည် မိသားစုထံမှ ပြန်လည်ကူးစက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ Home Quarantine မှ လာကြသူများသည် ကိုယ့်မိသားစုအပေါ်တွင် တာဝန်ကြီးသွားပြီဆိုသည်ကို သဘောပေါက်ကြစေလိုကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့် မနေထိုင်ဘဲ နေချင်သလိုနေမည်ဆိုပါက ကိုယ့်မိသားစုအတွက် အန္တရာယ်ရှိသွားပြီဆိုသည်ကို သဘောပေါက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ကိုယ့်မိသားစုမှတစ်ဆင့် ကိုယ့်ရပ်ကိုယ့်ရွာအတွက်လည်း အန္တရာယ်ရှိသွားပြီဆိုသည်ကို သဘောပေါက်ရမည်ဖြစ်ပါကြောင်း။

**အသိပေးဆော်ဩရန် လိုအပ်**

မိမိတို့နိုင်ငံသည် ကျေးရွာနှင့် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ တိုးတက်မှု ရှိ၊ မရှိကို ကျေးရွာများ တိုးတက်မှု ရှိ၊ မရှိကို ကြည့်ရမည်ဖြစ်ပါကြောင်း၊ လက်ကိုင်အော်လန်များ မရှိသည့် ကျေးရွာများကို

- **ကျေးရွာတိုင်း တစ်နေ့လျှင် သုံးကြိမ် COVID-19 နှင့် ပတ်သက်၍ အသိပေးဆော်ဩရန် လိုအပ်**
- **ယခု ရက်သတ္တပတ်အတွင်း၊ နောင်လာမည့် ရက်သတ္တပတ်အတွင်း Quarantine မှ ထွက်လာမည့်သူများအား ပညာပေးရန်နှင့် စည်းကမ်းဖြင့် နေထိုင်ရန်မှာ စိန်ခေါ်မှုဖြစ်မည်ထင်**
- **ပြန်လည်ရောက်ရှိလာကြသူများထဲမှ ရောဂါပါရှိသူများအနေဖြင့် လက္ခဏာပြမည့်အချိန်ဖြစ်**
- **တစ်ဦးချင်း တစ်ဦးချင်း မိမိတာဝန်ကို မိမိကျေပွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက ယခု COVID-19 ရောဂါစိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မည်ဖြစ်**

မိမိအနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများ၏ စေတနာအင်အားကြောင့် ဝိုင်းဝန်းလှူဒါန်းကြမည့်သူများ ရှိမည်ဟုထင်ပါကြောင်း၊ ယင်းကိစ္စကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ကျေးရွာတိုင်း တစ်နေ့လျှင် သုံးကြိမ် COVID–19 နှင့် ပတ်သက်၍ အသိပေးဆော်ဩရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကျေးရွာတိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများက အများတွေ့မြင်နိုင်သည့်နေရာများတွင် COVID–19 နှင့်ပတ်သက်သည့် နောက်ဆုံးအခြေအနေကို ကြေညာပေးစေလိုပါကြောင်း၊ ယင်းမှာသတိပြုရန်ဖြစ်ပါကြောင်း၊ အစိုးရိမ်မလွန်ကြစေလိုပါကြောင်း၊ မိမိအတွက် စဉ်းစားရာတွင် မိမိအသိုင်းအဝိုင်းအတွက်ပါ စဉ်းစားကြစေလိုကြောင်း၊ အုပ်ချုပ်ရေးအနေဖြင့် တစ်ခါတစ်ရံအမုန်းခံရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးဆိုလျှင် အကောင်းမမြင်ကြပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအခြေအနေကြောင့် ဖြစ်ပါကြောင်း၊ မှန်မှန်ကန်ကန်ဆောင်ရွက်ပါက ရေရှည်တွင်နားလည်လာမည်ဖြစ်ပါကြောင်း၊ နောင်တွင် ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးကို ပြည်သူများက "ငါတို့အားကိုးစရာ၊ ငါတို့အတွက် ရှိနေတဲ့အဖွဲ့ဖြစ်တယ်။ ငါတို့ပြည်သူတွေကို ကာကွယ်ဖို့ အကျိုးဆောင်တဲ့ အဖွဲ့ဖြစ်တယ်" ဆိုတဲ့စိတ်ဓာတ်ဖြစ်အောင် ယခုအချိန်တွင်တန်ဖိုးရှိရှိ အသုံးချစေလိုကြောင်း၊ ပြည်သူများအနေဖြင့် အစိုးရိမ်မလွန်ကြစေရန် အသိပေးရမည်ဖြစ်ပါကြောင်း။

ယခု ရက်သတ္တပတ်အတွင်း၊ နောင်လာမည့် ရက်သတ္တပတ်အတွင်း Quarantineမှ ထွက်လာမည့်သူများအား ပညာပေးရန်နှင့် စည်းကမ်းဖြင့် နေထိုင်ရန်မှာ စိန်ခေါ်မှုဖြစ်မည် ထင်ပါကြောင်း၊ ပြန်လည်ရောက်ရှိလာကြသူများထဲမှ ရောဂါပါရှိသူများအနေဖြင့် လက္ခဏာပြမည့်အချိန်ဖြစ်ပါကြောင်း၊ ယင်းကိစ္စမှာ ကြောက်စရာကိစ္စ မဟုတ်ပါကြောင်း၊ သတိ၊ စည်းကမ်းဖြင့် ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြင်ဆင်မှုများ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ပရဟိတအဖွဲ့အစည်းများအနေဖြင့်လည်း အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများအကြား သဟဇာတဖြစ်အောင်၊ အစိုးရ၏ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြည်သူများနားလည်အောင် ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ တစ်ဦးချင်း တစ်ဦးချင်း မိမိတာဝန်ကို မိမိကျေပွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက ယခု COVID–19 ရောဂါစိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ကူညီကြရန် လိုအပ်ပါကြောင်း၊ "တစ်ယောက်ကောင်းမှ အားလုံးကောင်းမည်၊ အားလုံးကောင်းမှ တစ်ယောက်ကောင်းမည်" ဆိုသည့် စိတ်ဓာတ်ကို ဆောက်တည်သွားရန် လိုအပ်ပါကြောင်း၊ ယနေ့တွင် မြောက်ဥက္ကလာပဆေးရုံ၌ အသက်(၆၃)နှစ်အရွယ်တစ်ဦး ဆုံးပါးသွားပါကြောင်း၊ ၎င်းမှာ အခြေခံအားဖြင့် သွေးတိုး၊ ဆီးချိုရှိပါကြောင်း၊ ရောဂါအခံရှိသူမှာ ပို၍အန္တရာယ်ရှိပါကြောင်း၊ ထို့ကြောင့် သတိထားကြစေလိုကြောင်း၊ တစ်ဦးတစ်ယောက် ဆုံးပါးခြင်းသည်လည်း မိမိတို့နိုင်ငံအတွက် ဆုံးရှုံးခြင်းဖြစ်ပါကြောင်း၊ နောင်ထပ်မံ ဆုံးရှုံးမှုမရှိစေရန် အတတ်နိုင်ဆုံး ကူညီဝိုင်းဝန်းကြစေလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ကျောင်းသုံးစာအုပ်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ






**နေပြည်တော် မေ ၈**

ကျောင်းသုံးစာအုပ်များ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ Video Conferencing ဖြင့် ချိတ်ဆက်ကျင်းပသည်။

**၉၀ ရာခိုင်နှုန်းကျော် ပုံနှိပ်ပြီးစီးနေ**

ရှေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနက အပ်နှံထားသည့် ကျောင်းသုံးဖတ်စာအုပ်များနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စာအုပ်အမှာစာစောင်ရေမှာ လက်ရှိတွင် ၉၀ ရာခိုင်နှုန်းကျော် ပုံနှိပ်ပြီးစီးနေပြီဖြစ်၍ သတ်မှတ်ကာလအတွင်း ပုံနှိပ်ထုတ်လုပ်ဖြန့်ချိနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ပြင်ပပုဂ္ဂလိက ပုံနှိပ်တိုက်များသို့ အပ်နှံဆောင်ရွက်သော ကျောင်းသုံးစာအုပ်များအနက် အများစုမှာ ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဟု သိရှိရသော်လည်း ပုံနှိပ်စက်အချို့က လတ်တလော ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုအခြေအနေကြောင့် ပြီးစီးရန် အခက်အခဲရှိနိုင်သည်ဟု တင်ပြလာခြင်းများအပေါ် စဉ်းစားသုံးသပ်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကြိုတင်ညှိနှိုင်း စီစဉ်ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်သည့် အရေအတွက်၊ လက်ရှိပြီးစီးနေသည့် အရေအတွက်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကိုလည်းကောင်း၊ ပြင်ပပုဂ္ဂလိက ပုံနှိပ်တိုက်များအနက် သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည့် ပုံနှိပ်တိုက်များ၊ နှောင့်နှေးနိုင်သည့် ပုံနှိပ်တိုက်များ၏ အခြေအနေတို့ကို လည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက လောလောဆယ်အထိ ကျောင်းများဖွင့်ရန် သတ်မှတ်ရက်မှာ ဇွန် ၁ ရက်ဖြစ်ပါကြောင်း၊ ကျောင်းသုံးစာအုပ်များကို ပုံနှိပ်ခြင်းနှင့် ဖြန့်ဝေခြင်းကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လက်ဝယ်အရောက် သတ်မှတ်ကာလတွင် ဖြန့်ချိနိုင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ဒေါက်တာဝင်းထွန်းတို့က ကျောင်းသုံးစာအုပ်ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိမှုများ အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ရန် နည်းလမ်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာနကို Lockdown ချထားခြင်းမရှိ

**နေပြည်တော် မေ ၈**

နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနကို Lockdown ချထားခြင်းမရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့တွင် ပြောကြားသည်။

ဖေ့စ်ဘွတ် လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့နေသည့် ပညာရေးဝန်ကြီးဌာနမှ နေ့စားဝန်ထမ်းတစ်ဦး၌ ကိုဗစ်-၁၉ ရောဂါလက္ခဏာများတွေ့ရှိ၍ ၎င်းဝန်ကြီးဌာနကို Lockdown ချထားကြောင်း ရေးသားမှုများအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “ပညာရေးဝန်ကြီးဌာနမှ နေ့စားဝန်ထမ်းအသက် ၆၅ နှစ်ရှိ အမျိုးသားတစ်ဦးဟာ ဇမ္ဗူသီရိမြို့နယ်ရှိ နေအိမ်၌ နေထိုင်စဉ် ဧပြီလ ၇ ရက် ည ၁၀ နာရီ ၅ မိနစ်တွင် ဖျားနာချောင်းဆိုးလာတဲ့အတွက် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီး အရေးပေါ်ဌာနကို ပို့ဆောင်ခဲ့ပြီး လက်ရှိတွင် အထူးကူးစက်ရောဂါ ကုသဆောင်မှာ ကုသနေပါတယ်။ လူနာဖြစ်သူဟာ မူလကတည်းက အဆုတ်ရောင်ရောဂါရှိသူဖြစ်ပြီး အတိအကျသိရှိရအောင် သူ့ရဲ့ Swab Test ကို ရန်ကုန်ကို ပို့ထားပါတယ်။ ဒီကနေ့ (ဧပြီလ ၈ ရက်) ညပိုင်းတော့ ဓာတ်ခွဲအဖြေကို သိရပါမယ်။ ၎င်းရဲ့ သမီးအသက် ၁၉ နှစ်ရှိသူဟာ လွန်ခဲ့တဲ့ ဧပြီလ ၄ ရက် ညနေပိုင်းမှာ ရန်ကုန်မြို့ကနေ နေပြည်တော်ကို ရောက်ရှိလာခဲ့တယ်လို့ သိရှိရပါတယ်”ဟု ပြောသည်။

ပညာရေးဝန်ကြီးဌာန၏ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “လက်ရှိကာလမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရုံးလုပ်ငန်းတွေကို ဝန်ထမ်းအင်အား အနည်းဆုံး၊ Video Conferencing, Online တို့နဲ့ အလုပ်မပျက် ဆောင်ရွက်နေကြောင်းကို ပညာရေးဝန်ကြီးဌာနက နိုင်ငံတော်သမ္မတရုံးကို တင်ပြထားပါတယ်။ ရုံးအမှတ်(၁၃)မှာ DG တချို့လည်း ရုံးတက်နေတုန်းဖြစ်ပါတယ်။ စိတ်ချရအောင်နဲ့ ရုံးပိတ်ရက် နီးကပ်နေတဲ့အတွက် မရှိမဖြစ်ဝန်ထမ်းကလွဲလို့ ကျန်တဲ့ဝန်ထမ်းတွေကို Home Stay နေခိုင်းထားကြောင်းနဲ့ Lockdown ချထားတာမဟုတ်ကြောင်း ပညာရေးဝန်ကြီးဌာနက သိရှိရပါတယ်။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL)က ဓာတ်ခွဲအဖြေထွက်ရှိမှုပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ဖို့ ရှိပါတယ်”ဟု ရှင်းပြသည်။

အဆိုပါ အမျိုးသား၏ Swab Test ကို အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်အရ ရောဂါပိုးမရှိကြောင်း ယနေ့ညပိုင်းတွင် သိရသည်။

ထက်လျှံ

## ကောလင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ရုံး၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကောလင်း မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ကောလင်းမြို့နယ် ဒါနမောင်မယ်အဖွဲ့က ယနေ့နံနက် ၈ နာရီတွင် မြန်မာ့စီးပွားရေးဘဏ်ရုံး၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

“ကျွန်မတို့ရုံးဌာနဟာ ပြည်သူတွေကို ဝန်ဆောင်မှုပေးတဲ့ ရုံးဌာနဖြစ်ပြီး ဌာနကို ငွေသွင်း/ငွေထုတ်လာရောက်ကြတဲ့ ပြည်သူတွေနဲ့ဝန်ထမ်းတွေ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ဖို့ လက်ဆေးရန်အတွက် လက်ဆေးကန်နဲ့ ဆပ်ပြာတွေ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။

ဒါ့အပြင် ကျွန်မတို့ ရုံးဝန်ထမ်းတွေကိုလည်း လက်အိတ်နဲ့ နှာခေါင်းစည်းတွေတပ်ဆင်ပြီး ငွေသွင်း/ငွေထုတ်ပြုလုပ်ပေးနိုင်ဖို့ ဆောင်ရွက်ထားပြီး အငြိမ်းစားဝန်ထမ်းတွေ ပင်စင်လစာ ငွေလာရောက်ထုတ်ယူတဲ့အခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး အပူချိန်တိုင်းစစ်ဆေးပေးနေပါတယ်”ဟု ဘဏ်မန်နေဂျာ ဒေါ်လှလှကြိုင်က ပြောသည်။ **မြင့်ထွန်းမင်း(ကောလင်း)**



## ပေါက်ခေါင်းမြို့နယ်မှ ကျန်ရှိသည့် ရောဂါပိုးကူးစက်ခံ မိသားစုဝင်များကို မိခင်ဖြစ်သူ၏ဆန္ဒအရ ရန်ကုန် ဝေဘာဂီဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူမည်

**နေပြည်တော် မေ ၈**

ပေါက်ခေါင်းမြို့နယ်တွင် ကျန်ရှိသည့် ရောဂါပိုးကူးစက်ခံ မိသားစုဝင်များကို မိခင်ဖြစ်သူ၏ဆန္ဒအရ ပြည်ဆေးရုံမှ ရန်ကုန်မြို့ရှိ ဝေဘာဂီဆေးရုံသို့ ပြောင်းရွှေ့ကုသမှုခံယူရန် ယနေ့(မေ ၈ ရက်)တွင် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပြီး လွှဲပြောင်းပေးမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

ထိုသို့ လွှဲပြောင်းပေးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “အခုလူမှုကွန်ရက်မှာတင်ထားတဲ့အတိုင်း ကျန်ရစ်တဲ့ မိသားစုဝင်တွေကို ဝေဘာဂီကိုပို့ပေးဖို့ မိခင်ဖြစ်သူရဲ့ဆန္ဒနဲ့ တောင်းဆိုမှုတွေ တွေ့ရှိရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ဆေးရုံမှာ တက်ရောက်နေတဲ့ မိသားစုဝင်တွေရဲ့ ကျန်းမာရေးအခြေအနေကောင်းမွန်တယ်၊ ခရီးသွားဖို့ ခွင့်ပြုနိုင်တယ်ဆိုရင် လူမှုရေးရှုထောင့်အရ သူ့အမေတက်ရောက်ကုသနေတဲ့ ဝေဘာဂီဆေးရုံကို လွှဲပြောင်းပေးဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ညွှန်ကြားခဲ့ပါတယ်”ဟု ပြောသည်။

“ကျန်းမာရေး တာဝန်ရှိသူတွေ အခုစစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ ကလေးနှစ်ဦးရော၊ တူမဖြစ်သူရော ကျန်းမာရေး အခြေအနေကောင်းမွန်တယ်လို့ သိရပါတယ်။ လက်ရှိအချိန်မှာ လူနာတင်ကား အသင့်ပြင်ထားပြီး သူနာပြုအစောင့်အရှောက်နဲ့ လိုအပ်တာတွေ ပြင်ဆင်ထားပါတယ်။ မမှောင်ခင် မောင်းနိုင်ဖို့အတွက် ခဏနေ(ယနေ့ မွန်းလွဲပိုင်းတွင်) ရန်ကုန်ကို စတင်ထွက်ခွာမှာဖြစ်ပါတယ်။ ဒီကနေ့(မေ ၈ ရက်) ညဦးပိုင်းလောက် ရန်ကုန်မြို့ ဝေဘာဂီဆေးရုံကို ရောက်ရှိမှာဖြစ်ကြောင်း သိရှိရပါတယ်”ဟု ဦးဇော်ဌေးက ပြောသည်။

ထက်လျှံ

## အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် မေ ၈**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အထက(၄)၌ ယမန်နေ့ မွန်းတည့် ၁၂ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအထောက်အကူပြုအဖွဲ့က ပုသိမ်ဇီယာဆန် ၇၇ အိတ်၊ နေကြာဆီ တစ်လီတာ ပုလင်း ၆၀၀၊ ကြက်သွန်နီပိဿာ ၆၀၀ နှင့် အာလူး ပိဿာ ၆၀၀ တို့အား ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်လုပ်ငန်းကော်မတီဝင်များနှင့် ရပ်မိရပ်ဖများက လက်ခံရယူခဲ့ကြသည်။

အဆိုပါအလှူခံရရှိသော အခြေခံစားသောက်ကုန်များကို ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့နယ်အတွင်း ဆွမ်းအခက်အခဲရှိသောသံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက် ၃၆ တိုက် နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် ပါဝင်ဆောင်ရွက်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ပြန်လည်ခွဲဝေလှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ထူးထက်(ပြန်/ဆက်)




## ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

**ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင် ၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။**

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*

## လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ညွှန်ကြားချက်အမှတ်၊ ၁/ ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်)

**လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်ကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ် (Genocide Convention) ကို ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး ၁၉၅၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် အတည်ပြုခဲ့သည့်အလျောက် ယင်းနိုင်ငံတကာ သဘောတူစာချုပ်နှင့် အခြားအပြည်ပြည်ဆိုင်ရာ ဥပဒေများအရ လိုက်နာရမည့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် မိမိတို့၏ကွပ်ကဲမှု သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ဝန်ထမ်းများ၊ အရာရှိများ၊ စစ်မှုထမ်းများ၊ အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအနေဖြင့် လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာသဘောတူစာချုပ်၏ အပိုဒ် ၂ နှင့် အပိုဒ် ၃ ပြဋ္ဌာန်းချက်များပါ ပြစ်မှုများကို ကျူးလွန်ခြင်းမပြုစေရန် စီမံဆောင်ရွက်ရမည်။ (အဆိုပါ သဘောတူစာချုပ် အပိုဒ် ၂ နှင့် ၃ တို့၏ ပြဋ္ဌာန်းချက်အပြည့်အစုံကို **နောက်ဆက်တွဲ** အဖြစ် ဖော်ပြထားပါသည်။)

၃။ လူတစ်ဦးဦးကဖြစ်စေ၊ တစ်ဦးထက်ပိုသောသူများကဖြစ်စေ အထက်အပိုဒ် ၂ တွင် ဖော်ပြသည့် ပြစ်မှုကိုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်အားထုတ်ကြောင်း သို့မဟုတ် ကြိုတင်ကြံစည်ကြောင်း သို့မဟုတ် အားပေးလှုံ့ဆော်မှုပြုကြောင်း သို့မဟုတ် အဆိုပါပြစ်မှုကို ပူးပေါင်းကျူးလွန်ကြောင်း ခိုင်လုံသော သတင်းရရှိသူမည်သူမဆို ယင်းကိစ္စရပ်အား ၎င်း၏ အထက်အရာရှိထံမှတစ်ဆင့်ဖြစ်စေ၊ ၎င်းကိုယ်တိုင်ဖြစ်စေ၊ အခြားသင့်လျော်သော နည်းလမ်းဖြင့်ဖြစ်စေ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရမည်။

၄။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် အထက်အပိုဒ် ၂ ပါ ပြစ်မှုများကို ကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော သတင်းအချက်အလက်များကို ယင်း၏ လက်အောက်ခံရုံးများမှ ရရှိပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရမည်။

၅။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် ဤညွှန်ကြားချက်နှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်မှုအခြေအနေနှင့် တိုးတက်မှုအခြေအနေတို့ကို နိုင်ငံတော်သမ္မတရုံးသို့ သုံးလတစ်ကြိမ် အစီရင်ခံစာတင်ပြရမည်။

**အမိန့်အရ**

**ခင်လတ်**
**အမြဲတမ်းအတွင်းဝန်**

**လူမျိုးပြုန်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ် ၂ နှင့် ၃**

**အပိုဒ် ၂**

ယခုစာချုပ်တွင် လူမျိုးပြုန်းစေမှုဆိုသည်မှာ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး သို့မဟုတ် ဘာသာရေးဆိုင်ရာ အုပ်စုစသည်တို့အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သော အောက်ဖော်ပြပါ ဆောင်ရွက်မှုတစ်ခုခုဖြစ်သည်-

(က) အုပ်စုတစ်စု၏အဖွဲ့ဝင်များအား သတ်ဖြတ်ခြင်း၊
(ခ) အုပ်စုတစ်စု၏အဖွဲ့ဝင်များကို စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြင်းထန်သော ထိခိုက်နာကျင်မှုကို ဖြစ်စေခြင်း၊
(ဂ) အုပ်စုတစ်စုတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုဖြစ်စေရန် တွက်ချက်အကွက်ချ၍ ယင်းတို့၏ဘဝရပ်တည်မှုအခြေအနေအား ရည်ရွယ်ချက်ရှိရှိဖြင့် ထိခိုက်စေခြင်း၊
(ဃ) အုပ်စုတစ်စုအတွင်း မွေးဖွားမှုများကို တားမြစ်ပိတ်ပင်ရန် ရည်ရွယ်၍ နည်းလမ်းများချမှတ်ကျင့်သုံးခြင်း၊
(င) အုပ်စုတစ်စု၏ ကလေးများကို အခြားအုပ်စုတစ်စုသို့ အဓမ္မလွှဲပြောင်းခြင်း။

**အပိုဒ် ၃**

အောက်ပါဆောင်ရွက်မှုများကို အပြစ်ပေးရမည်-

(က) လူမျိုးပြုန်းစေမှု၊
(ခ) လူမျိုးပြုန်းစေမှု ကျူးလွန်ရန်ပူးပေါင်းကြံစည်ခြင်း၊
(ဂ) လူမျိုးပြုန်းစေမှု ကျူးလွန်ရန် ညွှန်ကြားခြင်းနှင့် အများပြည်သူအား လှုံ့ဆော်ခြင်း၊
(ဃ) လူမျိုးပြုန်းစေမှု ကျူးလွန်ရန်အားထုတ်ခြင်း၊
(င) လူမျိုးပြုန်းစေမှု ကျူးလွန်ရန် အလိုတူအလိုပါဖြစ်ခြင်း။

## ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်သေအထောက်အထားနှင့် ပစ္စည်းများကို ထိန်းသိမ်းထားရှိရန် ညွှန်ကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၀**
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၈ ရက်)

**ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်သေအထောက်အထားနှင့် ပစ္စည်းများကို ထိန်းသိမ်းထားရှိရန် ညွှန်ကြားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၏ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်း၍ ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များ၊ ယင်းနှင့်သက်ဆိုင်သည့်ကိစ္စများကို စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ခဲ့ရာ ကော်မရှင်က အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင်တင်သွင်းခဲ့ပါသည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ထံပေးပို့လမ်းညွှန်ခဲ့ပြီးနောက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံးတို့သည် ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည့်ဖြစ်စဉ်များကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၃။ အပိုဒ် ၂ ပါရာဇဝတ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုကို ကူညီပံ့ပိုးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ဌာနများ၊ ရုံးများနှင့် ဝန်ထမ်းများအား အောက်ပါတို့ကို ဖျက်ဆီးခြင်းဖြစ်စေ၊ ဖယ်ရှားခြင်းဖြစ်စေ၊ ဖျက်ဆီးခြင်း သို့မဟုတ် ဖယ်ရှားခြင်းကို ခွင့်ပြုခြင်းဖြစ်စေ မပြုရန်တားမြစ်လိုက်သည်-

(က) လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြထားသည့်ဖြစ်စဉ်များအတွက် သက်သေအထောက်အထားဖြစ်စေသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ တစ်ခုခုအတွင်းရှိ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊

(ခ) အောက်ပါတို့နှင့်စပ်လျဉ်း၍ သက်သေအထောက်အထားဖြစ်စေသည့် အရာတစ်ခုခု-
(၁) လူ့အုပ်စုတစ်စု၏အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း၊
(၂) လူ့အုပ်စုတစ်စု၏အဖွဲ့ဝင်များကို စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြင်းထန်သော ထိခိုက်နာကျင်မှုဖြစ်စေခြင်း၊
(၃) လူ့အုပ်စုတစ်စုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုဖြစ်စေရန် အကွက်ဆင်၍ ယင်းတို့၏ ဘဝရပ်တည်မှုအခြေအနေကို ရည်ရွယ်ချက်ရှိရှိဖြင့် ထိခိုက်စေခြင်း၊
(၄) လူ့အုပ်စုတစ်စုအတွင်း ကလေးမွေးဖွားမှုကို တားမြစ်ပိတ်ပင်ရန် ရည်ရွယ်၍ အစီအမံများ ချမှတ်ကျင့်သုံးခြင်း၊
(၅) လူ့အုပ်စုတစ်စု၏ ကလေးများကို အခြားအုပ်စုတစ်စုသို့ အဓမ္မလွှဲပြောင်းခြင်း။

**ရှင်းလင်းချက်။** "လူ့အုပ်စု"ဆိုသည်မှာ ကိုးကွယ်ရာဘာသာ၊ လူမျိုး၊ ဇာတိ၊ ခွဲခြားမှုမရှိစေဘဲ မည်သည့်လူ့အုပ်စုကိုမဆို ဆိုသည်။

၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် အပြီးသတ်အစီရင်ခံစာပါ ဖြစ်စဉ်များ ဖြစ်ပွားသည့်နေရာများ၏ လက်ရှိအခြေအနေကို မှတ်တမ်းတင်ရန်နှင့် စာရင်းပြုစုရန် မြေပြင်တွင်လည်းကောင်း၊ ဂြိုဟ်တုပုံရိပ်များသုံး၍လည်းကောင်း လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများ၊ အသံသွင်းယူချက်များနှင့် အခြားသော သတင်းအချက်အလက်များကို ထိန်းသိမ်းထားရန် ညွှန်ကြားလိုက်သည်။

၅။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် ဤညွှန်ကြားချက်ကို ဖောက်ဖျက်သော မည်သည့်ပုဂ္ဂိုလ်ကိုမဆို သက်ဆိုင်ရာ ဥပဒေနှင့်အညီ လိုအပ်သည့် အရေးယူဆောင်ရွက်မှုပြုရမည်။

၆။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် ဤညွှန်ကြားချက်ကို လိုက်နာရေးအတွက် စီမံဆောင်ရွက်မှုများကို နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံတင်ပြရမည်။

**အမိန့်အရ**

**ခင်လတ်**
**အမြဲတမ်းအတွင်းဝန်**

# မြန်မာနှစ်သစ်တွင် ပြည်သူအားလုံးကျန်းမာကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ဦးတန်ခူးလဆုတ် ၁၀ ရက်(ဧပြီလ ၁၇ ရက်)သောကြာနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ထိုနေ့တွင် မြန်မာနှစ်ဟောင်း ၁၃၈၁ ခုနှစ်မှ ၁၃၈၂ ခုနှစ်ဆိုသော နှစ်သစ်သို့ ကူးပြောင်းမည်ဖြစ်သည်။ ထိုနေ့သည် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် စစ်မှန်သော နှစ်သစ်ကူးနေ့ပင်ဖြစ်သည်။ ထိုနေ့တွင် မင်္ဂလာရှိသောလုပ်ဆောင်မှုများဖြင့်သာ ဖြတ်သန်းသွားမည်ဆိုလျှင် တစ်နှစ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေမည်ဖြစ်သည်။

အမှန်တော့ အချိန်ကုန်ဆုံးမှုသည် မြန်ဆန်လွန်းလှသည်။ တစ်နှစ်ဆိုသောအချိန်သည် မည်သို့မျှမကြာလိုက်ပဲ ကုန်ဆုံးသွားပြီဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှုများကို ထုဆစ်ပုံဖော်နိုင်ကြသူများရှိသလို ကျရှုံးမှုများနှင့် မလွဲသာမရှောင်သာကြုံတွေ့ခဲ့ရသူများလည်း ရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ အထူးသဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဘဝအတွက်အရေးပါသောဆုံးဖြတ်ချက်တစ်ခုခုကို ချမှတ်သွားသင့်သည်။ အရေးကြီးဆုံးအချက်မှာ နှစ်သစ်အတွက်ဆုံးဖြတ်ချက်မချမှတ်သေးမီ နှစ်ဟောင်းကာလတွင် ဆောင်ရွက်နိုင်ခဲ့မှုများကိုလည်း ပြန်လည်သုံးသပ်သွားသင့်ပေသည်။

**ထူးခြားသောမဟာသင်္ကြန်**

ဆိုရလျှင် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နေပြီး သေဆုံးမှုနှုန်းမြင့်မားလျက်ရှိသောကြောင့် ယခုနှစ် မဟာသင်္ကြန်သည် မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးအတွက် တစ်မူထူးခြား လေးနက်နေမည်ဖြစ်သည်။ အမှန်တော့ သင်္ကြန်ဒိုးသံကြားသည်နှင့် ရေမကစားရမနေနိုင်သည့် လူငယ်အားလုံးသည် ယခုနှစ်တွင် ကျန်းမာရေးရှုထောင့်အရ လမ်းမများပေါ်သို့ ထွက်၍ရေမကစားကြတော့ဘဲ အိမ်ထဲ၌သာနေထိုင်ရင်း သင်္ကြန်ကာလကို အဓိပ္ပာယ်ရှိစွာဖြတ်သန်းကြမည်ဖြစ်သည်။ မဟာသင်္ကြန်ကာလတွင် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ကျန်းမာရေးအသိ ကျန်းမာရေးသတိရှိစွာဖြင့် မိမိအိမ်ထဲ၌သာနေထိုင်ခြင်းသည် မိမိကျန်းမာရေးကိုဂရုစိုက်ခြင်းဖြစ်သလို မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်၏ကျန်းမာရေးကို အလေးထားရာလည်း ရောက်ပေသည်။

**အကျိုးရှိစွာဖြတ်သန်းနိုင်**

မည်သို့ပင်ဆိုစေ လူငယ်များလမ်းပေါ်ထွက်၍ ရေကစားခွင့်မရသော်လည်း ယခုနှစ်မဟာသင်္ကြန်ကာလသည် နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အမြတ်ထွက်သည်ဟု ဆိုချင်ပါသည်။ သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်လုံးကို ဒါန၊ သီလ၊ ဘာဝနာ စသည့်မင်္ဂလာရှိသောကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ သုတရသ စာပေများဖတ်ရှုခြင်း၊ အပန်းဖြေဇာတ်လမ်းတွဲများကြည့်ရှုခြင်းဖြင့် အကျိုးရှိစွာဖြတ်သန်းနိုင်ကြမည် ဖြစ်သည်။ အထူးသဖြင့် မိသားစုများနှင့် သိုက်သိုက်ဝန်းဝန်းနေထိုင်နိုင်သည့်အခွင့်အရေးကြီးရရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် တိုင်းပြည်တိုးတက်ရေး အထောက်အကူပြုကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အင်ပြည့်အားပြည့် ပါဝင်လုပ်ဆောင်နိုင်ရန် စိတ်သစ်ခွန်အားသစ်များ ပြည့်နေမည်ဖြစ်သည်။

တချို့သောမြန်မာများက သင်္ကြန်ကာလတွင် နှစ်ဟောင်းမှအညစ်အကြေးများ၊ မကောင်းမှုများ ပပျောက်ကင်းစင်စေရန် ရေပက်ဖျန်းကြသည်ဟုဆိုသည်။ အမှန်တော့ ရေပက်ဖျန်းရုံမျှဖြင့် အညစ်အကြေးကိုဆေးကြောနိုင်မည် မဟုတ်ချေ။ လောဘ၊ ဒေါသ၊ မောဟတို့ကို မည်သည့်ရေပိုက်နှင့်မျှ ထိုး၍မရချေ။ ကိုယ်တိုင်သတိထားဆင်ခြင်တွေးတော၊ ပြောဆို၊ ပြုမူလုပ်ကိုင်မှသာလျှင် လောဘ၊ ဒေါသ၊ မောဟတို့ကို တဖြည်းဖြည်း လျှော့ချသွားနိုင်မည်ဖြစ်သည်။ နှစ်ဟောင်းတွင်အမှောင်ဖုံး၍လွဲမှားစွာပြုမူခဲ့သည်များ ရှိကောင်းရှိနေနိုင်ပေသည်။ ထို့ကြောင့်နှစ်သစ်တွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မကောင်းမှုများကိုဆေးကြောသွားသင့်သည်။ တတ်နိုင်ပါက ကိလေသာမှန်သမျှကို သီလ၊ သမာဓိ၊ ပညာအခြေခံသည့် မဂ္ဂင်ရှစ်ပါးဖြင့်ဆေးကြောသန့်စင်သွားနိုင်ပါသည်။ လက်တွေ့ကြိုးစားလုပ်ဆောင်မည်ဆိုလျှင် ထူးခြားမှုရှိပါသည်။ ပီတိသုခကို လက်တွေ့ခံစားရမည်ဖြစ်သည်။

**မေတ္တာအရင်းခံဖြင့်သာ**

အမှန်တော့ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိပါသည်။ ထို့ကြောင့်နှစ်သစ်တွင် လူတစ်ဦးနှင့် တစ်ဦး၊ ဘာသာတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်းအမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့် မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဧကန်မုချ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ်အေးချမ်းသာယာနေမည် ဖြစ်သည်။

**ဗြဟ္မစိုရ်တရားကိုလက်ကိုင်ထား**

မည်သို့ပင်ဆိုစေ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေ စုဆောင်းကြရာတွင် စိတ်ကောင်းရှိဖို့လိုပါသည်။ အရာရာတွင် ကိုယ်ချင်းစာတရားလက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဗြဟ္မစိုရ်တရားကိုလက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်ပေသည်။

**စိတ်ကူးအိပ်မက်ရှိဖို့လို**

နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

ဆိုရလျှင် လူတစ်ဦးသည် လွန်ခဲ့သည့် တစ်နှစ်လုံးတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေးစသည့် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုတစ်စုံတစ်ရာမျှမရရှိခဲ့ဘူးဆိုလျှင် ထိုသူသည် တစ်နှစ်ဆိုသော အချိန်ကာလကို အကျိုးမဲ့ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။ အမှန်တော့ မနားမနေ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်မှုဆိုသောအရာကို ဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ စင်စစ်အားဖြင့် မျက်မှောက်ခေတ်ကြီးတွင် ပျင်းရိလေးလံတွေဝေထိုင်းမှိုင်းနေသောသူများအတွက် နေရာမရှိတော့ပေ။ အထူးသဖြင့် တန်ဖိုးရှိသောအချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းမရှိသူများသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာနှစ်သစ်တွင် အချိန်မဖြုန်းတော့ဘဲ ကိုယ်စီအလုပ်လုပ်ကြရတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှုမရရှိခဲ့သည့်တိုင်အောင် နှစ်သစ်အတွက် ခွန်အားများမွေးမြူသွားကြရမည်ဖြစ်သည်။ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လူ့အသိုက်အဝန်းတစ်ခုချင်းမှသည် တိုင်းပြည်တိုးတက်ရေးကို ရည်မှန်းလျက် ကြိုးပမ်းသွားရန် လိုအပ်မည်ဖြစ်သည်။ လူတိုင်းတွင် လုပ်ဆောင်နိုင်သည့်စွမ်းအားများ ကိုယ်စီရှိနေပါသည်။ လုပ်မည်ဆိုလျှင် အောင်မြင်မှုသည် လက်တစ်ကမ်းတွင် ရှိနေသည်။ ထို့ကြောင့် နှစ်သစ်တွင် အောင်မြင်မှုတစ်ခုခုကိုရရှိအောင်ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များကို ကိုယ်စီမက်ထားဖို့လိုပါသည်။

**မြန်မာနှစ်သစ်တွင် ပြည်သူအားလုံးကျန်းမာကြပါစေ**

မည်သို့ပင်ဆိုစေ မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုးဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာယူပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကိုအကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊စီးပွားရေး၊လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းသည် နှစ်သစ်တွင် လူမှုစီးပွားဘဝများတိုးတက်စေရန်အတွက် အချိန်ကုန်အကျိုးရှိစွာ အသုံးချသွားဖို့လိုပါသည်။ အချိန်တိုင်း စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေသူ တစ်ဦးသည် တိုးတက်အောင်မြင်မှုများကို လက်ဝယ်ပိုင်ပိုင်ဆုပ်ကိုင်နိုင်လေ့ရှိသည်။ ထိုသို့အချိန်ကို တန်ဖိုးထားတတ်သည့်ပြည်သူများ မှီတင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးတွင် ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို ကမ္ဘာတည်သရွေ့ ထာဝစဉ်ထိန်းသိမ်းထားနိုင်မည်မှာ အသေအချာပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနှစ်သစ်တွင် နိုင်ငံသူ နိုင်ငံသားအားလုံ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး အန္တရာယ်မှလွတ်ကင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာသည့် ပျော်ရွှင်ချမ်းမြေ့သောဘဝများကို တည်ဆောက်သွားနိုင်ကြပါစေ။ ။

**မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုးဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာယူပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်**

# နေပြည်တော်ကောင်စီ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၈**

နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

ရှေးဦးစွာ နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ကော်မတီမှ ပေးအပ်လာသည့် တာဝန်များကို ကော်မတီအဖွဲ့ဝင်များက အလေးအနက်ထားပြီး လုပ်ဆောင်ကြရန်လိုကြောင်း၊ နေပြည်တော်အတွင်း ပြည်ပမှနေရပ်သို့ ပြန်လည်ဝင်ရောက်လာသူများအား Facility Quarantine ၁၄ ရက် စောင့်ကြည့်ခြင်းလုပ်ငန်းများကို နေပြည်တော်စည်ပင်ရိပ်သာ၊ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် ဆေးရုံများတွင် ဆောင်ရွက်လျက်ရှိပြီး ထားရှိသည့် သတ်မှတ်နေရာများ စီမံဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ကော်မတီ၏ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးနှင့် နေပြည်တော်ကောင်စီ အတွင်းရေးမှူးတို့က Contact Tracing နည်းလမ်းများနှင့် လုပ်ဆောင်ချက်များ၊ Community Base နေရာများ သတ်မှတ်ခြင်း၊



သီးသန့်ထားရှိမည့် ယာယီဆေးရုံများသတ်မှတ်ပေးခြင်း၊ ရိက္ခာများ စီမံခန့်ခွဲခြင်း၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးအစီအမံများ၊ လှုံ့ဆော်ပြန်ကြားရန်ကိစ္စရပ်များ၊ စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်ရန်ကိစ္စ၊ လူမှုရေးအဖွဲ့အစည်းများ၊ Volunteerများ၊ ကျန်းမာရေးကိစ္စရပ်များ၊ ဈေးဆိုင်များကြီးကြပ်ဆောင်ရွက်ရန်ကိစ္စများနှင့် သန့်ရှင်းရေးကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# Channel K ရုပ်သံလိုင်းက သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ပုံမှန်ပြသနေသည့်အစီအစဉ်များအပြင် အစီအစဉ်သစ်များ ထုတ်လွှင့်ပြသသွားမည်

သီသီမင်း

ရန်ကုန် မေ ၈

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၏ Content Provider တစ်ခုဖြစ်သည့် Channel K ရုပ်သံလိုင်းက ယခုနှစ် သင်္ကြန်ကာလရုံးပိတ်ရက်များတွင် ကြည့်ရှုအားပေးသူပရိသတ်များအတွက် ပုံမှန်ထုတ်လွှင့်နေကျ အစီအစဉ်များအပြင် ထူးခြားဆန်းသစ်သည့် အစီအစဉ်သစ်များကို မေ ၁၃ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ '' အခု လက်ရှိမှာ အေးမြတ်သူ ခရီးသွား Solo Myanmar အစီအစဉ်ကို စနေပါပြီ။ နောက်ထပ်လည်း Chit Chat with Ni Ni ဆိုတဲ့ အစီအစဉ်သစ်လေး တစ်ခုကိုလည်း ထုတ်လွှင့် တင်ဆက်ဖို့ လုပ်နေပါတယ်။ ရုံးပိတ်ရက်တွေမှာ အိမ်မှာပဲနေကြမယ့် ပြည်သူတွေ အားလုံးအတွက် ဖျော်ဖြေရေးအစီအစဉ်တွေကို ထည့်ထားတာပါ။ ရုပ်သံဇာတ်လမ်းတွဲတွေကတော့ ပုံမှန်အတိုင်းပြသွားမှာပါ '' ဟု Channel K ရုပ်သံလိုင်းမှ တာဝန်ရှိသူ ဒေါ်ခင်နီတာထွန်းက ပြောသည်။




## နှစ်သစ်ကူး ရုံးပိတ်ရက်များအတွက် Chit Chat with Ni Ni အစီအစဉ်

ပရိသတ်များ၏ အချစ်တော် နာမည်ကျော် အဆိုတော် နီနီခင်ဇော်က သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်ဖွယ်ရာ Game များဆော့ကစားခြင်း၊ သိလိုသမျှ မေးမြန်းမှုများဖြေကြားခြင်းနှင့် ဖိတ်ခေါ်ထားသည့် အနုပညာရှင်များ၏ ပါဝင်ဖျော်ဖြေမှုများကို ကြည့်ရှုခံစားရမည့် Chit Chat with Ni Ni အစီအစဉ်ကို Channel K ရုပ်သံလိုင်းတွင် တင်ဆက်ပေးသွားမည်ဖြစ်သည်။

၎င်း Chit Chat with Ni Ni အစီအစဉ်ကို မေ ၁၃ ရက်မှ စတင်ကာ အပတ်စဉ် (တနင်္လာနေ့) ညနေ ၅ နာရီခွဲတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး သောကြာနေ့ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထုတ်လွှင့် ပြသမည်ဖြစ်သည်။

## စိတ်ဝင်စားဖွယ် အကြောင်းအရာများဖြင့် Solo Myanmar အစီအစဉ်

နှစ်သစ်ကူးကာလတွင် မိမိအိမ်တွင်နေထိုင်ရင်း သာယာလှပသည့် ရေမြေတောတောင် သဘာဝအလှတရားများ၊ စိတ်ဝင်စားဖွယ်ကောင်းလှသည့် လူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှု၊ ရှင်သန်ရပ်တည်မှု၊ ထူးခြားဆန်းပြားမှုများ၊ သမိုင်းဝင်အမွေအနှစ်တို့ တည်ရှိရာနေရာဒေသများ၊ သွားရောက်လည်ပတ်ချင်စရာကောင်းလှသည့် နေရာဒေသများ၊ ရိုးသားပွင့်လင်းမှုများနှင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် စွန့်စားမှုပြကွက်များကို ကြည့်ရှုခံစားနိုင်မည့် အေးမြတ်သူ ခရီးသွား Solo Myanmar အစီအစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့ ည ၇ နာရီတွင် ပြသလျက်ရှိပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထုတ်လွှင့်ပြသပေးမည်ဖြစ်သည်။







## သင်္ကြန်ကာလအထူးအစီအစဉ် 10 AM Show အစီအစဉ်အသစ်

နောက်ထပ် အထူးအစီအစဉ်အနေဖြင့် မေလအတွင်း ပြသရန် စီစဉ်ထားသည့် 10 AM Show အစီအစဉ်သစ်အား Channel K Facebook Page တွင် မေ ၁၃ ရက်မှ ၁၆ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီတွင် တင်ဆက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် ခေတ်နှင့်အညီ ထွက်ပေါ်လာသည့် နည်းပညာအသစ်အဆန်းများအကြောင်း၊ အမျိုးသားများအတွက် Fashion၊ Make -up နှင့် အသားအရေထိန်းသိမ်းမှုဆိုင်ရာ အကြောင်းအရာများ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ကျန်းမာ၊ ကြံ့ခိုင်မှုရှိစေမည့် လေ့ကျင့်နေထိုင်နည်းများ၊ အမျိုးသမီးငယ်လေးများအတွက် Fashion ၊ မိတ်ကပ်နှင့် အသားအရေထိန်းသိမ်းမှုဆိုင်ရာ အကြောင်းအရာများ၊ ကလေးငယ်လေးများဖွံ့ဖြိုးမှုဆိုင်ရာ အရေးပါသည့် အချက်အလက်များ ၊ အားကစား လှုပ်ရှားမှုများနှင့် သင်တန်းဆရာများ၏ လေ့ကျင့်သင်ကြားပေးမည့် ကျန်းမာလှပခြင်းဆိုင်ရာ နည်းလမ်းကောင်းများ အစရှိသည့် အမျိုးအစားစုံလင်သည့် အစီအစဉ်ကောင်းများကို Channel K ရုပ်သံလိုင်းတွင် အပတ်စဉ် တနင်္လာမှ သောကြာနေ့အထိ နံနက် ၁၀ နာရီတွင် နယ်ပယ်အသီးသီးမှ အောင်မြင်ကျော်ကြားသူများနှင့်အတူ တင်ဆက်ပေးသွားမည်ဖြစ်သည်။

## မြန်မာနှင့် နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများ

ထို့ပြင် မေ ၁၃ ရက် ည ၁၀ နာရီတွင် တန်ခူးရင်ခွင်၊ မေ ၁၄ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ကညာပျိုနဲ့ဇရာအို၊ မေ ၁၅ ရက် ည ၁၀ နာရီတွင် မောင်တို့ချယ်ရီမြေ စသည့် မြန်မာဇာတ်ကားကောင်းများကို ပြသပေးမည်ဖြစ်သည်။

Channel K ရုပ်သံလိုင်းမှ ပြသနေဆဲ ဇာတ်လမ်းတွဲများအနက် ပရိသတ်အကြိုက်တွေ့နေသည့် ကဝေပျိုရဲ့အမုန်း (အိန္ဒိယ ဇာတ်လမ်းတွဲ)၊ ခရီးသွားထက်က ပျားရည် (ဖိလစ်ပိုင် ဇာတ်လမ်းတွဲ)၊ တော်ဝင်ပန်းတစ်ပွင့်ဒဏ္ဍာရီ (တရုတ် ဇာတ်လမ်းတွဲ) စသည့် ပြသနေဆဲ ဇာတ်လမ်းတွဲများအပြင် အိန္ဒိယ ဇာတ်လမ်းတွဲဖြစ်သည့် ရာဇဝင်ထဲက မောရိယ ဇာတ်လမ်းတွဲသစ်ကို မေ ၂၀ ရက်မှစ၍ ပြသသွားရန် စီစဉ်ထားပြီဖြစ်သည်။









မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း

ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေကို လုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ကယောက်ကယက်ဖြစ်ပြီးတော့ အသက်တိုကြရတာ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ ဘဝဆိုတာဟာ တကယ့်ကိုနုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကို လျှောက်ရတဲ့ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ကျွန်တော်တို့ ရှားရှားပါးပါးနဲ့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက် ရှိပါတယ်။ သူကတော့ အခုကျွန်တော်နဲ့ဆွေးနွေးမယ့်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကို ပြောရမယ်ဆိုရင်တော့ အခုဆိုရင် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများ သိကြ၊ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှ ဖြစ်ပါတယ်။

(၄-၄-၂၀၂၀ ရက်နေ့မှ အဆက်)

**ကြည်စိုးထွန်း။** ။ရေထဲကို မဟုတ်ဘဲနဲ့ မြေကြီးပေါ်မှာဆိုတော့ တိုက်ပေါ်ကနေ မြေကြီးပေါ်ကို။

**ဒိုင်ဗင်တင်လှ။** ။ဘုရင့်ရုံပေါ်က နောက်ကျွမ်းဒိုင်ဗင် အောက်မှာ သဲအိတ်တွေ၊ မြေကြီးအိတ်တွေခံ၊ ဘာမှမခံနဲ့။ အသားလွတ်ထိုးတာ။

**ကြည်စိုးထွန်း။** ။နောက်ကျွမ်းကို အခု ဘုရင့်ရုပ်ရှင်ရုံပေ့ါ။ မြို့ထဲက ဗိုလ်ချုပ်လမ်းက ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဘုရင့်ရုံ အဲဒီကနေပြီးတော့ ပေါ်တီကိုအောက်ပေ့ါ။

**ဒိုင်ဗင်တင်လှ။** ။နောက် တခြားတိုက်တွေ အိမ်တွေပေါ်က ပေါ်တီကိုတွေပေါ်က ဒိုင်ဗင်၊ အောက်မှာ ပိုက်ခံမလား၊ အိတ်ခံမလား၊ မခံနဲ့။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ဒါခံလို့ရှိရင်တော့ လူတိုင်းထိုးလို့ရတာပေ့ါ။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။အဲဒါ အဘအသားလွတ်ထိုးတာ။

**ကြည်စိုးထွန်း။** ။ထိုးတော့။

**ဒိုင်ဗင်တင်လှ။** ။အဲဒါနဲ့ ဒိုင်ဗင်ဘွဲ့ပေးတာ သူတို့ ။

**ကြည်စိုးထွန်း။** ။ဩော် အောက်ကိုကျတော့ အဘဘယ်လိုလုပ်လိုက်လဲ ခြေထောက်နဲ့ချ။



ဘုရင့်ရုံ



ဒိုင်ဗင်တင်လှ



ဒါရိုက်တာ ဦးဘဇင်



အေဝမ်းမေသန်း

**ဒိုင်ဗင်တင်လှ။** ။ခြေထောက်နဲ့ ချတာ။ (ထိုင်လျက်မှကျပုံ လုပ်ပြ) ဒီလိုခြေထောက်နဲ့ကျတာ။

**ကြည်စိုးထွန်း။** ။ဒီတော့ ဒီခြေထောက်တွေ မနာဘူးလား။

**ဒိုင်ဗင်တင်လှ။** ။မနာဘူး။

**ကြည်စိုးထွန်း။** ။ဩော် လေ့ကျင့်ထားတာပေ့ါ။

**ဒိုင်ဗင်တင်လှ။** ။လေ့ကျင့်ထားလို့။

**ကြည်စိုးထွန်း။** ။ဩော်နောက်ကျွမ်းဆိုလည်း ခြေထောက်နဲ့ပဲ ဖတ်ခနဲကျတယ်။ ဒီလိုဝရန်တာကို ကျော်ထိုးတဲ့အခါကျတော့လည်း တစ်ပတ်ကျွမ်းနဲ့ ဟိုဘက်မှာ တစ်ခါ ခြေထောက်နဲ့ ပြန်ကျတယ်။

**ဒိုင်ဗင်တင်လှ။** ။ရေထဲကျတော့ ဒီလိုထိုးရတာ (လက်ဟန်ပြပြီးပြော)

**ကြည်စိုးထွန်း။** ။အဘတို့က နေပြီးတော့ ရုပ်ရှင်တွေထဲ အဲဒီလိုထိုးကြရော ဒိုင်ဗင်တွေ ထိုးပြတယ်မှတ်လား။ ဟာ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဒိုင်ဗင်သိပ်ထိုးချင်တာ။ ထိုးချင်တော့ တစ်ခါတည်း ကျွန်တော်တို့မြို့က မူးချောင်းလေးရှိတယ်။ အဲဒီမူးချောင်း တံတားပေါ်ကနေ ကျွန်တော်တို့က အဘတို့ ထိုးသလိုထိုးတာပေ့ါ။

**ဒိုင်ဗင်တင်လှ။** ။တော်တော်အထိနာကုန်ကြတာပေ့ါ။

**ကြည်စိုးထွန်း။** ။တစ်ခါတလေကျတော့ ခြေထောက်နဲ့မကျဘူး။ ကျောနဲ့ကျတာ ဗွမ်းဆို။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။အများကြီးပဲ အဲဒီကျွန်တော်တို့ ငယ်ငယ်တုန်းက၊ ခေတ်တုန်းကဆိုရင် ကျွန်တော်တို့ အစ်ကိုတွေရော၊ ကျွန်တော့်အစ်ကို သူငယ်ချင်းတွေရော ညနေညနေဆို ချောင်းတံတားလေးပေါ်မှာ ဒိုင်ဗင်ကျင့်ကြကာ အဲဒါအဘတို့ကို အားကျပြီးတော့ ကျင့်ကြတာ။

**ဒိုင်ဗင်တင်လှ။** ။ဒါပေ့ါ ဒါပေ့ါ။

**ကြည်စိုးထွန်း။** ။တချို့လည်း ကျောတွေဘာတွေ ကိုင်ပြီးတော့၊ နာပြီးတော့ ပြန်ကြရတာ ကျွန်တော်ကတော့ ခဏခဏ အရိုက်ခံရတယ်။ အိမ်ရောက်ရင် ရေသွားချိုးလို့ဆိုပြီးတော့ အိမ်က ရိုက်တာပေ့ါ၊ အဘတို့ကျေးဇူးတွေပေ့ါ အဘရယ်။ အဲဒီတုန်းက ဒိုင်ဗင်ထိုးတယ်ဆို ဒိုင်ဗင်ကိုယ်က ထိုးချလိုက်တဲ့အခါမှာ သူကကော့ပြီးတော့ ကျသွားတာတွေ ဘာတွေက ရိုက်လဲရိုက်တတ်တယ်၊ အခုတော့ မတွေ့တော့ဘူးအဘရဲ့ အဲဒါမျိုးတွေ အခုခေတ်မှာ။

**ဒိုင်ဗင်တင်လှ။** ။အခု အဘဆင်းလို့ရတယ်လေ။

**ကြည်စိုးထွန်း။** ။ဟုတ်လား။

**ဒိုင်ဗင်တင်လှ။** ။ဘုရင့်နောင်တံတား အခု ထိုးလို့ရတယ်။

**ကြည်စိုးထွန်း။** ။ဘုရင့်နောင်တံတားကို။

**ဒိုင်ဗင်တင်လှ။** ။အောက်မှာ လှေတစ်စင်းပဲထား။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။





## တွေ့ဆုံမေးမြန်း
## ဒါရိုက်တာ ကြည်စိုးထွန်း

**ဒိုင်ဗင်တင်လှ။** ။ဒိုင်ဗင်ထိုးပြီးတော့ ရေကူးပြီးတော့ လှေပေါ်တက်သွားလိုက်မယ်။

**ကြည်စိုးထွန်း။** ။ဟုတ်ပါပြီအဘရယ် အဲဒီတုန်းကတွဲခဲ့ရတဲ့ မင်းသားတွေက ဘယ်သူတွေလဲ အဘနဲ့အတူတူတွဲရိုက်တဲ့ မင်းသားတွေက။

**ဒိုင်ဗင်တင်လှ။** ။ခုနက ရဲချစ်တို့ ဘာတို့လေ။

**ကြည်စိုးထွန်း။** ။ဩော် ရဲချစ်၊ နောက်အဘရဲ့ ဆရာတင်ဖေ။

**ဒိုင်ဗင်တင်လှ။** ။ရဲချစ်တို့ လက်သီးမောင်မောင်တို့၊ သူတို့နဲ့ ထိုးရတယ်။

**ကြည်စိုးထွန်း။** ။ထိုးတော့တကယ်ထိလား၊ အဲဒီတုန်းက။

**ဒိုင်ဗင်တင်လှ။** ။ထိုးတာ ထိတာပေ့ါ။

**ကြည်စိုးထွန်း။** ။ဟုတ်လား တကယ်ထိုးတာပဲ။

**ဒိုင်ဗင်တင်လှ။** ။နှစ်နေရာရှိတယ်။ ရင်ဝနဲ့ ဒီကို (လည်ပင်း) ထိရင် နှစ်ယောက် အဲဒါနောက်ကောက်ကျရော။ ဒီမှာ (ဝမ်းဗိုက်နေရာ) အရေးကြီးတယ်။ ဒီမှာ (မေးစေ့နေရာ) အရေးကြီးတယ်။ အားပါးတရ ချလိုက်ရင်သွားရော မေ့ရော။

**ကြည်စိုးထွန်း။** ။အဘက ဘောက်ဆင်လည်း ထိုးဖူးတယ်ထင်တယ်နော်။

**ဒိုင်ဗင်တင်လှ။** ။boxer သမားပဲလေ။

**ကြည်စိုးထွန်း။** ။ဟုတ်လား။

**ဒိုင်ဗင်တင်လှ။** ။အဘက Cup တွေဘာတွေ ရပြီးပြီ ငယ်ငယ်တုန်းက ။

**ကြည်စိုးထွန်း။** ။ရုပ်ရှင်ထဲကို မဝင်ခင်တုန်းကပေ့ါ။ လက်ဝှေ့က။

**ဒိုင်ဗင်တင်လှ။** ။ရုပ်ရှင်ပြီးတော့မှ အပြင်မှာလည်း ထိုးတာ။

**ကြည်စိုးထွန်း။** ။ဩော် ဟုတ်ကဲ့။ အဘက ဆယ့်ငါးနှစ်သားလောက်မှာ ရုပ်ရှင်ထဲဝင်ဖြစ်တာလား။

စာမျက်နှာ ၉ သို့ +

✛ စာမျက်နှာ ၈ မှ

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ နေဦး တပ်ထဲက ဘယ်အချိန်ဝင်တာလဲ၊ အခုဒီမှာ တံဆိပ်တွေက ဘာတွေလဲပြောပါဦး ကျွန်တော့်ကို။

**ဒိုင်ဗင်တင်လှ။** ။ အဲဒါတွေက အဘတို့ အင်္ဂလိပ်စစ်တပ်ကနေလာပြီး ဗမာသနက (၁) ကိုစဝင်တာ သေနတ်ကိုင် တပ်ရင်း(၁)။

**ကြည်စိုးထွန်း။** ။ ပထမ အင်္ဂလိပ်စစ်တပ်ထဲကို ဝင်သေးတာ။

**ဒိုင်ဗင်တင်လှ။** ။အင်္ဂလိပ်စစ်တပ်ပြီးတော့မှ ဒီဘက်ဝင်လာတာ။

**ကြည်စိုးထွန်း။** ။ ဝင်လာတော့ တပ်ထဲက ထွက်ပြီးတော့မှ ရုပ်ရှင်ထဲဝင်တာလား။

**ဒိုင်ဗင်တင်လှ။** ။ ရုပ်ရှင်ထဲဝင်တာ။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ကောင်းပါတယ်၊ အခုအတိုင်းကောင်းပါတယ်နော်၊ ဟုတ်ပြီ ကောင်းပြီ အဘ၊ ဒီဟာက ဘာတံဆိပ်လဲ စစ်မှုထမ်းတံဆိပ်လား။

**ဒိုင်ဗင်တင်လှ။** ။ ဒါတွေက long service တွေပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ။ တပ်ထဲမှာ ဘယ်လိုနေရာမှာ အမှုထမ်းခဲ့လဲ။

**ကြည်စိုးထွန်း။** ။ ထွက်လိုက်တာကိုး။

**ဒိုင်ဗင်တင်လှ။** ။ နို့မို့ ဗိုလ်ဖြစ်တာပေါ့။

**ကြည်စိုးထွန်း။** ။ မင်းသားလုပ်ဖို့ ရုပ်ရှင်ဝါသနာပါလို့ ထွက်လိုက်တာလား။

**ဒိုင်ဗင်တင်လှ။** ။ ဝါသနာ သိပ်ပါတာပေါ့။ ရုပ်ရှင်ရူးတဲ့အတွက် နို့မို့ ဝင်ဒါမီယာမှာနေရမှာ။

**ကြည်စိုးထွန်း။** ။ မနေပါနဲ့၊ ကောင်းပါတယ် ခုအတိုင်းကောင်းပါတယ်။

**ဒိုင်ဗင်တင်လှ။** ။ တိုက်တွေ၊ တိုက်ခန်းတွေ ဘာတွေပေးတယ်။ အဘစားဖို့ ရောင်းစားလိုက်တော့ကုန်ပြီ အခုတော့ အိမ်ငှားနေရတာပေါ့။ သမီးနဲ့နေရတာ။

**ကြည်စိုးထွန်း။** ။ စိတ်ချမ်းချမ်းသာသာရှိဖို့ အရေးကြီးတယ်၊ စိတ်ချမ်းသာဖို့ အရေးကြီးတယ်၊ အဘစိတ်ချမ်းသာတာပဲနော်။

**ဒိုင်ဗင်တင်လှ။** ။ အနန္တော အနန္တငါးပါးကို မမေ့ဘူး၊ အမြဲသတိရတယ် အမြဲစိတ်ချမ်းသာတယ်။

**ကြည်စိုးထွန်း။** ။ကဲ အဲဒီတော့ တပ်ထဲကနေပြီးတော့ ထွက်ပြီးတော့ ရုပ်ရှင်ထဲကို ဝင်တာလား။

**ဒိုင်ဗင်တင်လှ။** ။ ရုပ်ရှင်ထဲဝင်တာ။

**ကြည်စိုးထွန်း။** ။ ရောက်သွားပြီ အဲဒီအခါ ပထမဆုံးကားက ဘာ




**ဒိုင်ဗင်တင်လှ။** ။ Burma Army BAC မှာ အင်စပတ်တာ ဆရာကြီးပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ နည်းပြဆရာပေါ့။

**ဒိုင်ဗင်တင်လှ။** ။ Burma Army centre School မှာ။ ဆရာကြီး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ သြော်အဲဒီမှာ ဆရာကြီး ၊ အဲဒါဘယ်နှနှစ် လောက်ကြာလဲ။

**ဒိုင်ဗင်တင်လှ။** ။ ကြာတာတော့တော်တော်ကြာတယ်၊ တိုက်ပွဲတွေ ဘာတွေပြီးတဲ့အထိ ပြီးလို့ပေါ့၊ ခလရ (၁၁) မှာ တစ်ခါတပ်အသစ်ဖွင့်တော့ အဘဆရာသွားလုပ်ရသေးတယ်။

**ကြည်စိုးထွန်း။** ။ ရာထူးက ဘယ်လောက်အထိရလဲ ရာထူးက။

**ဒိုင်ဗင်တင်လှ။** ။ ရာထူးက အရာခံဗိုလ် လောက်ရှိတယ်။

**ကြည်စိုးထွန်း။** ။ သြော် အရာခံဗိုလ် လောက်ရတယ်။

**ဒိုင်ဗင်တင်လှ။** ။ အဲဒီကပြီးမှ။

ကားလဲ။

**ဒိုင်ဗင်တင်လှ။** ။ ‘သူပုန်မ’ လား ဘာလား မပြောတတ်ဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်လား ‘သူပုန်မ’ က ဒါရိုက်တာ ဦးဘဇင်။ တင်ဆွေနဲ့ မေဆန်း၊ မေဆန်းနဲ့ အေဝမ်းက မေသန်း။

**ဒိုင်ဗင်တင်လှ။** ။ ကိုတင်ဖေနဲ့လည်း စပြီးတွဲတယ်။

**ကြည်စိုးထွန်း။** ။ ပထမကားကို ကောင်းကောင်း မမှတ်မိတော့ဘူးပေါ့နော်။

**ဒိုင်ဗင်တင်လှ။** ။ မမှတ်မိတော့ဘူး။

**ကြည်စိုးထွန်း။** ။ “သူပုန်မ” ဖြစ်ချင်ဖြစ်မယ်နော်၊ “သူပုန်မ” ဖြစ်ဖို့များတယ်ပေါ့နော်။

**ဒိုင်ဗင်တင်လှ။** ။ “စောရသက်ပြင်း”။

**ကြည်စိုးထွန်း။** ။နောက်တစ်ခါ ‘စောရသက်ပြင်း’၊ ‘စောရသက်ပြင်း’ ကျတော့ ခေါင်းဆောင်မင်းသားဖြစ်သွားပြီနော်၊ ခင်စန်းရီတို့၊ ဆွေဆွေသန်းတို့၊ စံရွှေတို့နဲ့ တွဲပြီးတော့နော်၊ ဒါရိုက်တာ မောင်လှတင်နဲ့





ဒါရိုက်တာ မောင်လှ တင်က ဆရာရင်းပေါ့ ဟုတ်လား။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်တာပေါ့။

**ကြည်စိုးထွန်း။** ။ အဲဒါလေးရိုက်ပြီးတော့နော် ရိုက်ပြီးတာနဲ့ အဘက အသံထွက်ကို။

**ဒိုင်ဗင်တင်လှ။** ။ အသံထွက်လည်းပါတယ်၊ အသံထွက်လည်းဝင်လာပြီ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့ ‘လင်းလုရောင်ခြည်’ မှာ အသံထွက်ဖြစ်သွားပြီနော် အဲဒီလိုရိုက်ခဲ့တယ်။ အဲဒီတော့ အတွေ့အကြုံတွေ ပြောပါဦး၊ အဲဒီမှာ ရုပ်ရှင်ထဲမှာ အခက်အခဲတွေ၊ ဒါမှမဟုတ် ပျော်စရာကောင်းတာတွေ ဘာတွေရှိလဲ ပြောပါဦး။

**ဒိုင်ဗင်တင်လှ။** ။ အသံထွက်ကျတော့ နည်းနည်း အရေးကြီးသွားပြီ။ သူက စကားပြောရတာကို စကားပြောကောင်းမှ။ မကောင်းရင်မရဘူး။ အသံတိတ်တုန်းကတော့ ကိုယ်ပြောချင်ရာ ပြောလို့ရတယ်။

**ကြည်စိုးထွန်း။** ။ မှားလည်းကိစ္စမရှိဘူး။

**ဒိုင်ဗင်တင်လှ။** ။သူတို့က စာသူ့ဘာသာရေးတာကိုး။ အသံထွက်ကျတော့ သေချာပီပီသသနဲ့ ပြောရတယ်။ မှားလို့မရဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အဲဒီတော့ ဖိုက်တင်ခန်းတွေ ဘာတွေတော့ ကိုယ်ကလေ့ကျင့်ထားတယ်။ ကိုယ်ကလက်ဝှေ့သမားလည်း ဖြစ်တယ်၊ ဒိုင်ဗင်သမားလည်း ဖြစ်တယ်ဆိုတော့ ဖိုက်တင်ခန်းကတော့ အိုကေ။

**ဒိုင်ဗင်တင်လှ။** ။ ဖိုက်တင်ခန်း ကတော့ အိုကေပေါ့။

**ကြည်စိုးထွန်း။** ။ မင်းသမီးနဲ့တွဲရတဲ့ အခန်းလေးပြောစမ်းပါဦး၊ မင်းသမီးနဲ့ ချစ်ခန်းကြိုက်ခန်းကျတော့ ဘယ်လိုလုပ်လဲ။

**ဒိုင်ဗင်တင်လှ။** ။ မင်းသမီး ကတော့။ တကယ်ဖက်တယ်။

**ကြည်စိုးထွန်း။** ။ ကိုယ်က စိတ်ရဲတင်းတော့ အဘကဝါသနာကို ပါတာလား၊ အဲဒီလိုက ဝါသနာကိုပါပြီးတော့ ချစ်ခန်းကြိုက်ခန်းဝါသနာပါတာလား၊ ကြောက်ကြောက်ရွံ့ရွံ့နဲ့ လုပ်ရတာလား၊ စိတ်ပါလက်ပါ လုပ်တာလား။

**ဒိုင်ဗင်တင်လှ။** ။ ပါတာပေါ့ စိတ်ပါတာပေါ့။

**ကြည်စိုးထွန်း။** ။ စိတ်ပါလက်ပါကို လုပ်တာ အဘက ဒါဖြင့် ထိုးခန်းကြိတ်ခန်းလည်း ရတယ်၊ ချစ်ခန်းကြိုက်ခန်းမှာလဲ ဒူးမတုန်ဘူး။

**ဒိုင်ဗင်တင်လှ။** ။ မတုန်ဘူး မတုန်ဘူး။

**ကြည်စိုးထွန်း။** ။ သြော် အဘ ဒါဖြင့် တော်တော်ကိုနှစ်ဖက်စလုံး ဖြစ်

တာပေါ့နော်၊ သီချင်းတွေ ဘာတွေကော ဆိုဖူးလား။

**ဒိုင်ဗင်တင်လှ။** ။ သီချင်းဆိုတာ ရတယ်။ သီချင်းလည်း ရတယ်။ ပြဇာတ်တွေဘာတွေကျတော့ သီချင်းဆိုရတာပေါ့။ ပြဇာတ်မင်းသားလည်း လုပ်စားသေးတယ်။

**ကြည်စိုးထွန်း။** ။ ပြဇာတ်မင်းသား အဲဒါက အဘဇာတ်တွေနဲ့ လုပ်တာလား ရုပ်ရှင်အဖွဲ့နဲ့ လုပ်တာလား။

**ဒိုင်ဗင်တင်လှ။** ။ ရုပ်ရှင်မင်းသားဆိုတော့ ဇာတ်ထဲက ခေါ်တယ်။ ပုသိမ်က ဦးစိန်သော်သား။ နယ်လှည့်ပြီးတော့ ဇာတ်ထဲမှာ ကရတယ်။ ရှေ့ပိုင်းပြဇာတ်မင်းသားပေါ့။ အဲဒီတော့စုံတွဲပဲ သီချင်းပါဆိုရတယ်။

**ကြည်စိုးထွန်း။** ။ သြော် အဲဒီမှာ သီချင်းဆိုတယ်ပေါ့ ပြဇာတ်တွေ မှာ။

**ဒိုင်ဗင်တင်လှ။** ။ သီချင်းတောင်မေ့ကုန်ပြီ ခါတိုင်းကတော်တော်လေး ဆိုနေသေးတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား နည်းနည်း

**ဒိုင်ဗင်တင်လှ။** ။ ဓမ္မာရုံမှာ အဘအသက် အကြီးဆုံးပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ အဘထက်ငယ်တဲ့ အဘိုးကြီးတွေ ဒီလိုသွားနေရတာ (ခါးကုန်းတောင်ဝှေး ကိုင်သလိုလုပ်ပြ)

**ကြည်စိုးထွန်း။** ။ ဘယ်နှခုနှစ်မှာ မွေးတာလဲ အဘ။

**ဒိုင်ဗင်တင်လှ။** ။ ခုနှစ်က ၉ - ၇- ၁၉၁၆။

**ကြည်စိုးထွန်း။** ။ သြော် ဒါဖြင့် ၉၄ နှစ်ထဲရောက်နေတာပေါ့။ ရက်ပိုင်းလေးရောက်နေတာ ၉၃ နှစ်ပြည့်သွားပြီ။

**ဒိုင်ဗင်တင်လှ။** ။ဝါဆိုလပြည့်ဆိုပြည့်သွားပြီ။

**ကြည်စိုးထွန်း။** ။ သြော် ဟုတ်ပြီ အဘ၊ အဘဘယ်လောက်နေဦးမှာလဲ တစ်ရာ့ငါးဆယ်လောက်နေဦးမှာလား။

**ဒိုင်ဗင်တင်လှ။** ။ ဒါကတော့ သဗ္ဗေသတ္တာ ကမ္မသကာပေါ့။ ပြောလို့မရဘူး နေချင်လည်း နေရမှာပေါ့။



လောက် ရသေးလား။

**ဒိုင်ဗင်တင်လှ။** ။ အဘက ဘုရားအလုပ်ပဲ လုပ်နေတော့ အာရုံပြုနေတော့ အဲဒါတွေကမေ့ကုန်ရော။

**ကြည်စိုးထွန်း။** ။ နစ္စဂီတပေါ့ ဟုတ်လား။

**ဒိုင်ဗင်တင်လှ။** ။ အနန္တော အနန္တငါးပါး ဘုရားစာပဲ ရွတ်နေတာ သီချင်းတွေလည်း မေ့ကုန်ပြီ တရားအလုပ်ပဲ လုပ်နေတာ ဒါကြောင့် အဘအသက်ရှည်တာ။

**ကြည်စိုးထွန်း။** ။ သြော် သြော်။

**ကြည်စိုးထွန်း။** ။ တအား ကျန်းမာတာပဲနော်၊ အဘက အခုဟာကလေ အသံတိတ်ကားတွေလည်း ရိုက်ဖူးတယ်။ အသံထွက်ကားလည်း ရိုက်ဖူးတယ်။ ဆရာအနေနဲ့ဆိုရင် ဒါရိုက်တာမောင်လှတင်ရှိမယ်၊ နောက်တစ်ခါကျတော့ မင်းသားတင်ဖေ ရှိမယ်၊ အဲဒီလိုရိုက်တဲ့အခါကျတော့ များသောအားဖြင့်တော့ အဘတို့က ဒိုင်ဗင်ထိုးတဲ့အခန်း၊ နောက်တစ်ခါကျတော့ ဆိုင်ကယ်တွေ ကားတွေစီးရလား။

**(ဆက်လက်ဖော်ပြပါမည်)**

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ ပြသလျက်ရှိ

နေပြည်တော်  မေ  ၈

ABC Content Solution Co.,Ltd (Mahar Mobile Application)မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားနှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနေပြီး မေ ၃၀ ရက်အထိ တစ်လတာ ကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လှူဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App – Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ ကြည့်ရှုနိုင်သည်။ ပြသလျက်ရှိသော ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ –




**အဖေတစ်ခု သားတစ်ခု ၊ Code No: kspo–0003**
စိန်မြင့်၊ ဇော်လင်း၊ အောင်ထွန်းလေး၊ ဆွေဇင်ထိုက်




**သရဖူ ၊ Code No: kyaw–0003**
ရဲအောင်၊ မို့မို့မြင့်အောင်၊ ထက်ထက်မိုးဦး၊ နွဲ့နွဲ့စန်း



**နှလုံးသားမှာ အထာရှိတယ် ၊ Code No: kyaw–0004**
ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ နဝရတ်




**ကျောက်စက်ရေ ၊ Code No: mhgn–0094**
မြင့်မြတ်၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို



**နုနုငယ်ငယ် ၊ Code No: mlm–0001**
ဝင်းညွန့်၊ ကျော်ဟိန်း၊ ကြည်ကြည်ဌေး၊ စန္ဒာ




**မေတ္တာရှင်မလေး ငြိမ်းငြိမ်းအိ ၊ Code No: mlm–0003**
ထွန်းထွန်းဝင်း၊ ခင်သန်းနု၊ အင်္ဂလန်စိန်




**မာယာပရောဂျက် ၊ Code No: mokk–0008**
နေတိုး၊ ကျော်ကျော်၊ သက်မွန်မြင့်၊ ဖွေးဖွေး




**ငါမင်းကို ၊ Code No: mokk–0011**
လူမင်း၊ ပြေတီဦး၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်၊ မိုးဟေကို




**မူပိုင်ချစ်သူ ၊ Code No: mokk–0014**
ကျော်သူ၊ မေသန်းနု၊ ခင်စိုးပိုင်




**သမီးရှင်(ပ+ဒု) ၊ Code No: mokk–0015**
ဒွေး၊ ရန်အောင်၊ ခင်သန်းနု၊ ချိုပြုံး၊ မျိုးသန္တာထွန်း၊ အိန္ဒြာကျော်ဇင်



**အမေ့ခြေရာ ၊ Code No: mokk–0017**
ဒွေး၊ ချိုပြုံး၊ မေသန်းနု၊ ဟန်နီထွန်း




**အဖေ့နေရာ ၊ Code No: mokk–0018**
ဒွေး၊ သားညီ၊ မေသန်းနု၊ မျိုးသန္တာထွန်း၊ ကြည်လဲ့လဲ့ဦး



**ဝေလည်းမွေး ကြွေလည်းမွေး ၊ Code No: mokk–0035**
ကျော်ဟိန်း၊ ဒွေး၊ မြင့်မြင့်ခင်၊ တင့်တင့်ထွန်း




**ယောက္ခမနှင့် တစ်ထောင့်တစ်ည ၊ Code No: mpl–0001**
နေတိုး၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်



**မိုးကုတ်စက်ဝိုင်းကို ကျော်လွန်၍ ၊ Code No: nnwk–0001**
လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မြတ်ကေသီအောင်

# ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုပြစ်တင်ပြောကြားသည့် အမေရိကန်ရေတပ် ခေတ္တအကြီးအကဲ ရာထူးမှနုတ်ထွက်

**နယူးယောက် မေ ၈**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသည့် လေယာဉ်တင်သင်္ဘောတစ်စင်းမှ ထုတ်ပယ်ခံရသော ရေယာဉ်မှူးကို ပြစ်တင်ပြောကြားမှုကြောင့် အမေရိကန်ရေတပ်ခေတ္တအကြီးအကဲ သောမတ်မော့ဒလီသည် ရာထူးမှနုတ်ထွက်ခဲ့ကြောင်း သိရသည်။

ယမန်နေ့က မော့ဒလီ၏ နုတ်ထွက်စာကို လက်ခံရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

ဂူအမ်ကျွန်း၌ မေ ၆ ရက်က ယူအက်စ်အက်စ် သီအိုဒိုရုစဗဲ့လေယာဉ်တင်သင်္ဘော အမှုထမ်းများ ရှေ့မှောက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်ကြောင့် မော့ဒလီမှာ ဒီမိုကရက် လွှတ်တော်အမတ်များ၏ ဝေဖန်မှုခံခဲ့ရသည်။ မီဒီယာများသို့ ပေါက်ကြားခဲ့သည့် အဆိုပါမိန့်ခွန်းတွင် မော့ဒလီက လေယာဉ်တင်သင်္ဘော၏ ရေယာဉ်မှူးဟောင်း ဘရတ်ခရိုဇီယာကို လေယာဉ်တင်သင်္ဘော၏ ကွပ်ကဲရေး အရာရှိတာဝန်ထမ်းဆောင်ရန် အရည်အချင်းလိုအပ်နေကြောင်း ပြောကြားခဲ့သည်။ မော့ဒလီက ခရိုဇီယာကို ပြီးခဲ့သည့်အပတ်က တာဝန်မှရပ်စဲခဲ့ပြီး ရေယာဉ်မှူးသည် ကွပ်ကဲမှုပြင်ပရှိ ပုဂ္ဂိုလ်များအပါအဝင် လူအများအပြားထံသို့ စာတစ်စောင် မိတ္တူကူး၍ ပို့ခဲ့ကြောင်း ပြောကြားခဲ့သည်။

အကြီးတန်း တာဝန်ရှိသူများထံ လိပ်မူထားသည့် ခရိုဇီယာ၏စာတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုပျံ့နှံ့လာခြင်းကြောင့် လေယာဉ်တင်သင်္ဘောမှ အမှုထမ်းများကို ချက်ချင်းဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုခဲ့သည်။

မေ ၆ ရက်အထိ လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် သီအိုဒိုရုစဗဲ့မှ အမှုထမ်း ၁၇၃ ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်။ ယူအက်စ်အက်စ်နီမက်ဇ် လေယာဉ်တင်သင်္ဘော၌ တာဝန်ကျသည့် အမှုထမ်းတစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးစမ်းသပ်တွေ့ရှိခဲ့ကြောင်း အမေရိကန်နိုင်ငံရေးဝက်ဘ်ဆိုက် Politico က မေ ၇ ရက်က ဖော်ပြခဲ့သည်။


အမေရိကန်ရေတပ်ခေတ္တအကြီးအကဲ သောမတ်မော့ဒလီ

အဆိုပါ လေယာဉ်တင်သင်္ဘောမှာ အမေရိကန်နိုင်ငံ အနောက်ပိုင်း ဝါရှင်တန်ပြည်နယ်ရှိ ရေတပ်အခြေစိုက်စခန်းတစ်ခု၌ ဆိုက်ကပ်ထားသည်။ ယူအက်စ်အက်စ်နီမက်ဇ်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအကြောင်း ထုတ်ပြန်သည့် အမေရိကန်ရေတပ်၏ စတုတ္ထမြောက် လေယာဉ်တင်သင်္ဘော ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု အကြောင်း ထုတ်ပြန်ခဲ့သည့် အခြား လေယာဉ်တင် သင်္ဘောတစ်စင်းမှာ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ဆိုက်ကပ်ထားသည့် ယူအက်စ်အက်စ် ရိုနယ်လ်ရေဂင်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ကျော်ထိုက်စိုး**



# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရာတွင် ဒေါ်လာ တစ်ဘီလီယံ လှူဒါန်းမည်ဟု တွစ်တာစီအီးအို ကတိပြု

**နယူးယောက် မေ ၈**

တွစ်တာအမှုဆောင်အရာရှိချုပ် ဂျက်ဒေါ်ဆေးက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါနှင့်ဆက်စပ်သော ရန်ပုံငွေထူထောင်ရန် ၎င်းပူးတွဲတည်ထောင်ခဲ့သည့် Square Inc. ရှိ အစုရှယ်ယာ ဒေါ်လာ တစ်ဘီလီယံ လှူဒါန်းရန် ယမန်နေ့က ကတိပြုလိုက်သည်။

သူ၏ကြွယ်ဝချမ်းသာမှု ၂၈ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် အဆိုပါပမာဏကို ကမ္ဘာတစ်လွှား အခြေခံဝင်ငွေနှင့် အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေးမြှင့်တင်မှု ဆောင်ရွက်နေသည့် ပရဟိတရန်ပုံငွေအဖွဲ့ Start Small LLC သို့ လှူဒါန်းမည်ဟု တွစ်တာ၌ ဂျက်ဒေါ်ဆေးက ရေးသားခဲ့သည်။

ရန်ပုံငွေအဖွဲ့သို့ လှူဒါန်းမှုအားလုံးကို ပြည်သူများထံ ထင်ထင်ရှားရှား ထုတ်ပြန်သွားမည်ဟု နှစ်ပေါင်းများစွာ ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသည့် ဂျက်ဒေါ်ဆေးက ပြောကြားသည်။

တွစ်တာကုမ္ပဏီထက် Square Inc. ရှိ အစုရှယ်ယာများ လှူဒါန်းရန်ကတိပြုခြင်းမှာ Square Inc. ၌ အစုရှယ်ယာ ပိုမိုများပြားစွာ ပိုင်ဆိုင်ခြင်းကြောင့်ဖြစ်ကြောင်း Forbes မဂ္ဂဇင်းက အသားတင်ကြွယ်ဝချမ်းသာမှု ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရှိသည်ဟု ခန့်မှန်းခြင်းခံရသည့် ၎င်းက ပြောကြားသည်။

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာ ၁၈၀၀၀၀ ကျော်ရှိပြီး စုစုပေါင်း သေဆုံးသူ ၁၂၈၉၅ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**ကိုးကား- အိန္ဒိယတုဒေး၊ ဘာသာပြန်- ကျော်ထိုက်စိုး**

# အင်ဒိုနီးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၀၀၀ နီးပါးရှိလာ၊ သေဆုံးသူ ၂၄၀ ရှိ

**ဂျကာတာ မေ ၈**

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၀ ရှိလာခဲ့ကြောင်း၊ အရှေ့တောင်အာရှတွင် သေဆုံးမှု အမြင့်မားဆုံးဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရက ယနေ့တွင် ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အစိုးရ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် အက်ခ်မက်ယူရီယန်တိုက နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါအတည်ပြုကူးစက်ခံရသူ ၂၉၅၆ ဦးအထိ မြင့်တက်သွားကြောင်း၊ လူနာ ၂၂၂ ဦးအထိ ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လူဦးရေ ၁၀ သန်းခန့်ရှိသည့် ဂျကာတာမြို့သည် ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ကူးစက်မှု အများဆုံး ဖြစ်ပွားရာနေရာဖြစ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၄ ဦးရှိသည်။ အနောက်ဂျာဗားဒေသတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၅ ဦး၊ ဗဟိုဂျာဗားဒေသတွင် ၂၂ ဦး၊ ဘန်တန်ဒေသတွင် ၁၈ ဦး၊ အရှေ့ဂျာဗားဒေသတွင် ၁၆ ဦးရှိပြီး ကျန်ဗိုင်းရပ်စ် ကူးစက်ခံရသူများမှာ အခြားဒေသများတွင် ရှိသည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး လူမှုရေးဆိုင်ရာ ကန့်သတ်ချက် အများအပြားကို ထုတ်ပြန်ကြေညာခဲ့သည်။

ဗိုင်းရပ်စ်တွေ့ရှိရာဒေသများတွင် စမ်းသပ်စစ်ဆေးမှုများကို မြန်မြန်ဆောင်ရွက်လျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုကို ထိန်းချုပ်သည့်အနေဖြင့် နှာခေါင်းစည်းများ အမြဲဝတ်ဆင်ထားကြရန် အာဏာပိုင်များက ပြည်သူများကို ညွှန်ကြားထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ဇော်လင်း**

# ပြင်သစ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၀၃၂၈ ဦးအထိရှိလာပြီး သေဆုံးသူအရေအတွက် ၁၀၀၀၀ ကျော်ခဲ့သည့် စတုတ္ထမြောက်နိုင်ငံဖြစ်လာ

**ပါရီ မေ ၈**

ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် မေ ၈ ရက်အထိ သေဆုံးသူအရေအတွက် ၁၀၃၂၈ ဦးရှိလာခဲ့ကြောင်းနှင့် ယင်းအရေအတွက်ကြောင့် ပြင်သစ်နိုင်ငံသည် အီတလီနိုင်ငံ၊ စပိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ပြီးနောက် သေဆုံးသူအရေအတွက် ၁၀၀၀၀ ကျော်ခဲ့သည့် စတုတ္ထမြောက်နိုင်ငံ ဖြစ်လာခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်မှာ အီတလီနိုင်ငံက ၁၇၁၂၇ ဦး၊ စပိန်နိုင်ငံက ၁၄၅၅၅ ဦး၊ အမေရိကန်နိုင်ငံက ၁၂၈၅၇ ဦးနှင့် ပြင်သစ်နိုင်ငံက ၁၀၃၂၈ ဦး အသီးသီးရှိခဲ့သည်။

ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်းမှာ ၇၈၁၆၇ ဦးရှိလာခဲ့သည်။ ပြင်သစ်နိုင်ငံသည် မတ် ၁၇ ရက် မှစတင်ကာ နိုင်ငံတစ်ဝန်းခရီးသွားလာမှု ကန့်သတ်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ပြည်သူများကို နေ့စဉ်လိုအပ်ချက်များအတွက် ဈေးဝယ် ထွက်ရန်၊ ဆေးရုံများသို့ သွားရောက်ရန်၊ ၎င်းတို့၏ နေအိမ်များမှ တစ်ကီလိုမီတာ အကွာအဝေးအတွင်း ကြာချိန်တစ်နာရီကြာအထိ လမ်းလျှောက်ရန် သို့မဟုတ် ပြေးရန်တို့ကို ခွင့်ပြုပေးခဲ့သည်။

မေ ၈ ရက်တွင် ပါရီမြို့၌ နံနက် ၁၀ နာရီမှ ည ၇ နာရီအတွင်း အပြင်ထွက်၍ လေ့ကျင့်ခန်းများ မပြုလုပ်ရန် ပြည်သူများအား တားမြစ်ထားခြင်းအပါအဝင် စည်းမျဉ်း၊ စည်းကမ်းများကို တင်းကျပ်ခဲ့ကြောင်း သိရသည်။

ပြည်သူများအပြင်ထွက်ခြင်းကို နည်းနိုင်သမျှ နည်းစေရန် ဆောင်ရွက်ချက်များကို တိုးမြှင့်လုပ်ဆောင်ရေး ဒေသဆိုင်ရာအာဏာပိုင်များအား ပြင်သစ်ပြည်ထဲရေးဝန်ကြီး ခရစ္စတိုဖီကတ်စတာနာက တောင်းဆိုထားသည်။

ပြင်သစ်ကျန်းမာရေးဝန်ကြီး အိုလီဗာဗီရန်ကမူ ပြင်သစ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှု အမြင့်ဆုံးအခြေအနေသို့ မရောက်ရှိသေးကြောင်းနှင့် နိုင်ငံအတွင်း ခရီးသွားလာမှုကန့်သတ်ခြင်းကိုလည်း လာမည့်သီတင်းပတ်အကုန်အထိ ရက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၁ ဦး ရှိလာ

**ဟန္နိုင်း မေ ၈**

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာသစ် နှစ်ဦးကို တွေ့ရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၂၅၁ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့နံနက်တွင် အတည်ပြုခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်ဦးစလုံးသည် ဗီယက်နမ်လူမျိုးများ ဖြစ်သည်။ လူနာတစ်ဦးမှာ နိုင်ငံ၏မြောက်ပိုင်း ဟာနမ်ပြည်နယ်မှ အမျိုးသားတစ်ဦးဖြစ်သည်။ အခြားကူးစက်ခံရသူတစ်ဦးမှာ မြို့တော်ဟန္နိုင်းမှ အမျိုးသမီးတစ်ဦး ဖြစ်သည်။ ၎င်းအမျိုးသမီးသည် ယခင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုကူးစက်ခံရသူ တစ်ဦးနှင့် အနီးကပ် ထိတွေ့ခဲ့သူဖြစ်သည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ သံသယလူနာ ၂၇၃၈ ဦးရှိပြီး ယနေ့နံနက်အထိ လူပေါင်း ၇၅၀၀၀ နီးပါးကို အသွားအလာကန့်သတ်၍ သီးခြားထားရှိကာ စောင့်ကြည့်လျက်ရှိသည်။ လူနာ ၁၂၂ ဦးသည် ပြန်လည်ကျန်းမာလာကြောင်းနှင့် ယခုအချိန်အထိ သေဆုံးသူမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ဇော်လင်း**



# အသေးစားလုပ်ငန်းများကို ပံ့ပိုးမည့် ဒေါ်လာ ၂၅၀ ဘီလီယံ ကွန်ဂရက်ထံ သမ္မတဒေါ်နယ်ထရမ့် တောင်းခံ

**နယူးယောက် မေ ၈**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဘေးသင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ပံ့ပိုးမည့် အပိုရန်ပုံငွေရရှိရန် တောင်းခံနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

**အသေးစားလုပ်ငန်းများကို အကူအညီပေးရန်**

အပိုရန်ပုံငွေ ဒေါ်လာ ၂၅၀ ဘီလီယံ ဥပဒေကြမ်း တစ်ရပ် အတည်ပြုရန် ကွန်ဂရက်ထံ အစိုးရက တောင်းခံခဲ့ကြောင်း သမ္မတဒေါ်နယ်ထရမ့်က မေ ၇ ရက်တွင် အိမ်ဖြူတော်၌ ပြောကြားခဲ့သည်။ သမ္မတက မတ် ၂၇ ရက်တွင် ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့သည့် အကူအညီပေးရေးအစီအစဉ်မှာ အသေးစားလုပ်ငန်းများကို အကူအညီပေးရန် လုံလောက်မှုမရှိဟူသော စိုးရိမ်မှုရှိနေစဉ် ယခု ကြေညာချက်ပြုလုပ်ခြင်းဖြစ်သည်။ ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံ အကူအညီပေးရေးအစီအစဉ်တွင် လုပ်ငန်းလည်ပတ်မှုများ ရပ်ဆိုင်းခဲ့ရသည့် အသေးစားစားသောက်ဆိုင်များနှင့်စက်ရုံများသို့ဒေါ်လာ၃၀၀ဘီလီယံကျော်ထောက်ပံ့မှုပါဝင်သည်။

ရည်ရွယ်ချက်မှာ စားသောက်ဆိုင်များ၊ စက်ရုံများက အလုပ်သမားများ ဆက်လက်ခန့်ထားကာ လစာငွေများ ပေးချေနိုင်ရန်ဖြစ်သည်။ သို့သော်လည်းအစိုးရကပြီးခဲ့သည့် သောကြာနေ့တွင် စီးပွားရေးလုပ်ငန်းရှင်များထံမှ အကူအညီလျှောက်လွှာများ စတင်လက်ခံခဲ့ချိန်တွင် မူလက ခန့်မှန်းထားသည်ထက် တောင်းဆိုမှုများက ပိုမိုများပြားခဲ့သည်။ ဆိုလိုသည်မှာ ပကတိစီးပွားရေးအခြေအနေမှာ အစိုးရက ယူဆထားသည်ထက် ပို၍အခြေအနေ ဆိုးနေခြင်းပင်ဖြစ်သည်။

အမေရိကန်အစိုးရက အလုပ်လက်မဲ့နှုန်း ပိုမိုမဆိုးရွားသွားစေရန် ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်တိုးမြှင့်ရန် ရည်ရွယ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**




# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် စည်းလုံးညီညွတ်ကြရန် ပြည်သူများအား သီရိလင်္ကာဝန်ကြီးချုပ် ပြောကြား

**ကိုလံဘို မေ ၈**

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် နိုင်ငံရေးပါတီများနှင့်ပြည်သူများမှ ပါဝင်ဆောင်ရွက်ကြရန် သီရိလင်္ကာဝန်ကြီးချုပ် မဟင်တာရာဂျာပက်ဆာက ယနေ့ ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ရှစ်ဦးသေဆုံးခဲ့သည်။ သီရိလင်္ကာနိုင်ငံအနေဖြင့် ပထမဆုံးသော ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူကို တွေ့ရှိခဲ့ရပြီးနောက် နိုင်ငံသားများနှင့်ကလေးသူငယ်များအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှ ကာကွယ်ရန်အတွက် နိုင်ငံအတွင်း မရှိမဖြစ်လုပ်ငန်းများဆိုင်ရာ သမ္မတ၏အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး အစားအစာနှင့် အခြားအရေးကြီးသော လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ညမထွက်ရအမိန့်ထုတ်ပြန်ပြီးချိန်မှစတင်၍ ပြည်သူသန်းပေါင်းများစွာအား စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မရှိမဖြစ်လိုအပ်သော ရေနှင့် လျှပ်စစ်မီးမပြတ်တောက်စေရန်ဆောင်ရွက်ခဲ့ကြောင်း ရာဂျာပက်ဆာက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ၎င်းတို့၏ ဘဝများကို မြှုပ်နှံထားပြီး ဆောင်ရွက်ခဲ့သည့်အတွက် ချီးကျူးကြောင်း ရာဂျာပက်ဆာက ပြောကြားသည်။

**ရောဂါပိုးတွေ့ရှိသူ ၈၆ ဦးရှိ**

"ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူစွာပြောကြားချင်တဲ့အချက်ကတော့ သူနာပြုတွေဟာ နှာခေါင်းစည်းတွေဝတ်ဆင်ပြီး သူတို့ရဲ့ကျရာတာဝန်ကို ထမ်းဆောင်နေကြပြီး အခြားဆေးဝန်ထမ်းတွေနဲ့ လူနာတင်ကားမောင်းတဲ့ဝန်ထမ်းတွေကလည်း လူနာတစ်ယောက်တလေကိုမှ ပစ်မထားဘဲ စောင့်ရှောက်ကြပါတယ်"ဟု ရာဂျာပက်ဆာက ပြောကြားသည်။ သီရိလင်္ကာအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါမှ အမြန်ဆုံးကျော်လွှားနိုင်မည်ဖြစ်ပြီး ပြည်သူများအား နေအိမ်များထဲတွင်သာ နေထိုင်ကြရန် ရာဂျာပက်ဆာက ပြောကြားသည်။ သီရိလင်္ကာကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေ့ရှိသူ ၈၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးမည်

**ဖနောင်ပင် မေ ၈**

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) နိုင်ငံခြားရေးဝန်ကြီးများသည် ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် စုပေါင်းတုံ့ပြန်ရေးနှင့် ပတ်သက်၍ မေ ၉ ရက်တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် အစည်းအဝေး တစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြုလုပ်သော အာဆီယံညှိနှိုင်းရေးကောင်စီ အစည်းအဝေးကို လက်ရှိအာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသော ဗီယက်နမ်နိုင်ငံက အစပျိုးခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးတွင် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရာ့ခ်ဆိုခွန်သည် ဖနောင်ပင်မြို့မှ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

**ထည့်သွင်းဆွေးနွေးကြမည်**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးတို့သည် ဒေသအတွင်း အလျင်အမြန်ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါစုပေါင်းတုံ့ပြန်ရေးအပေါ် အဓိကထားဆွေးနွေးမည်ဖြစ်သလို အမြင်ချင်းဖလှယ်ကြမည်ဖြစ်သည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မဝေးတော့သည့် အနာဂတ်တွင် ကျင်းပမည့် အာဆီယံ+၃ နိုင်ငံများ၏ အထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အထူးထိပ်သီး အစည်းအဝေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကိုလည်း ထည့်သွင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဒီအစည်းအဝေးဟာ ကိုဗစ်-၁၉ ရောဂါက ခြိမ်းခြောက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအကျပ်အတည်းပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အာဆီယံအဖွဲ့၏ စုပေါင်းလုပ်ဆောင်မှုကို တိုးမြှင့်စေသလို အာဆီယံအဖွဲ့၏ ကြံ့ခိုင်မှုကိုလည်း ခိုင်မာတောင့်တင်းစေမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

လောလောဆယ် ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၂ ဦးရှိပြီး ၎င်းတို့အနက် ၆၃ ဦးသည် ပြန်လည်ကျန်းမာသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**



# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်ရက်အတွင်း ၁၉၀၀ နီးပါး သေဆုံး

**ဝါရှင်တန် မေ ၈**

နိုင်ငံအတွင်း ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူ ၁၈၈၅ ဦး သေဆုံးခဲ့ရာ တစ်ရက်အတွင်း လူအများဆုံး သေဆုံးမှုဖြစ်လာခဲ့ကြောင်း အမေရိကန်နိုင်ငံက ကြေညာခဲ့သည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းအရ အမေရိကန်နိုင်ငံတွင် ယမန်နေ့ညအထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၈၉၅ ဦး၊ ကူးစက်ခံရသူ ၃၉၈၈၀၉ ဦးနှင့် ပြန်လည်သက်သာလာသူ ၂၂၀၀၀ ကျော်ရှိကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယခုသီတင်းပတ်မှာ အမေရိကန်နိုင်ငံအတွက် အလွန်စိတ်မချမ်းမြေ့စရာ ဖြစ်လာမည်ဟု သမ္မတဒေါ်နယ်ထရမ့်က သတိပေးပြီးနောက် သေဆုံးသူအရေအတွက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ "ဒီသီတင်းပတ်က အလွန်စိတ်မချမ်းမြေ့ဖွယ်ရာရက်သတ္တပတ် ဖြစ်လာပါလိမ့်မယ်"ဟု အိမ်ဖြူတော်တွင် ပြုလုပ်သည့် ကိုရိုနာဗိုင်းရပ်စ် အထူးလုပ်ငန်းအဖွဲ့ ရှင်းလင်းပွဲ၌ သမ္မတဒေါ်နယ်ထရမ့်က ပြောကြားသည်။

ယခုသီတင်းပတ်မှာ တိုင်းပြည်အတွက် အလွန်ခက်ခဲသော သီတင်းပတ်ဖြစ်လာမည်ဟု ပြီးခဲ့သည့် မေ ၅ ရက်တွင် အမေရိကန်ဆေးမှူးချုပ် ဂျရုန်းအဒမ်က သတိပေးခဲ့သည်။ နယူးယောက်မှာ သေဆုံးသူ ၅၄၀၀ ကျော်ဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဘေးအသင့်ဆုံးပြည်နယ်ဖြစ်သည်။ နယူးယောက်ပြည်နယ်အတွင်း အတည်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၁၃၈၀၀၀ ကျော်ရှိသည်။ အမေရိကန်နိုင်ငံမှာ ကမ္ဘာပေါ်တွင် အတည်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံး တိုင်းပြည်ဖြစ်ပြီး စပိန်၊ အီတလီနှင့် ဂျာမနီနိုင်ငံတို့က အစဉ်လိုက်ရှိနေသည်။ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာ ၁ ဒသမ ၄ သန်းကျော်၊ သေဆုံးသူ ၈၂၀၀၀ ကျော်နှင့် ပြန်လည်သက်သာလာသူ ၃၀၁၀၀၀ ကျော်ရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဖော်ပြချက်အရ သိရသည်။

**ကိုးကား-အနာဒိုလူ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၄၉ ဦးအထိမြင့်တက် ဗိုင်းရပ်စ် ကူးစက်ခံရသူ ၅၁၉၄ ဦးအထိ ရောက်ရှိ

**နယူးဒေလီ မေ ၈**

အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်သည် ၁၄၉ ဦးအထိ မြင့်တက်ခဲ့ကြောင်း၊ ဗိုင်းရပ်စ် ကူးစက်ခံရသည်ဟု အတည်ပြုလူနာ စုစုပေါင်းသည်လည်း ၅၁၉၄ ဦးသို့ရောက်ရှိကြောင်း နိုင်ငံ၏ ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့ နံနက်က ပြောကြားသည်။

**ဝန်ကြီးဌာနက ထုတ်ပြန်**

ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်နှင့် ဆက်နွှယ်၍ သေဆုံးသူ စုစုပေါင်းသည် ၁၄၉ ဦးရှိသည်ဟု အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းတွင် ဖော်ပြသည်။ အင်္ဂါနေ့ညနေပိုင်းအထိ အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသည့် အရေအတွက်သည် ၄၇၈၉ ဦးဖြစ်ပြီး သေဆုံးသူအရေအတွက်သည် ၁၂၄ ဦးဖြစ်သည်။

ယင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောဆိုချက်အရ ကျန်းမာရေးအခြေအနေ တိုးတက်လာ၍ ဆေးရုံမှဆင်းသွားကြသည့် လူနာပေါင်းသည် ယခုအချိန်အထိ ၄၀၂ ဦးရှိပြီဖြစ်သည်။ နိုင်ငံအတွင်း၌ ယခုအချိန်တွင် အဆိုပါရောဂါကို ခံစားနေရသူ အရေအတွက်သည် ၄၆၄၃ ဦးရှိသည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**ထုတ်ပြန်ထား**

ဗုဒ္ဓဟူးနေ့သည် နိုင်ငံတစ်ဝန်း၌ ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အစိုးရက ၂၁ ရက်ကြာ အသွားအလာ တားမြစ်ပိတ်ဆို့မှုပြုလုပ်သည့် ၁၅ ရက်မြောက်နေ့ဖြစ်သည်။ အာဏာပိုင်များက နိုင်ငံတစ်ဝန်း လူအများသွားလာလှုပ်ရှားမှုများကို တားမြစ်ရန်အတွက် အိမ်ပြင်မထွက်ရကဲ့သို့သော တင်းကျပ်သည့် တားမြစ်ချက်များကို ထုတ်ပြန်ထားသည်။ မြို့ အဝင်အထွက် တားမြစ်ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများမှအပ ကုန်းလမ်း၊ မီးရထားလမ်း၊ လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုများအားလုံးကို ဆိုင်းငံ့ထားသည်။

သုံးပတ်ကြာ မြို့အဝင်အထွက် တားမြစ်ပိတ်ဆို့မှုသည် မေ ၁၄ ရက်တွင် အဆုံးသတ်မည်ဟု မျှော်မှန်းရသည်။ အိန္ဒိယဖက်ဒရယ် ပြည်ထဲရေးဝန်ကြီး အမစ်ရှားက ကုန်ပစ္စည်းများ သိုလှောင်၍ မှောင်ခိုဈေးကွက်ဖန်တီးသူများကို မြန်မြန်ဆန်ဆန်ဖော်ထုတ်၍ ပြင်းပြင်းထန်ထန် အရေးယူကြရန် အာဏာပိုင်များကို ညွှန်ကြားထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ကိုဗစ်-၁၉ ကပ်ဆိုးကြားက တောင်ကိုရီးယား ရွေးကောက်ပွဲ

အောင်ကျော်ကျော်

ဧပြီ ၈ ရက်အထိ ကမ္ဘာတစ်ဝန်းမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၄၅၀၀၈၆ ရှိပြီး သေဆုံးသူ ၈၃၄၆၇ ဦးရှိပါတယ်။ ကူးစက်မှု အမြင့်မားဆုံးနိုင်ငံတွေကတော့ အမေရိကန်၊ စပိန်၊ အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ တရုတ်၊ အီရန်နဲ့ ဗြိတိန်နိုင်ငံတို့ ဖြစ်ပါတယ်။ သေဆုံးမှုနှုန်းအမြင့်မားဆုံး နိုင်ငံတွေကတော့ အီတလီ၊ စပိန်၊ အမေရိကန်နဲ့ ပြင်သစ်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကမ္ဘာ့နိုင်ငံတွေရဲ့ အစိုးရတွေဟာ နိုင်ငံရေး၊ စီးပွားရေး စတဲ့ကဏ္ဍတွေကို ရှေ့တန်းမတင်နိုင်ဘဲ ပြည်သူတွေရဲ့ အသက်ရှင်သန်ရေးသည်သာ အဓိက ဆိုသည့်အတိုင်း ဗိုင်းရပ်စ် ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွေကို ပထမဦးစားပေး လုပ်ဆောင်လျက်ရှိပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုတွေ ဆက်လက်မြင့်မားနေတဲ့ အချိန်မှာ တောင်ကိုရီးယားနိုင်ငံက ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ဧပြီ ၁၅ ရက်မှာ ကျင်းပဖို့ စီစဉ်နေပါတယ်။ တောင်ကိုရီးယားနိုင်ငံဟာ ဗိုင်းရပ်စ်ကူးစက်မှုနဲ့ သေဆုံးမှုအမြင့်မားဆုံး နိုင်ငံတွေစာရင်းထဲမှာ မပါပေမယ့် လက်ရှိအချိန်အထိ နိုင်ငံအတွင်းမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၃၈၄ ဦးရှိပြီး သေဆုံးသူ ၂၀၀ ခန့်ရှိပါတယ်။ ဒါပေမယ့် မတ်လအလယ်ပိုင်းလောက်မှာ တောင်ကိုရီးယားနိုင်ငံရဲ့ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းဟာ သိသိသာသာလျော့ကျလာတာကို တွေ့ရပါတယ်။ ဒါကြောင့်ဗိုင်းရပ်စ် ကာကွယ်ရေးစည်းမျဉ်း၊ စည်းကမ်းတွေ ရှိလင့်ကစား ပြည်သူတွေကို ဆန္ဒမဲပေးဖို့ ခွင့်ပြုမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲတစ်ခု ကျင်းပဖို့ အဓိကစိန်ခေါ်မှုဟာ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ စနစ်တကျ စီစဉ်ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံဟာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို အမြန်ဆန်ဆုံး ထိန်းချုပ်နိုင်တဲ့အတွက် ကမ္ဘာ့နိုင်ငံတွေရဲ့ ချီးကျူးမှုကို ရရှိထားပါတယ်။ ဒါပေမယ့်ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြီး ဖြစ်ပွားနေတဲ့ ကာလအတွင်းမှာ ဆန္ဒမဲပေးဖို့ မဲရုံတွေကို တန်းစီရောက်ရှိလာမယ့် ပြည်သူတွေရဲ့ အဟုန်ကို အာဏာပိုင်တွေ ဘယ်လို ကိုင်တွယ်ထိန်း ကျောင်းသွားမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဒါကြောင့် ရွေးကောက်ပွဲကို




အောင်မြင်အောင် ကျင်းပနိုင်ဖို့အတွက် တောင်ကိုရီးယားအစိုးရအနေနဲ့ ဘယ်လို ပြင်ဆင် ဆောင်ရွက်ထားသလဲဆိုတာကို လေ့လာကြည့်ပါစို့။

**ဆန္ဒမဲပေးဖို့ စီစဉ်**

တောင်ကိုရီးယားနိုင်ငံရဲ့ ပါတီစုံ ရွေးကောက်ပွဲကို ဧပြီ ၁၅ ရက်မှာ ကျင်းပမယ်လို့ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့က ဧပြီ ၆ ရက်မှာ ပြောကြားခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းမှာ မဲရုံ ၁၄၃၃၀ ခန့် ထားရှိမှာ ဖြစ်ပါတယ်။ ကပ်ရောဂါဖြစ်ပွားနေချိန်ဖြစ်တဲ့အတွက် နိုင်ငံအတွင်းမှာလည်း ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး စည်းမျဉ်း၊ စည်းကမ်းတွေ အသက်ဝင်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဗိုင်းရပ်စ် ကာကွယ်ရေးစည်းမျဉ်းတွေကို လိုက်နာရင်း ဆန္ဒမဲတွေကို စနစ်တကျ ပေးရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ ရောက်ရှိလာတဲ့ ပြည်သူတွေကို မဲရုံတွေရဲ့ စစ်ဆေးရေးဂိတ်တွေမှာ ရောဂါပိုးရှိ၊ မရှိ အပူချိန်တိုင်းတာတွေ အရင်ဆုံးပြုလုပ်မှာ ဖြစ်ပါတယ်။ မဲပေးဖို့ တန်းစီစောင့်ဆိုင်းတဲ့အခါမှာလည်း တစ်ဦးနဲ့တစ်ဦး အနည်းဆုံး တစ်မီတာ အကွာစီခြားပြီး စောင့်ဆိုင်းရမှာဖြစ်ပါတယ်။ မဲရုံတွေနဲ့ ဆန္ဒမဲစာရွက်တွေကို ရောဂါပိုး မကူးစက်နိုင်စေဖို့ ပိုးသတ်ဆေးတွေ ဖျန်းထားမှာဖြစ်ပါတယ်။ ဒါ့အပြင် မဲဆန္ဒရှင်ပြည်သူတွေကလည်း မဲရုံတွေကို လာရောက်မဲပေးတဲ့အခါမှာ နှာခေါင်းစည်းတွေ၊ လက်အိတ်တွေ ဝတ်ဆင်ထားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကိုဗစ်- ၁၉ ရောဂါလက္ခဏာရှိတဲ့ ပြည်သူတွေ ဆန္ဒမဲပေးနိုင်ဖို့အတွက် ယာယီအသုံးပြုနိုင်တဲ့ မဲရုံတွေကို ဆောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလို့ ဆေးကုသမှုခံယူနေတဲ့ပြည်သူတွေသာမက ရောဂါပိုးရှိ၊ မရှိ ၁၄ ရက် သီးခြားစောင့်ကြည့်ခံနေရတဲ့ ပြည်သူတွေအနေနဲ့ အီးမေးလ်မှတစ်ဆင့် ဆန္ဒမဲပေးနိုင်ဖို့ စီစဉ်ထားပါတယ်။ သင်္ဘောသား ၂၈၂၁ ဦးအတွက် သင်္ဘောတွေပေါ်မှာ မဲပေးနိုင်ဖို့ စီစဉ်ပေးမှာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရပ်ခြားမှာရောက်ရှိနေတဲ့ ကိုရီးယားနိုင်ငံသားအားလုံး ဆန္ဒမဲပေးနိုင်မှာမဟုတ်ပါဘူး။ ဘာလို့ဆိုရင် အမေရိကန်၊ အီတလီနဲ့ ဂျာမနီနိုင်ငံတွေ အပါအဝင် နိုင်ငံပေါင်း ၄၀ မှာရှိတဲ့ မဲရုံတွေကို အမျိုးသားရွေးကောက်ပွဲကော်မရှင်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ပိတ်ထားပြီးဖြစ်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရပ်ခြားရောက်ရှိနေတဲ့ ကိုရီးယားနိုင်ငံသား ထက်ဝက်ခန့်လောက်သာ ဆန္ဒမဲပေးနိုင်မယ်လို့ ခန့်မှန်းရပါတယ်။

**စနစ်သစ်ရွေးကောက်ပွဲ**

တောင်ကိုရီးယားနိုင်ငံရဲ့ ၂၁ ရာစုပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ ပြည်သူ ၄၄ သန်းဟာ အမျိုးသားညီလာခံအဖွဲ့ဝင် ၃၀၀ ခန့်ကို ထောက်ခံမဲပေးပြီး ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒီလိုရွေးချယ်ရာမှာ ယခင်အနိုင်ရရှိထားတဲ့ မဲဆန္ဒနယ်တွေမှ အမတ်လောင်း ၂၅၃ ဦး (၈၄ ရာခိုင်နှုန်း)နဲ့ နိုင်ငံရေးပါတီတွေမှ အချိုးကျအနိုင်ရရှိတဲ့ အမတ်လောင်း ၄၇ ဦး (၁၆ ရာခိုင်နှုန်း) တို့ကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရေး ပါတီတွေအနေနဲ့ လွှတ်တော်အမတ်နေရာတွေ ကို အနိုင်ရရှိဖို့ဆိုရင် ခရိုင်ငါးခု (သို့မဟုတ်) ထောက်ခံမဲအားလုံးရဲ့ သုံးရာခိုင်နှုန်းကို အနိုင်ရဖို့လိုအပ်ပါတယ်။ ကျင်းပမယ့်ရွေးကောက်ပွဲဟာ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေအပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်မှုတွေပြုလုပ်ပြီးတဲ့နောက်ပိုင်း ပထမဆုံး ကျင်းပတဲ့ စနစ်သစ်ရွေးကောက်ပွဲတစ်ခု ဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေဟာ ရွေးကောက်ပွဲကျင်းပမယ့်ရက်မှာ အနည်းဆုံး ၁၈ နှစ် ပြည့်ပြီးမှသာ ဆန္ဒမဲပေးခွင့်ရှိမှာ ဖြစ်ပါတယ်။ မဲပေးခွင့်ရှိသူတွေဟာစာရင်းပေးသွင်းထားဖို့လိုအပ်ပါတယ်။

**ဘယ်ပါတီက ရေပန်းစား**

တောင်ကိုရီးယား ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီအမတ်လောင်းတွေက ထောက်ခံမဲအများဆုံးရရှိဖို့ မဲဆွယ်စည်းရုံးမှုတွေ စတင်နေပြီဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာပါဝင်မယ့် နိုင်ငံရေးပါတီတွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်အမတ်လောင်းတွေရဲ့ သတင်းအချက်အလက်တွေ ထည့်သွင်းဖော်ပြထားတဲ့ စာစောင်တွေကို နိုင်ငံတစ်ဝန်းမှ ပြည်သူတွေဆီကို ပေးပို့ထားပြီးဖြစ်တယ်လို့ အမျိုးသားရွေးကောက်ပွဲကော်မရှင်က ပြောကြားပါတယ်။ ဒါ့အပြင် သူတို့နေထိုင်ရာဌာနမှာပဲ ဆန္ဒမဲပေးဖို့ လျှောက်ထားတဲ့ပြည်သူ ၁၀၅၃၀ ဆီကို မဲစာရွက်တွေ ပေးပို့ပြီးဖြစ်တယ်လို့ သိရပါတယ်။ ပါတီအမတ်လောင်းတွေအနေနဲ့ ရွေးကောက်ပွဲမတိုင်မီ ၁၄ ရက်အလိုမှာသာ မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်ဖို့ ဥပဒေက သတ်မှတ်ပေးထားပါတယ်။ သမ္မတမွန်ဂျေအင်း ဦးဆောင်တဲ့ လက်ရှိအာဏာရ ဒီမိုကရက်တစ် ကိုရီးယားပါတီက နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်တွေကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်တဲ့အတွက် ရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ ထောက်ခံမဲအများဆုံးရရှိမယ်လို့ မျှော်လင့်ရပါတယ်။ ပြီးတော့ ဒီမိုကရက်တစ်ကိုရီးယားပါတီရဲ့ ဆောင်ပုဒ်ကလည်း "ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ အဓိက" လို့ ဆိုပါတယ်။ ဒီမိုကရက်တစ်ကိုရီးယားပါတီနဲ့ အတိုက်အခံပါတီဖြစ်တဲ့ စုပေါင်းအနာဂတ်ပါတီနှစ်ရပ်စလုံးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခံစားရတဲ့ အိမ်ထောင်စုတွေကို ငွေကြေးဆိုင်ရာ ဖြေလျှော့မှုတွေ ပြုလုပ်ပေးမယ်လို့ ကတိပြုထားတာကို တွေ့ရပါတယ်။ ဒီမိုကရက်တစ်ကိုရီးယားပါတီကို ထောက်ခံသူ ၃၉ ရာခိုင်နှုန်း၊ စုပေါင်းအနာဂတ်ပါတီကို ထောက်ခံသူ ၂၂ ရာခိုင်နှုန်းနဲ့ ညီညွတ်မျှတရေးပါတီကို ထောက်ခံသူ ခြောက်ရာခိုင်နှုန်းရှိပြီး ကြားနေမဲပေးသူ ၂၈ ရာခိုင်နှုန်းရှိတယ်လို့ မကြာသေးမီက စစ်တမ်းတစ်ရပ်အရ သိရပါတယ်။ လက်ရှိအချိန်မှာ ရေပန်းစားနေတဲ့ ဒီမိုကရက်တစ်ကိုရီးယားပါတီဟာ ဂျပန်နိုင်ငံနဲ့ ပတ်သက်ပြီး ကုန်သွယ်ရေးဆိုင်ရာ မူဝါဒ အရှုပ်တော်ပုံကို ရင်ဆိုင်နေရပါတယ်။ ဒီအချက်ဟာ အတိုက်အခံပါတီတွေရဲ့ ထိုးနှက်ချက် တစ်ခုဖြစ်နိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပျံ့နှံ့လာချိန်မှာတော့ သမ္မတ မွန်ဂျေအင်းရဲ့ ဗိုင်းရပ်စ် ကာကွယ်တားဆီးရေး လုပ်ဆောင်ချက်တွေဟာ ဗိုင်းရပ်စ်ကူးစက်မှုကို ထိရောက်မှုရှိစေခဲ့တဲ့အတွက် ဒီမိုကရက်တစ်ကိုရီးယားပါတီဟာ ပြည်သူတွေရဲ့ နှစ်သက်မှုကို ပြန်လည်ရရှိခဲ့ပါတယ်။ တောင်နဲ့မြောက်ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေးပါတီ၊ အမျိုးသမီးများပါတီ အပါအဝင် အချို့ပါတီအသစ်တွေဟာလည်း ပြည်သူတွေရဲ့ လိုလားချက်အချို့ ရှေ့တန်းတင်ပြီး မဲဆွယ်စည်းရုံးမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

**ကူးစက်ရောဂါအတွက် ကြိုတင်ပြင်ဆင်ထား**

တောင်ကိုရီးယားနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူကို ဇန်နဝါရီ ၂၀ ရက်မှာ စတင်တွေ့ရှိခဲ့ပါတယ်။ ရောဂါကူးစက်မှုတွေ မြင့်တက်လာတဲ့အတွက် တရုတ် (တိုင်ပေ)၊ ဗီယက်နမ်၊ စင်ကာပူနိုင်ငံတို့နဲ့ပူးပေါင်းပြီး ကပ်ရောဂါထိန်းချုပ်ရေး အစီအစဉ်တစ်ရပ်ကို စတင်ခဲ့ပါတယ်။ ပြည်သူတွေကိုလည်း လူစုလူဝေးပြုလုပ်ခြင်းတွေကို ရှောင်ကြဉ်ဖို့၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာအဝေးမှာ နေထိုင်ဖို့နဲ့ နေအိမ်အတွင်းမှာသာနေဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ ပြည်သူပိုင်နဲ့ ပုဂ္ဂလိကပိုင် ဓာတ်ခွဲခန်းတွေကို အသုံးပြုပြီး တစ်နေ့ကို ပြည်သူ ၂၀၀၀၀ ခန့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုရှိ၊ မရှိ စစ်ဆေးနိုင်ခဲ့ပါတယ်။ ရောဂါလက္ခဏာပြသသူတွေကို သီးခြားစောင့်ကြည့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစင်တာတွေကို စီစဉ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်က အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပွားခဲ့တဲ့ မားစ်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ထိန်းချုပ်တဲ့နည်းလမ်းတွေကို ကျင့်သုံးခဲ့ပါတယ်။ မားစ်ရောဂါဖြစ်ပွားမှုဟာ ကူးစက်ရောဂါဖြစ်ပွားမှုတွေကို ကာကွယ်ပေးဖို့ တောင်ကိုရီးယားနိုင်ငံအတွက် သင်ခန်းစာတွေ ရရှိခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံအတွင်းမှာ ရောဂါထိန်းချုပ်ရေး စင်တာတွေ ထူထောင်ပြီး ရောဂါကူးစက်မှု အဆိုးရွားဆုံးအခြေအနေကို ကြိုတင်ကာကွယ်ဖို့ အထူးကုသရေးဌာနတွေ စီစဉ်ထားရှိခဲ့ပါတယ်။ ဒါ့အပြင် ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်တွေကို မိုဘိုင်းဖုန်းတွေမှတစ်ဆင့် ပြည်သူတွေဆီကို မျှဝေပေးခဲ့ပါတယ်။ ဒီလိုနဲ့ မတ်လ အလယ်ပိုင်းမှာတော့ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းကို သိသိသာသာ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၃၈၄ ဦးရှိပြီး သေဆုံးသူ ၂၀၀ ခန့်ရှိပါတယ်။ ရောဂါကူးစက်ခံရသူတွေအနက် ၆၇၇၆ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာတယ်လို့ သိရပါတယ်။

တောင်ကိုရီးယားအစိုးရရဲ့ ရွေးကောက်ပွဲ ကျင်းပဖို့ ဆောင်ရွက်ထားရှိပုံတွေဟာ ကျေနပ်အားရစရာ ကောင်းလှပါတယ်။ ဒါကြောင့် ဧပြီ ၁၅ ရက်မှာ ကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကြီး အောင်မြင်စွာနဲ့ ပြီးစီးသွားမယ်လို့ မျှော်လင့်ရပါတယ်။ ဒီမိုကရေစီနိုင်ငံမှာ ရွေးကောက်ပွဲတွေ စဉ်ဆက်မပြတ်ရှိဖို့လိုပါတယ်။ ရွေးကောက်ပွဲမရှိတဲ့ နိုင်ငံမှာ ဒီမိုကရေစီစနစ် ထွန်းကားမှု မရှိပါဘူး။ ဒါကြောင့် ကပ်ရောဂါဆိုး ကူးစက်ပျံ့နှံ့နေတဲ့ကြားက နိုင်ငံအတွင်းမှာ ဒီမိုကရေစီ စနစ် အခွန့်ရှည်တည်တံ့ခိုင်မြဲစေလိုတဲ့ သမ္မတ မွန်ဂျေအင်းရဲ့ ဒီမိုကရေစီစိတ်ဓာတ်ကို လေးစားရင်း တောင်ကိုရီးယားရွေးကောက်ပွဲ ရလဒ်ထွက်ပေါ်မှုတွေကို ဆက်လက်စောင့်မျှော် ကြည့်ရှုရမှာပဲဖြစ်ပါတယ်။ ။

**တောင်ကိုရီးယားနိုင်ငံရဲ့ ၂၁ ရာစုပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲမှာ ပြည်သူ ၄၄ သန်းဟာ အမျိုးသားညီလာခံအဖွဲ့ဝင် ၃၀၀ ခန့်ကို ထောက်ခံမဲပေးပြီး ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒီလိုရွေးချယ်ရာမှာ ယခင်အနိုင်ရရှိထားတဲ့ မဲဆန္ဒနယ်တွေမှ အမတ်လောင်း ၂၅၃ ဦး (၈၄ ရာခိုင်နှုန်း)နဲ့ နိုင်ငံရေးပါတီတွေမှ အချိုးကျအနိုင်ရရှိတဲ့ အမတ်လောင်း ၄၇ ဦး (၁၆ ရာခိုင်နှုန်း) တို့ကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရေး ပါတီတွေအနေနဲ့ လွှတ်တော်အမတ်နေရာတွေကို အနိုင်ရရှိဖို့ဆိုရင် ခရိုင်ငါးခု (သို့မဟုတ်) ထောက်ခံမဲအားလုံးရဲ့ သုံးရာခိုင်နှုန်းကို အနိုင်ရဖို့ လိုအပ်ပါတယ်။**

# ကမ္ဘောဇဘဏ် ရွှေပြည်သာဘဏ်ခွဲ(၁)၌ ငွေလာသွင်းသူ၏ ငွေကျပ် ၁၇၅ သိန်းပါ ငွေထုပ် လုယက်ခံရ

**ရန်ကုန် မေ ၈**

ကမ္ဘောဇဘဏ် ရွှေပြည်သာဘဏ်ခွဲ(၁)၌ ငွေလာသွင်းသည့် အမျိုးသမီးတစ်ဦး၏ ငွေကျပ် ၁၇၅ သိန်းပါငွေထုပ် လုယက်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် တည်င်းကုန်းဈေးသစ်ကြီး အနီး (၁၄) လမ်းဆုံ ပုလဲလမ်းမဘေး၌ ဖွင့်လှစ်ထားသည့် ကမ္ဘောဇဘဏ် ရွှေပြည်သာဘဏ်ခွဲ(၁)၌ ငွေလာသွင်းသည့် မမေချိုသွေးသည် မေ ၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဘဏ်သို့ရောက်လာပြီး ငွေသွင်းရန်ငွေထုပ်အား ဘဏ်ရှေ့ စားပွဲပေါ်တွင် တင်ထားပြီး စာရွက်စာတမ်းများစစ်ဆေးနေစဉ် အမျိုးသားတစ်ဦးက ငွေထုပ်အား ဆွဲယူထွက်ပြေးကာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

CCTV မှတ်တမ်းများအရ လုယက်သူမှာ မိုးပြာရောင် အင်္ကျီလက်ရှည်နှင့် ပုဆိုးအနက်ခံအစိမ်းကွက်စိပ် ဝတ်ဆင်ထားသူဖြစ်ကြောင်း၊ ၎င်းစီးနင်းသည့်ဆိုင်ကယ်မှာ ခဲနက်ရောင် ဆိုင်ကယ်ဖြစ်ကြောင်း၊ လုယက်အပြီးတွင် ပုလဲလမ်းမအတိုင်း ရွှေပြည်သာ ပုလဲလမ်းဆုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

လုယက်ထွက်ပြေးသူအား ရဲတပ်ဖွဲ့က CCTV မှတ်တမ်းများ စစ်ဆေးချက်များနှင့် တိုက်ဆိုင်ကာ စုံစမ်းရှာဖွေလျက်ရှိပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

ရွှေမြင့်ဦး(ရွှေပြည်သာ)



# ၁၂ ဘီးယာဉ် ဘရိတ်ပေါက်၍ ပေ ၁၅၀ နက်သည့် ချောက်ထဲကျ၊ နှစ်ဦးသေ

**ငဖဲ မေ ၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မင်းဘူး-အမ်း ကားလမ်း မိုင်တိုင်အမှတ်(၆၄/၅) ဂုတ်စီးရိုးရွာအနီး၌ မေ ၇ ရက် ညနေပိုင်းက ၁၂ ဘီးယာဉ်တစ်စီး ဘရိတ်ပေါက်၍ ပေ ၁၅၀ ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ကာ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လမ်းခင်းကျောက်မှုန့်များ တင်ဆောင်လာသော ၁၂ ဘီးယာဉ်မှာ မင်းဘူး-အမ်း ကားလမ်း မိုင်တိုင် အမှတ် (၆၄/၅) ဂုတ်စီးရိုးရွာအနီး ဂငယ်ကွေ့အရောက်တွင် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ လက်ဝဲဘက် ပေ ၁၅၀ ခန့် နက်သောချောက်ထဲသို့ ထိုးကျခဲ့ကာ လိုက်ပါလာသူ ခြောက်ဦးအနက် ယာဉ်မောင်း ဦးတိုးဝင်းနှင့် မျိုးမင်းဇော်(ခ)မျိုးသီဟအောင်တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူနှစ်ဦး၊ ဒဏ်ရာရရှိသူ လေးဦးအား ရိုးမမေတ္တာ နာရေးကူညီမှု အသင်း၊ မြတ်စေတနာ လူမှုကူညီရေးအသင်းတို့မှ ပဒါန်းဆေးရုံသို့ သယ်ယူပို့ဆောင်ကူညီပေးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပဒါန်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ဇေယျာတု(မကွေး)

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ သစ် တန် ၈၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက် မှ မေ ၅ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃၄၃ ဒသမ ၂၇၄၄ တန်၊ သစ်မာ ၂၇၆ ဒသမ ၇၉၂၄ တန်၊ အခြား ၂၂၅ ဒသမ ၉၄၈၇ တန် စုစုပေါင်း ၈၄၆ ဒသမ ၀၁၅၅ တန်၊ ပြစ်မှုကျူးလွန်သူ ၄၅ ဦး၊ ယာဉ်/ ယန္တရား ၃၉ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)



ရန်လင်းနောင်(ခ) နောင်နောင် (ခ) ကိုကိုအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၆၉)ရပ်ကွက် မဏိစန္ဒာလမ်းနေ ရန်လင်းနောင်(ခ)နောင်နောင်(ခ)ကိုကို၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရေနံချောင်းမြို့၌ ကားနှင့်ဆိုင်ကယ် တိုက်မိ

**ရေနံချောင်း မေ ၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သုံးဆယ် ခြောက်ကျေးရွာအနီး ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၆၈/၅) နှင့် (၃၆၈/၆) အကြား၌ မေ ၇ ရက် ညနေ ၆ နာရီခန့်က ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိကာ ဆိုင်ကယ်မောင်းသူတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေနံချောင်းမြို့သို့ ကိုကိုအောင် မောင်းနှင်လာသည့်ယာဉ်နှင့် အောင်ဖြိုးဝေ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ် မောင်းနှင်သူတွင် ဒဏ်ရာများ (စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကိုကိုအောင်နှင့် အောင်ဖြိုးဝေတို့အား လက်မှတ်ကုန်းနယ်မြေ ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ရွှေဆူး

# မံစီ၌ ပိုက်ဆံအိတ်လုယက်သူနှစ်ဦး ဖမ်းမိ

**မံစီ မေ ၈**

ကချင်ပြည်နယ် မံစီမြို့၌ မေ ၆ ရက် နံနက်ပိုင်းက အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ် လုယက်သူနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၆ ရက် နံနက် ၁၁ နာရီက မံစီမြို့နယ် တုံပလွေကျေးရွာနေ ဒေါ်လုခိုင်သည် ဗန်းမော်မြို့သို့ ဈေးဝယ်ရန်သွားရောက်စဉ် ရီခူးမန်ခံကျေးရွာအထွက်၌ နောက်မှ ဆိုင်ကယ်ဖြင့်လိုက်လာသူ အမျိုးသားနှစ်ဦးက ငွေကျပ် ၆၀၀၀၀၊ နားကပ်တစ်ရန်နှင့် လက်ကိုင်ဖုန်း ထည့်ထားသည့် ပိုက်ဆံအိတ်အား လုယူထွက်ပြေးသွားခဲ့သည်။

အဆိုပါ ပိုက်ဆံအိတ်လုယက်မှုအား ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတိုးလွင်၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက ဆိုင်ကယ်ပြင်ဆိုင်များနှင့်ချိတ်ဆက်၍ စုံစမ်းရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ အမျိုးသားနှစ်ဦး ဆိုင်ကယ်ပြင်နေစဉ် စစ်ဆေးရာမှ ပိုက်ဆံအိတ် လုယက်သွားသူဖြစ်ကြောင်း ဖော်ထုတ်ရမိခဲ့သည်။

ပိုက်ဆံအိတ် လုယက်သူနှစ်ဦးမှာ ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်နေ



သန်းရွှေနှင့် တေဇမြင့်ဦးတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးထံမှ ငွေကျပ် ၃၆၅၀၀၊ နားကပ်တစ်ရန်နှင့်လက်ကိုင်ဖုန်းတစ လုံးတို့ကို ပြန်လည်သိမ်းဆည်းရရှိခဲ့ပြီး မံစီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

❑

# ရွှေသွေးဂျာနယ်ထွက်ရှိ




**ရန်ကုန် မေ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၁၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ဆင်နွှဲပုံအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းအောင်အောင်ထွေး၏ “မင်္ဂလာသင်္ကြန်” မျက်နှာဖုံးဇာတ်လမ်း၊ ကျန်းမာရေးဗဟုသုတတိုးပွားပြီး လိုက်နာကျင့်သုံးနိုင်စေရန်အလို့ငှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးနှင့်ပတ်သက်၍ လိုက်နာကျင့်သုံးအပ်သည့် ပညာပေးစာမျက်နှာကို ဗဟုသုတဖြစ်ဖွယ် ကူးယူတင်ဆက်ထားသည့် ပညာပေးကဏ္ဍ၊ ညဏ်ကောင်းသော ရှင်းသန့်နှင့် ရွှေချည်ဇာတို့၏ အဖြစ်ကို ဟာသမြောက်အောင် ရေးဖွဲ့ထားသည့် နှစ်မျက်နှာကာတွန်း၊ မိမိတွင် စစ်မှန်သည့် ကိုယ်ပိုင်အရည်အချင်းရှိမှသာ ဘဝတွင် အောင်မြင်မှုရရှိနိုင်မည် ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်း၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

# နောင်တရားနှင့် သီပေါမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

**နောင်တရား မေ ၈**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ အမှတ်(၁) ရပ်ကွက် နန်းပုလင်းလမ်းရှိ နေအိမ်တစ်လုံး ယနေ့နံနက် ၈ နာရီ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးမြင့်စိုးဝေ၏နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းရှိ မွေ့ရာပေါ်တွင် ဖုန်းအားသွင်းပြီး စောင်နှင့်အုပ်ထားခဲ့ရာမှ အပူလွန်ကဲ၍ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး နောင်တရားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နောင်တရားမီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နောင်တရားမြို့ ဒေသခံများကပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၂ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ အဆိုပါမီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

**သီပေါ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စု စိန်ပန်းရပ် မြို့ဦးကျောင်းတိုက်အပေါ်ထပ်တွင် ယနေ့နံနက် ၂ နာရီ မိနစ် ၄၀ က မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း ကြီးကြပ်ကွပ်ကဲသော နမ့်လန်နယ်မြေ မီးသတ်စခန်းမှူးသန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ကြရာ ကူးစက်လောင်ကျွမ်းခြင်းမရှိဘဲ နံနက် ၃ နာရီခွဲတွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မြို့ဦးဘုန်းတော်ကြီးကျောင်း ကပ္ပိယဖြစ်သူ ဦးကျော်ဝင်းအောင်အား နမ့်လန်နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်း (သီပေါ)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၈-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာ ကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှု ခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များ ရရှိနိုင်ရေးအတွက် နေ့စဉ် သတင်းထုတ်ပြန်ခြင်း လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၇-၅-၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီမှ (၈-၅-၂၀၂၀)ရက်နေ့၊ ညနေ(၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၄၄) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၈-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသူ (၃၃) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (၃၃) ဦးလုံး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ချင်းပြည်နယ်၊ တီးတိန် ပြည်သူ့ဆေးရုံတွင် လူနာ (၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ(၁၂) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီ ဆေးရုံတွင် လူနာ(၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် လူနာ (၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိသည့်လူနာ (၃)ဦး စုစုပေါင်း (၁၉)ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့၊ အထူးကြပ်မတ်ကုသခန်း၌ သီးခြားထားရှိကုသမှုပေးလျက်ရှိသည့် လူနာ (၁) ဦး (Case 17) နှင့် ဝေဘာဂီအထူးကုဆေးရုံကြီး၊ အထူးကြပ်မတ်ကုသခန်း၌ သီးခြားထားရှိကုသမှုပေးလျက်ရှိသည့် လူနာ (၁) ဦး (Case 16) တို့သည် (၈-၅-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် သေဆုံးခဲ့ပါသည်။ အဆိုပါ လူနာ (၂) ဦး သေဆုံးမှုနှင့်ပတ်သက်၍ ယနေ့ ညနေတွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၅။ (၂၇-၃-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါပိုးတွေ့ရှိခဲ့ပြီး နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ဆွစ်ဇာလန်နိုင်ငံသူ၊ အသက် (၅၈) နှစ်အရွယ် အမျိုးသမီး (Case-7) သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာအား (၄-၅-၂၀၂၀) ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ဓာတ်ခွဲနမူနာအား (၇-၅-၂၀၂၀) ရက်နေ့တွင်လည်းကောင်း ရယူ၍ စစ်ဆေးခဲ့ရာ ထပ်မံစစ်ဆေးသည့် (၂) ကြိမ်စလုံးတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရသဖြင့် ယနေ့ ညနေပိုင်းတွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး သတ်မှတ်ထားသည့် နေရာတွင် (၁၄) ရက် စောင့်ကြပ်ကြည့်ရှုရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၇-၅-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂)ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေး ပညာပေး အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်း

**ရန်ကုန် မေ ၈**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်၊ အလှူရှင်များက တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ ကုမ္ပဏီအလိုက်သော်လည်းကောင်း အလှူငွေများ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ လှူဒါန်းမှုများသည် ကျန်းမာရေး ဝန်ထမ်းများအတွက် များစွာအထောက်အကူပြုပါကြောင်း၊ အလှူရှင်များလှူဒါန်းသည့် လှူဒါန်းငွေနှင့် စက်ပစ္စည်း ကိရိယာများကို အသုံးပြုကာ အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်မှုများလည်း ပြုလုပ်သွားမည်ဖြစ်သဖြင့် ကိုဗစ်-၁၉ လူနာများအတွက်သာမက နောင်ကာလများတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ထားရှိကုသရမည့် အခြားလူနာများအတွက်လည်း များစွာ အကျိုးပြုမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌက ငွေလှူဒါန်းရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း(quarantine) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရာထိုင်ခင်း၊ အဆောက်အဦပံ့ပိုးရခြင်း အကြောင်းရင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုအား လက်ခံခဲ့ပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

အဆိုပါ လှူဒါန်းပွဲ၌ ရာဇဌာနီ (အကျိုးတူ) ကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀ ၊ နန်းထိုက်ပြည့်ပိုင် ကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀၊ ရောရတနာကျောက်မျက်ကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀၊ ထွန်းတောက်ဇမ္ဗူကျောက်မျက်ကုမ္ပဏီက ငွေကျပ် သိန်း ၅၀၀ ၊ မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းက ငွေကျပ် ၃၃၅ သိန်းနှင့် အငြိမ်းစား ဆရာ ဆရာမကြီးများ ကျန်းမာရေးအထူးစောင့်ရှောက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (ကဘက - အထက (၆)၊ ဗိုလ်တထောင် (စိန်ပေါလ်) ကျောင်းသားဟောင်းများ) က ငွေကျပ်သိန်း ၇၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအဖွဲ့ ရောက်ရှိ

**ရန်ကုန် မေ ၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးရန် မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် သွားရောက်ကြိုဆိုတွေ့ဆုံသည်။




**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့ကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ၎င်းတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းသွားမည့် တရုတ် ယွမ်ငွေ ၄၃၃၇၃၃၄ ဒသမ ၂၅ တန်ဖိုးရှိ ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ ဓာတ်ခွဲကိရိယာများ၊ စက်ပစ္စည်းများကို ကြည့်ရှုသည်။

"ဆွေမျိုးပေါက်ဖော်မေတ္တာနက်ရှိုင်း၍ အပြန်အလှန်ကူညီဖေးမပေး၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါ လက်တွဲတိုက်ဖျက်၊ အခက်အခဲအတူရင်ဆိုင်ကျော်လွှား" ဆောင်ပုဒ်ဖြင့် ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အဖွဲ့တွင် Yunnan Administration of Traditional Chinese Medicine မှ စီမံအုပ်ချုပ်သူ၊ The First Affiliated Hospital of Kunming Medical University မှ ရင်ခေါင်းနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန်၊ ကူးစက်ရောဂါအထူးကုဆရာဝန်၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး အထူးကုဆရာဝန်၊ ကျန်းမာရေးစီမံခန့်ခွဲမှုအရာရှိ၊ အကြီးတန်းသူနာပြု၊ Yunnan Center for Disease Control and Prevention မှ ကပ်ရောဂါဗေဒပညာရှင်များ၊ ဓာတ်ခွဲပညာရှင်များနှင့် Yunnan Provincial Hospital of Traditional Chinese Medicine မှ တရုတ်တိုင်းရင်းဆေးပညာရှင်တို့ပါဝင်ပြီး မြန်မာနိုင်ငံတွင် ၁၅ ရက်တာနေထိုင်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသမှု အတွေ့အကြုံများ ဝေမျှခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဆေးပညာရှင်များအဖွဲ့သည် ၎င်းတို့လုပ်ငန်း ဆောင်ရွက်ရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများကိုလည်း တစ်ပါတည်း ယူဆောင်လာခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ်ကျရောက်စဉ်ကာလအတွင်း ပုံမှန်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကြိုတင်ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုဗစ်-၁၉ ကူးစက်ရောဂါကျရောက်စဉ်ကာလအတွင်း ဝန်ကြီးဌာနက ပုံမှန်ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ အလျင်အမြန်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရှိနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများနှင့် ယနေ့မွန်းလွဲပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

ထိုသို့ ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ယခုအခါသည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရင်ဆိုင်နေရသော ကာလဖြစ်ကြောင်း၊ ပုံမှန်ကျရောက်လျက်ရှိသော သဘာဝဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ရလျက်ရှိကြောင်း၊ ပုံမှန်ဖြစ်ပွားလေ့ရှိသော မီးလောင်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မုန်တိုင်းကျရောက်ခြင်းနှင့် ရေကြီးရေလျှံဖြစ်ခြင်းတို့အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် အလျင်အမြန်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီမံချက်များ ရေးဆွဲရာတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များပါ ထည့်သွင်းရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရင်ဆိုင်နေရချိန်ကာလအတွင်း ငလျင်ဘေးအန္တရာယ်ကျရောက်ပါက ကပ်ရောဂါနှင့်ဆက်စပ်၍ ထိခိုက်ဆုံးရှုံးမှု ပိုမိုများပြားနိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို အသုံးပြုနိုင်ရန် စနစ်တကျစုဆောင်းထားရှိရန် လိုအပ်ပါကြောင်း၊ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ သဘာဝဘေးစီမံခန့်ခွဲရာတွင် ဖြည့်ဆည်းဆောင်ရွက်ထားရမည့် အစီအမံများ၊ လိုအပ်သော ကာကွယ်ရေးပစ္စည်းများ စုဆောင်းထားရန် ကိစ္စရပ်များ၊ သဘာဝဘေးကျရောက်လာပါက အရေးပေါ်တုံ့ပြန်ရေး စီစဉ်ထားမှုများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဆွေးနွေးကြရာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် အာဆီယံကျန်းမာရေးဝန်ကြီးများနှင့် အာဆီယံအပေါင်း(၃) ကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး Special Video Conference တွင် ပါဝင်ဆွေးနွေး

**နေပြည်တော် မေ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် မေ ၇ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသော အာဆီယံကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး Special Video Conference နှင့် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပသော အာဆီယံအပေါင်း(၃) ကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး Special Video Conference များကို နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အရေးပေါ်တုံ့ပြန်ရေးဌာနမှ ပါဝင်တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် အာဆီယံကျန်းမာရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ တုံ့ပြန်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး Special Video Conference အတွက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး (ASEAN Health Ministers Meeting)၏ လက်ရှိဥက္ကဋ္ဌဖြစ်သူ အင်ဒိုနီးရှားနိုင်ငံမှဦးဆောင်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး နှစ်ဖက်ကိုယ်စားလှယ်များမှ သက်ဆိုင်ရာနိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကျန်းမာရေးဆိုင်ရာပညာရှင်များ စွမ်းရည်မြှင့်တင်ရေးအတွက် သင်တန်းများနှင့် ပညာသင်လဲလှယ်ရေး အစီအစဉ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အဦများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် State of Art Hospital အဖြစ် နေပြည်တော်တွင် ဆေးရုံကြီးတစ်ခု တည်ဆောက်ရေးအစီအစဉ်၊ ကျန်းမာရေးသတင်းအချက်အလက်ဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ မရှိမဖြစ်လိုအပ်သောဆေးဝါးများ ဝယ်ယူရာတွင် ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများ၊ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာနှင့် အလှကုန်များကွပ်ကဲရေး လုပ်ငန်းစဉ်များနှင့် အဆိုပါပစ္စည်းများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများ၊ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ Special Video Conference တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေး၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID–19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့–

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# လက်ပံတန်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်

**လက်ပံတန်း မေ ၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီများသည် မေ ၇ ရက် မွန်းလွဲ ၂ နာရီက မြို့မဈေးကြီးအတွင်း၊ အပြင်နှင့် မော်တော်ယာဉ်ဂိတ်များသို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဗီနိုင်းပိုစတာများ၊ လက်ဆေးစက်များ၊ ဆပ်ပြာများ၊ ရေပုံး၊ ရေခွက်များကို အထက (၂)၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ ချမ်းသာကုန်းကျေးရွာ၊ ကျွန်းကလေးကျေးရွာ၊ ဆင်တလင်းကျေးရွာ၊ ငွေးတောက်ကွင်း (ရွာမ) ကျေးရွာ၊ မကျီးကွင်းကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID–19 ကူးစက်ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**



## မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် လုပ်အားပေးနေသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအား သွားရောက်ကြည့်ရှုအားပေး

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ လုပ်အားပေးနေကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအား တွေ့ဆုံကာ ကျေးဇူးတင်အားပေးစကားပြောကြားသည်။

ထို့နောက် အသင်းမှပံ့ပိုးသည့် အထောက်အကူပြုပစ္စည်းများ၊ ကိုကာကိုလာကုမ္ပဏီမှ လှူဒါန်းသည့် ရေသန့်နှင့် အချိုရည်များ၊ တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ ဦးတင်မောင်က လှူဒါန်းသည့် လက်သန့်ဆေးရည်ဘူး ၅၀၀ တို့ကိုပေးအပ်သည်။

အသင်းဥက္ကဋ္ဌသည် နံနက်ပိုင်းကလည်း တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် ဖွင့်လှစ်ထားသော တိုင်းအဆင့် ကြက်ခြေနီအရေးပေါ်ကွပ်ကဲမှုစင်တာကို သွားရောက်ကြည့်ရှုခဲ့ပြီး တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ကြက်ခြေနီ တပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသည်။

နိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်အတူ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀) ပြည့်နှစ်၊ မေပြီလ (၈)ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၈–၅–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ဦးမောင်ကြူ (OK ဂျုံမှုန့်) + ဒေါ်သန်းသန်းဌေး သား၊ သမီး၊ မြေးများနှင့် ဝန်ထမ်းများ | ၁,၃၀၀.၀၀ |
| ၂။ | ဦးဝင်းမြင့်မောင် မိသားစုနှင့် သူငယ်ချင်းမိသားစုများ | ၅၀၀.၀၀ |
| ၃။ | ဦးအောင်လင်း+ ဒေါ်စန်းစန်းမြင့် သား ဦးမျိုးသန့်၊ ဒေါက်တာဇေယျာလင်း မင်းထင်ပဲပြာရည်လုပ်ငန်း | ၂၀၀.၀၀ |
| ၄။ | ဟန်စိန်သန့် ကုမ္ပဏီ | ၁၅၀.၀၀ |
| ၅။ | မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | ၁၀၀.၀၀ |
| ၆။ | ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)နှင့် စေတနာရှင်များ | ၁၀၀.၀၀ |
| ၇။ | စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ | ၅၄.၀၀ |
| ၈။ | ပညာရေးဝန်ကြီးဌာန | ၃၇.၀၀ |
| ၉။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဝန်ထမ်းများ | ၁၉.၀၀ |
| ၁၀။ | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ | ၁၅.၀၀ |
| ၁၁။ | 1982 ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘွဲ့ ကျောင်းသူကျောင်းသားများ | ၁၅.၀၀ |
| ၁၂။ | Mr Fahmid Bhulya (PGMF) | ၁၀.၀၀ |
| ၁၃။ | Light House မှ ကိုထွန်းဝင်းအောင်နှင့် မောင်နှမများ | ၁၀.၀၀ |
| ၁၄။ | စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း | ၁၀.၀၀ |
| | **စုစုပေါင်း** | **၂၃၂၀.၀၀** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လှုံ့ဆော်တေးသီချင်း မကြာမီထုတ်လွှင့်မည်

**ရန်ကုန် မေ ၈**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေး "အားလုံးအတူ" ခေါင်းစဉ်ဖြင့် လှုံ့ဆော်တေးသီချင်း အသံသွင်းခြင်းလုပ်ငန်းကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ စတူဒီယို D ၌ ဆောင်ရွက်သည်။

အဆိုပါ လှုံ့ဆော်တေးသီချင်းကို တေးရေးမင်းသျှင်သွေး ရေးစပ်ထားပြီး တေးသံရှင်များ ဖြစ်ကြသော အာတီချုပ်၊ စောလားထော်ဝါးနှင့် ငွေဇင်လှိုင်းတို့၏သီဆိုမှုဖြင့် အသံသွင်းခြင်းဖြစ်သည်။

"အားလုံးအတူ" အမည်ရ တေးသီချင်းသံစဉ်ကို Acerbic Music Band နှင့်အတူ ဒရမ်မာ ကိုဗီနိုထွန်း၏ တီးခတ်မှုဖြင့် အသံသွင်းခြင်းကို မေ ၄ ရက်နှင့် ၅ ရက်တို့တွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မေစတူဒီယို၌ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ လှုံ့ဆော်တေးသီချင်း ထုတ်လွှင့်မည့် အစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့ ပူးပေါင်းစီမံမှုဖြင့် တေးရေး၊ တေးဆို၊ တီးခတ်သူများနှင့် စတူဒီယိုများက ပြည်သူများ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးနိုင်ရန်အတွက် မေတ္တာဖြင့် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။ ၎င်းသရုပ်ဖော် တေးသီချင်းကို MRTV နှင့် Online မီဒီယာများမှ မကြာမီထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**နီနီ (FDC)**



ရန်ကုန်မြို့ရှိ စတူဒီယို D ၌ တေးသံရှင်များ အသံသွင်းနေသည်ကို တွေ့ရစဉ်။

## ရခိုင်ပြည်နယ် ကိုဗစ် -၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းဝေး(၁/၂၀၂၀) ကျင်းပ



**စစ်တွေ မေ ၈**

ရခိုင်ပြည်နယ် Coronarvirus Disease – 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၀)ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် Coronarvirus Disease – 2019 (COVID–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကိုဗစ် – ၁၉ နှင့် ပတ်သက်၍ ရခိုင်ပြည်နယ်တွင် ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်း လုပ်ငန်းများဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ယခုကော်မတီကိုဖွဲ့စည်းပြီး လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကိုလည်း ဗဟိုက သတ်မှတ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ လက်ရှိလုပ်ငန်းများ၊ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်လိုကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းသည့်အခါလည်း ဝိုင်းဝန်းကာစေတနာထားပြီး ဆွေးနွေးပေးကြစေလိုကြောင်း၊ ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ ပြည်ပမှ နေရပ်သို့ပြန်လည်ရောက်ရှိလာသူများကို သိရှိထားသူများရှိသလို မသိရှိသူများလည်း ရှိနေကြောင်း၊ လက်ရှိအခြေအနေတွင် သိရှိသူများကို ညွှန်ကြားချက်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ပြီး ကာကွယ်ရေး၊ ကုသရေးများကအစ ဆောင်ရွက်ပေးထားနိုင်သော်လည်း မသိရှိဘဲဝင်ရောက်လာသူများ ကျေးရွာများတွင် ပျံ့နှံ့ပြီးရှိနိုင်ပါကြောင်း။

ထိုကိစ္စများကိုလည်း မည်သို့စီစဉ်မည်၊ ဖြစ်လာလျှင် မည်သို့ကာကွယ်တုံ့ပြန်သွားမည်ကို ဆွေးနွေးပေးကြစေလိုကြောင်း၊ ကိုဗစ် – ၁၉ နှင့်ပတ်သက်၍ လတ်တလော ဆောင်ရွက်နေကြရာတွင် ကော်မတီအနေဖြင့် ဆောင်ရွက်ရသည်များရှိသလို လူမှုရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆောင်ရွက်နေရသည်များရှိသည့်အတွက် လိုအပ်သည့်ပစ္စည်းများနှင့် ဘဏ္ဍာရေးအခြေအနေများကိုလည်း ဆွေးနွေးပေးစေလိုကြောင်းနှင့် ယနေ့ကော်မတီမှ လုပ်ဆောင်ရာတွင် စနစ်တကျဖြစ်စေရန်အတွက် အကြံပြုဆွေးနွေးချက်များကိုလည်း ရှေ့လုပ်မည့်လုပ်ငန်းစီမံချက်တစ်ခုရေးဆွဲကာ စီမံချက်ထဲတွင် လတ်တလောလုပ်ဆောင်မည့်အရာ၊ ရေရှည်တွင်လုပ်ဆောင်မည့်အရာ၊ လိုအပ်ချက်၊ ညွှန်ကြားရန် လိုအပ်ချက်နှင့် ဗဟိုနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ချက်များကို ထည့်သွင်းရေးဆွဲသွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေအားလည်းကောင်း၊ ရခိုင်ပြည်နယ် Coronarvirus Disease – 2019 (COVID–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်းက ကော်မတီ၏ လုပ်ငန်းတာဝန်များအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ ဆက်လက်ဖွဲ့စည်းနိုင်ရေးနှင့် ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




## နိုင်ငံတကာမှ ကုန်စည်သီးသန့်လေယာဉ်များ ဆိုက်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးနေ

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံရှိ နိုင်ငံတကာမှ သံရုံးဝန်ထမ်းများ၊ ပြည်သူများ ၎င်းတို့၏နေရပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာနိုင်ရေးနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေး၊ ဆေးဘက်ဆိုင်ရာနှင့် ကုန်စည်သီးသန့်လေယာဉ်များ ဆိုက်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ပျံသန်းပြေးဆွဲခွင့်ပြုမည်**

လက်ရှိတွင် ကယ်ဆယ်ရေး၊ ဆေးဘက်ဆိုင်ရာ၊ ကုန်စည်လေယာဉ်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ထွက်ခွာလျက်ရှိပြီး Commercial Flight များအား မတ် ၃၁ ရက်မှ မေ ၁၃ ရက်အထိ ဝင်ရောက်ခွင့် ခေတ္တဆိုင်းငံ့ထားရန် နိုင်ငံတကာလေကြောင်းလိုင်းများသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှပေးပို့အကြောင်းကြားပြီးဖြစ်ကြောင်းနှင့် All Cargo Flights Relief Flight ၊ Medical 111111 Evacuation Flights နှင့် Special Flights များအား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပျံသန်းပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် မြန်မာနိုင်ငံအတွင်းရောက်ရှိနေသော နိုင်ငံခြားသားများ မိမိနေရပ်သို့ ပို့ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံ၏သံရုံးနှင့် လေကြောင်းလိုင်းများမှ ပျံသန်းပို့ဆောင်ခွင့်၊ ခွင့်ပြုချက်ကိုတောင်းခံလျက်ရှိရာ အဆိုပါတောင်းဆိုမှုများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဦးဆောင်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ပျံသန်းပို့ဆောင်နိုင်ရန် စိစစ်၍ ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရောက်ရှိနေသော နိုင်ငံခြားသားများ မိမိနေရပ်သို့ ပို့ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံ၏ သံရုံးနှင့် လေကြောင်းလိုင်းများမှ ပျံသန်းခွင့်များလျှောက်ထားလျက်ရှိရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ကြီးကြပ်မှုဖြင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ခွင့်ပြုပေးလျက်ရှိသည်။

အဆိုပါ ကယ်ဆယ်ရေး၊ ဆေးဘက်ဆိုင်ရာနှင့် ကုန်စည်သီးသန့်လေယာဉ်များအနေဖြင့် မတ် ၃၁ ရက်မှ မေ ၈ ရက်ထိ ခရီးသည်ဦးရေ စုစုပေါင်း ၃၃၅၅ ဦးနှင့် ကုန်စည်တန် စုစုပေါင်း ၁၉၄ တန်တို့အား သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်း– ဇာနည်မောင်၊ အေးမင်းသူ**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကန့်သတ်စောင့်ကြည့်စခန်းများတွင် အသုံးပြုရန် ရေနံဓာတ်ငွေ့ရည်အိုး ၂၀၀ လှူဒါန်း

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း မြို့နယ်အချို့တွင် ကိုဗစ်–၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်စခန်းများ၌ အစားအသောက်ချက်ပြုတ်ရာတွင်အသုံးပြုရန် ရေနံဓာတ်ငွေ့ရည်အိုးများ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လှူဒါန်းထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် စာတိုက်မှတ်တိုင်အနီးတွင် ဖွင့်လှစ်ထားသော ရတနာစု ရေနံဓာတ်ငွေ့ဆိုင်၌ ကျင်းပသည်။

**ပေးအပ်**

ထိုလှူဒါန်းမှုတွင် ရေနံဓာတ်ငွေ့ရည် (50 Kg ဝင်) အိုး ၂၀၀ တန်ဖိုးအားဖြင့် ကျပ်သိန်း ၁၀၀ ရှိသော ရေနံဓာတ်ငွေ့ရည်အိုးများကို ရတနာစုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးရဲဝင်းကပေးအပ်ရာ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာကန့်သတ်စောင့်ကြည့်စခန်းများသို့ ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အိမ်အရောက်ပို့စနစ်**

ထို့ပြင် ကိုဗစ် –၁၉ ကပ်ရောဂါကျရောက်နေချိန်တွင် ရတနာစု ရေနံဓာတ်ငွေ့ဆိုင်အနေဖြင့် ရေနံဓာတ်ငွေ့ရည်များ ပုံမှန်ဈေးနှုန်းအောက် လျှော့၍ရောင်းချခြင်းကို မေ ၂၀ ရက်မှ စတင်၍ ယခင် 1 Kg လျှင် ကျပ် ၁၀၀၀ မှ ယခု ကျပ် ၈၀၀ သို့လည်းကောင်း၊ ယခင် 15 Kg တစ်အိုးလျှင် ကျပ် ၁၅၀၀၀ အစား ယခု ကျပ် ၁၂၀၀၀ နှုန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုကာလများ၌ ရေနံဓာတ်ငွေ့ ရည်သုံးစွဲသူများ ကိုယ်တိုင်ထုတ်ယူမှုတွင် အခက်အခဲမရှိစေရန် တောင်ဥက္ကလာပ၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ လသာ စသောမြို့နယ်များသို့ ဝန်ဆောင်ခ ဂတ်စ်အိုးတစ်အိုးလျှင် ကျပ် ၃၀၀၀ ဖြင့် အိမ်အရောက်ပို့စနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယနေ့တွင် ကျင်းပသော လှူဒါန်းထောက်ပံ့ပွဲမှ သိရသည်။

**မြင့်မောင်စိုး**




## ပန်းတနော်တွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး ကိုယ်တိုင်ချုပ်လုပ်ထားသည့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ပန်းတနော် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကူးစက်မြန် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက ကိုယ်တိုင်ချုပ်လုပ်ထားသည့် နှာခေါင်းစည်းများကို ပရဟိတအဖွဲ့များ စုပေါင်းကာ မြို့နယ်အတွင်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"တစ်ခါသုံး နှာခေါင်းစည်းတွေ အသုံးများလာတာနဲ့အမျှ အမှိုက်တွေ ပိုထွက်လာတယ်။ ကုန်ကျစရိတ်တွေ များလာပါတယ်။ ဒါကြောင့် နေ့စဉ် ဈေးထွက်ရောင်းရတဲ့သူတွေ၊ အခြေခံလူတန်းစားတွေအတွက် ရည်ရွယ်ပြီး ပြန်လည်အသုံးပြုနိုင်တဲ့ ကိုယ်တိုင်ချုပ်လုပ်ထားတဲ့ နှာခေါင်းစည်းတွေကို လှူဒါန်းပေးခြင်းဖြစ်ပါတယ်" ဟု ပရဟိတအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပန်းတနော်မြို့ အမေ့သားအမှိုက်သိမ်းအဖွဲ့၊ လယ်ပေါ်ပရဟိတအဖွဲ့၊ အဖြူရောင်သူငယ်ချင်းများ ပရဟိတအဖွဲ့တို့မှ ပန်းတနော်မြို့မဈေး၊ လူစည်ကားရာနေရာများသို့ သွားရောက်ပြီး ကိုဗစ် –၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်နိုင်ရန် ပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးချမ်းအောင်(ပန်းတနော်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ကြည့်ရှု

**ရေတာရှည် မေ ၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများသည် မေ ၇ ရက် နံနက် ၁၀ နာရီခွဲက ရေတာရှည်မြို့နယ် ရေနီမြို့အုပ်ချုပ်ရေးမှူးရုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစခန်းများမှ တာဝန်ခံများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါသည် လေမှတစ်ဆင့် လက်၊ ပါးစပ်၊ မျက်စိတို့ကို ထိမိ၍ကူးစက်ခြင်းဖြစ်ကြောင်း၊ ကန့်သတ်စောင့်ကြည့်ထားရှိခြင်းသည် ရောဂါရှိသည်ဟု မထင်မှတ်စေချင်ကြောင်း၊ မိသားစုဝင်များနှင့် ခေတ္တခွဲထားပြီး ၁၄ ရက် စောင့်ကြည့်ခြင်းသာဖြစ်ပြီး မိမိမှတစ်ဆင့် မိသားစုဝင်များ၊ အခြားသူများအား ကူးစက်မှုမခံရအောင်ကာကွယ်ခြင်းဖြစ်ကြောင်း၊ ၁၄ ရက်ပြည့်မြောက်ပြီး အိမ်ပြန်ကြသူများကိုလည်း အထူးမှာကြားလိုသည်က အိမ်ကို ပြန်ရောက်ပါကလည်း အပြင်ကို မလိုအပ်ဘဲမထွက်ကြရန် လိုအပ်ပါကြောင်း၊ ကမ္ဘာ့ကပ်ရောဂါဖြစ်သည့်အားလျော်စွာ ပြည်သူများအားလုံး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့်အတိုင်း လိုက်နာနေထိုင်ကြရန်နှင့် လူသားတိုင်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိဖို့ လိုကြောင်း ပြောကြားသည်။

ထို့နောက် ရေတာရှည်မြို့နယ်စောင့်ကြည့်ရေးစခန်းများတွင်အသုံးပြုရန် အပူချိန်တိုင်းကိရိယာ ငါးခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံသုံးစုံ၊ လက်သန့်ဆေးရည်ဘူး ငါးဖာ၊ နှာခေါင်းစည်း ခြောက်ဖာတို့ကို ပေးအပ်ခဲ့ရာ ရေနီမြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာက လက်ခံရယူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများသည် ရေတာရှည်မြို့ အမှတ် (၁) ရပ်ကွက် ဓာတ်တော်ဘုရားကြီးဓမ္မာရုံ၌ ဖွင့်လှစ်ထားသော Free Delivery အဖွဲ့ ယာယီရုံးသို့ရောက်ရှိခဲ့ရာ အသင်းတာဝန်ခံ ဦးဖြိုးစည်သူက မြို့ပြနှင့်ကျေးလက်ဒေသများရှိ အိမ်တွင်နေထိုင်ကြသော ပြည်သူများ၏ လိုအပ်ချက်များအား အခမဲ့ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အလိုအလျောက်ဆေးဖျန်းစက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လှူဒါန်း

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု အလိုအလျောက်ဆေးဖျန်းစက်တစ်ခုကို ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများထံ လာရောက်လှူဒါန်းသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Save Monywa အဖွဲ့နှင့် မုံရွာနည်းပညာတက္ကသိုလ်မှ ကျောင်းသားများ ပူးပေါင်း၍ အလိုအလျောက်ဆေးဖျန်းစက်ကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

“မုံရွာနည်းပညာ တက္ကသိုလ်ကျောင်းသား လေးဦးရဲ့ နည်းပညာနဲ့ထုတ်လုပ်တာဖြစ်ပြီး Save Monywa အဖွဲ့က ငွေကြေးထောက်ပံ့ပေးပြီး ကိုယ်ထည်ပိုင်းကို ကျွန်တော်တို့က တည်ဆောက်ပေးတာပါ။ နည်းပညာပိုင်းကိုသူတို့က လုပ်တာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းလုပ်တဲ့အခါမှာ အစိုးရက အဓိကကျတဲ့အတွက် လှူဒါန်းရခြင်းဖြစ်ပါတယ်။ ထပ်ပြီးလိုချင်တယ်ဆိုရင်တော့ အစိုးရအဖွဲ့ရဲ့ပံ့ပိုးကူညီမှုနဲ့ ဆက်လက်လုပ်ဆောင်ပေးဖို့ အစီအစဉ်လည်းရှိပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်တွေကို ဖြန့်ဝေပေးဖို့ နောက်ထပ်ဆေးဖျန်းစက် ၁၀ ခုလည်း ဆက်လက်မှာယူထားပါတယ်။ အဲဒီထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်နဲ့ လိုအပ်တဲ့ပစ္စည်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပေးမှာဖြစ်ပြီး ကျွန်တော်တို့က တည်ဆောက်မှုနဲ့နည်းပညာအကူအညီတွေပေးသွားမှာဖြစ်ပါတယ် ” ဟု Save Monywa အဖွဲ့ဦးဆောင်တည်ထောင်သူ ကိုအောင်နေမျိုးက ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိခရိုင် ၁၀ ခုသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဖြန့်ဝေပေးနိုင်ရန် အလိုအလျောက်ဆေးဖျန်းစက် ၁၀ ခုကို ထပ်မံမှာယူထားကြောင်း Save Monywa အဖွဲ့ဦးဆောင်တည်ထောင်သူ ကိုအောင်နေမျိုးက ပြောသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## တနင်္သာရီတိုင်းဒေသကြီးတွင် ဆန်အိတ် ၅၀၀ နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ထားဝယ် မေ ၈**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆန်အိတ် ၅၀၀ နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဧရာဝတီ ဖောင်ဒေးရှင်းက ဆန်အိတ် ၅၀၀၊ IME ဖောင်ဒေးရှင်းက ငွေကျပ် ၁၀၂၃၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်း၊ အပူချိန်တိုင်းကိရိယာ၊ VNVN(alcohol spray)၊ ဆိုဒီယမ်ဟိုက်ပိုကလိုရစ်နှင့် လက်ဆေးဆပ်ပြာများ၊ ဇာတိရွှေမြေကုမ္ပဏီမှ ငွေကျပ် ၄၁၀၀၀၀၀ တန်ဖိုးရှိ Medical Examination Gloves၊ နှာခေါင်းစည်း၊ အပူချိန်တိုင်းကိရိယာနှင့် Safety Eyewear များ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**



## ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားချက်အတိုင်း ရေကြောင်းပညာတက္ကသိုလ်က လက်သန့်ဆေးရည်များ ထုတ်လုပ်

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များအတိုင်း လက်သန့်ဆေးရည်များထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လက်သန့်ဆေးရည်ကို ကိုဗစ်-၁၉ ရောဂါပိုးကို အပြည့်အဝကာကွယ်ရန်အတွက်သာမက သုံးစွဲသူများ၏ လက်အရေပြား မထိခိုက်ရန်အတွက်ပါ ရည်ရွယ်ဖော်စပ်ထားကြောင်း သိရသည်။

“ကျွန်မတို့က လိုချင်သလောက်ဖြန့်ပေးပါတယ်။ လာဝယ်တာတွေလည်း တော်တော်များနေပါပြီ။ တစ်လီတာလည်းထုတ်တယ်။ 500 ml လည်းထုတ်တယ်။ နောက် လေးလီတာ လည်းထုတ်တယ်”ဟု မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အင်ဂျင်နီယာ ဓာတုဗေဒဌာနမှ ကထိက ဒေါက်တာဆွေလှိုင်ထားက ပြောသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်က ထုတ်လုပ်သည့် ယင်းလက်သန့်ဆေးရည်သည် နေအိမ်၊ စက်ရုံ၊ ဆေးရုံ၊ ဆေးခန်း၊ ကျောင်း၊ ရုံးအပါအဝင် နေရာတိုင်းအသုံးပြုနိုင်ရန်စီမံဆောင်ရွက်ထားကြောင်း၊ ထုတ်လုပ်ပြီးနောက် သုံးရက်အထိ အေးသောနေရာတွင်ထားကာ အယ်လ်ကိုဟောရာခိုင်နှုန်းနှင့် ပိုးမွှားများနှင့် ဗက်တီးရီးယားများ ပါဝင်ခြင်း မရှိအောင် လုပ်ဆောင်ထားကြောင်း၊ မှာယူလိုသူများအနေဖြင့် လေးရက်ကြိုတင်မှာယူနိုင်ကြောင်းနှင့် ဒေါက်တာဆွေလှိုင်ထား ဖုန်း ၀၉-၅၀၆၀၀၅၀ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်မှ သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

## ရန်ကုန် ကန့်သတ်စောင့်ကြည့်စခန်းများသို့ ရေသန့်ဘူးများ လှူဒါန်း

**ရန်ကုန် မေ ၈**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ကန့်သတ်စောင့်ကြည့်စခန်းများအတွက် တစ်လီတာဝင်ရေသန့်ဘူး ၆၀၀၀ ကို မင်္ဂလာဒုံမြို့နယ်ရှိ မိုးစက်ရေသဘာဝသောက်ရေသန့်လုပ်ငန်းက ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ ပေးအပ်လှူဒါန်းသည်။



အဆိုပါလှူဒါန်းမည့်သောက်ရေသန့်ဘူးများကို မေ ၈ ရက် နံနက်ပိုင်းက စက်ရုံတည်ရှိရာ မင်္ဂလာဒုံမြို့နယ် သီရိမြိုင်လမ်း ရေသန့်စက်ရုံသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေတို့က ရေသန့်ဘူးများ ပေးပို့လှူဒါန်းရန်ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

"ခုလိုလိုအပ်နေတဲ့ ရေသန့်ဘူးတွေကို လှူဒါန်းပေးရလို့ အင်မတန်မှ ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ ကန့်သတ်စောင့်ကြည့်စခန်းတွေဆီ အမြန်ဆုံးရောက်အောင် ပေးပို့သွားမှာဖြစ်ပါတယ်"ဟု မိုးစက်ရေသောက်ရေသန့်လုပ်ငန်းမှ ဒါရိုက်တာဦးဇေယျာပိုင်က ပြောသည်။

အဆိုပါလှူဒါန်းမှုသည် တန်ဖိုးအားဖြင့် ငွေကျပ် ၁၀ သိန်းဖိုးရှိပြီး တစ်လီတာဝင်ဘူးပေါင်း ၆၀၀၀ ရှိကြောင်း သိရသည်။

**မြင့်မောင်**

# အသက်ရှူအထောက်အကူပြုကိရိယာ ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်



**မန္တလေး မေ ၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းတွင် အရန်အင်အားအဖြစ် စုစည်းထားရှိနိုင်ရန် မန္တလေးမြို့ ဆေးရုံကြီးများရှိ လက်ထောက်ဆရာဝန်များအား အသက်ရှူအထောက်အကူပြုကိရိယာ ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို မေ ၇ ရက် နံနက် ၉ နာရီက ဆေးတက္ကသိုလ်(မန္တလေး)၌ ဖွင့်လှစ်သင်ကြားပေးသည်။

ကိုဗစ်-၁၉ ရောဂါအား ရှေ့တန်းတိုက်စစ်မှ ကုသမှုပေးနေကြသည့် မေ့ဆေးဆရာဝန်များ၊ အရေးပေါ်ကုသရေးဆိုင်ရာဆရာဝန်များအနေဖြင့် ပင်ပန်းနွမ်းနယ်ခြင်း (သို့မဟုတ်) ရောဂါရှိလူနာနှင့် ထိတွေ့မှုကြောင့် ၎င်းတို့ကိုယ်တိုင် ၁၄ ရက် စောင့်ကြပ်ကြည့်ရှုမှုခံယူရပါက အစားထိုးဖြည့်ဆည်းနိုင်ရန် လက်ထောက်ဆရာဝန်များအား အရန်အင်အားအဖြစ် စုစည်းထားရှိကာ ကုသမှုဆိုင်ရာနည်းပညာသင်တန်းများအား ကြိုတင်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်က ပြောသည်။

"ကုသမှုတွေကြောင့် ပင်ပန်းနွမ်းနယ်သွားလို့ အင်အားလျော့ကျသွားတဲ့ မေ့ဆေးဆရာဝန်တွေရဲ့ နေရာမှာ အရန်အင်အားအဖြစ် ထားရှိနိုင်ဖို့ လက်ထောက်ဆရာဝန်တွေကို အသက်ရှူအထောက်အကူပြုကိရိယာတပ်ထားတဲ့ လူနာကို စက်ပေါ်က သတိပေးချက်တွေကိုကြည့်ပြီး လူနာရဲ့အခြေအနေပြောင်းလဲသွားတာတွေကို ချက်ချင်းသိနိုင်ဖို့ လေ့ကျင့်သင်ကြားပေးတဲ့သဘောပါ။ ဒီသင်တန်းမှာ စက်ရဲ့သဘောသဘာဝကို လေ့ကျင့်ပေးမယ့်အပြင် လူနာနဲ့စက်နဲ့တွဲပြီး စက်ပေါ်က ဖော်ပြချက်တွေကို သိနိုင်ဖို့ လေ့ကျင့်ပေးမှာပါ။ အဓိကအနေနဲ့ မေ့ဆေးဆရာဝန်တွေကို လိုအပ်တဲ့အချိန်မှာ အဆင်ပြေလွယ်ကူစွာ ကူညီပေးနိုင်တဲ့အဆင့် အထိရှိလာအောင် သင်ကြားပေးဖို့ အစီအစဉ်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါသင်တန်းကိုဆေးတက္ကသိုလ်(မန္တလေး)မှ ဦးဆောင်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာနမှ ဆရာဝန်များ၊ မေ့ဆေးပညာဌာနမှ ဆရာဝန်များပူးပေါင်း၍ မန္တလေးမြို့ ဆေးရုံကြီးများရှိလက်ထောက်ဆရာဝန်များအား မေ ၇ ရက်မှ ၈ ရက်အထိ တစ်ရက်လျှင် လူ ၂၀ ဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးကြောင်း သိရသည်။

ယခုသင်တန်းသို့ လာရောက်သင်ကြားပို့ချပေးသည့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာအေးသီရိနိုင်က "လက်ထောက်ဆရာဝန်တွေကို အရေးပေါ်လိုအပ်လာရင် ဝိုင်းပြီးကူညီနိုင်အောင် ကြိုတင်သင်ကြားပေးတဲ့သဘောပါ။ ကျွန်မတို့ဆရာဝန်တွေက ဘယ်လိုလူနာမဆို ကုသပေးနေကျဖြစ်တဲ့အတွက် ဒီရောဂါကိုလည်း ရှေ့တန်းကနေ ကြိုတင်ကာကွယ်ပေးထားပါတယ်"ဟု ပြောသည်။

ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် အရန်အင်အားများအဖြစ် ဆက်လက်စုစည်းထားရှိနိုင်ရန် ယခုဖွင့်လှစ်သင်ကြားပေးသည့် နည်းပညာရပ်များအား ဗီဒီယိုဖိုင်နှင့်ရိုက်ကူးကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လက်ထောက်ဆရာဝန်များထံသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည့်အပြင် သင်တန်းတက်ရောက်ရန် တောင်းဆိုမှုများရှိလာပါကလည်း ဆက်လက်ဖွင့်လှစ်ပေးရန် စီစဉ်ပေးသွားမည်ဖြစ်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဝန်းသိုမြို့နယ် ပုတိမ်ကုန်းကျေးရွာ၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်

**ဝန်းသို မေ ၈**

ဝန်းသိုမြို့နယ် ပုတိမ်ကုန်းကျေးရွာ ရေရရှိရေးလုပ်ငန်းကို ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၁၃ ဒသမ ၉၈ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေ ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနည်ကျမီးသင့်ကျောက်များ၊ သင်ပုန်းကျောက်တန်းများ ပေါ်များသည့်အတွက် မြေအောက်ရေရရန် ခက်ခဲကြောင်း၊ ယခုပုတိမ်ကုန်းကျေးရွာရေရရှိရေးအတွက် နှစ်လတူးဖော်ခဲ့ရာ စက်ရေတွင်းပေ ၄၀၀ အောင်မြင်စွာတူးဖော်ပြီးစီးခဲ့ကြောင်း၊ တချို့စက်ရေတွင်းများမှာ သုံးလမှ လေးလအထိ ခက်ခက်ခဲခဲတူးဖော်ရပါကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောကြားသည်။

ဆက်လက်၍ စက်ရေတွင်း ဆက်စပ်လုပ်ငန်းများဖြစ်သော ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တစ်ကန်နှင့် ၁၀'x၈'x၈' ရေစက်ရုံတစ်ခုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

# ကျောင်းကုန်းမြို့နယ် ထွေ/အုပ်ဝန်ထမ်းများအား ဆန်၊ ကြက်သွန်နှင့် ကြက်ဥထောက်ပံ့ပေး

**ကျောင်းကုန်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆန်၊ ကြက်သွန်၊ ကြက်ဥ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက သင်္ကြန်ကာလအတွင်း ဝန်ထမ်းများအားလုံး နာရေးကိစ္စမှအပ လက်ရှိဒေသမှ ခရီးသွားခြင်းမပြုရန် ညွှန်ကြားထားသဖြင့် မိမိတို့အနေဖြင့် အကြောင်းကိစ္စရှိပါက အဆင်သင့်နေကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါအခြေအနေ ကင်းစင်ချိန်ကျမှ ပိတ်ရက်ခံစားခွင့် ပြန်လည်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်း ၂၇ ဦးအား တစ်ဦးလျှင် ဆန် ၁၂ ပြည်၊ ကြက်သွန် ၁ ပိဿာနှင့် ကြက်ဥ ၁၀ လုံးစီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် အခြေခံစားကုန်များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် သန်လျင်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်းကာ မေ ၆ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် သန်လျင်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ကော်မတီအဖွဲ့ဝင်များ၊ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိုက်စိုးနှင့် စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ သန်လျင်မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် သန်လျင်မြို့မဈေးကြီးအတွင်း/အပြင်တွင် ရောင်းချနေသော ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်း များအား ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း၊ (သို့မဟုတ်) ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေးကာ လိုအပ်သော သတိပေးခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# အင်းစိန်မြန်မာ့စီးပွားရေးဘဏ်တွင် ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အတွက် အင်းစိန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်၍ မေ ၇ ရက် နံနက် ၁၁ နာရီက သန္တေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အင်းစိန်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်များအတွင်းရှိ လမ်းများ၊ လူစည်ကားရာနေရာများတွင်လည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး နေ့စဉ်ကျန်းမာရေးစစ်ဆေး

**ထီးချိုင့် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာရှိ ကြံတောင်သူများ၊ အလုပ်သမားများ ကြံတင်သွင်းရောင်းချသူများ၊ ယာဉ်မောင်းများအား နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မေ ၇ ရက် နံနက်တွင် ကျန်းမာရေးဌာနများ၊ မောင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများဦးဆောင်၍ ကျန်းမာရေးစစ်ဆေးပေးသည်။

"နေ့စဉ် အလုပ်သို့ လာရောက်ချိန် နံနက် ၈ နာရီ အလုပ်သိမ်းချိန် ညနေ ၄ နာရီတို့မှာ မတ်လပိုင်းထဲကစတင်ပြီး လက်ဆေးရည်၊ လက်အိတ်၊ နှာခေါင်းစည်း၊ အပူတိုင်းကိရိယာနဲ့ ဂိတ်အဝင်အထွက်နေရာများမှာ ကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်ရုံကို မှီခိုနေရတဲ့ အလုပ်သမားတွေ၊ ကြံတောင်သူတွေ ကူးစက်မြန် ကိုဗစ်-၁၉ရောဂါ မဖြစ်ပေါ်စေရေး လုပ်ဆောင်လျက်ရှိပါတယ်။ တောင်သူတွေ၊ အလုပ်သမားတွေ ကျန်းမာရေးကောင်းမွန်စေရေး တစ်ဦးတစ်ယောက်မှ အများကူးစက်ပြန့်ပွားရောဂါမဖြစ်စေရန် ဆောင်ရွက်ပေးနေပါတယ်" ဟု စက်ရုံတာဝန်ခံ ဦးကျော်နိုင်က ရှင်းပြသည်။

**ငွေအိုး (ကသာ)**

# သထုံမြို့မရဲစခန်း၌ အသိပညာပေးဟောပြော

**သထုံ မေ ၈**

သထုံမြို့မရဲစခန်းမှ ဒုရဲမှူးဇော်မင်းထွန်းသည် မေ ၇ ရက် နံနက် ၁၀ နာရီက သထုံမြို့မရဲစခန်း၌ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရဲစခန်းအတွင်းရှိ မိသားစုဝင်များအား ဆောင်ရန်ရှောင်ရန်များအား ရှင်းလင်းပြောကြားပေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# လှိုင်းဘွဲ့တွင် စောစောပြော မိုဘိုင်းအပလီကေးရှင်းအကြောင်း အသိပညာပေး

**လှိုင်းဘွဲ့ မေ ၈**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကျန်းမာရေးအခြေအနေများကို လျင်မြန်လွယ်ကူစွာ အချက်အလက်ပေးပို့နိုင်ရေးအတွက် စောစောပြော အပလီကေးရှင်းစနစ် အသုံးပြုရခြင်း ရည်ရွယ်ချက်နှင့် အသုံးပြုပုံများကို မေ ၆ ရက်က လှိုင်းဘွဲ့မြို့နယ် ကန့်သတ်စောင့်ကြည့်စခန်းများ၌ သွားရောက်ရှင်းလင်းပြသသည်။

လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က စောစောပြောမိုဘိုင်းအပလီကေးရှင်းသည် ကန့်သတ်ခံရသူတစ်ဦးအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ လိုက်နာဆောင်ရွက်နေသည့်ကာလအတွင်း မိမိတို့ရဲ့ ကျန်းမာရေးအခြေအနေကို မိုဘိုင်းအပလီကေးရှင်းဖုန်းကနေတစ်ဆင့် သတင်းပေးပို့နိုင်သည့် စနစ်ဖြစ်ကြောင်းပေးရှင်းလင်းပြောကြားပြီး လူငယ်ရေးရာကော်မတီဝင် ဦးစည်သူဌေးက စောစောပြော မိုဘိုင်းအပလီကေးရှင်းစနစ်၏ ဖုန်းတွင်ရယူပုံ၊ အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် လူငယ်ရေးရာကော်မတီဝင်များက စောစောပြောအပလီကေးရှင်း ထည့်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



**မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် မေ ၇ ရက် ညနေ ၄ နာရီခွဲက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်လှခေါင်းဆောင်၍ ဗိုလ်တထောင်စေတီတော် ဗုဒ္ဓဝံသရက္ခိတအဖွဲ့မှ ရပ်ကွက်အတွင်း ကာကွယ်ဆေးဖျန်းစဉ်။**
ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

## ဘောလုံးရာသီမပြီးဆုံးခဲ့ပါက ပရီမီယာလိဂ်က ပေါင်တစ်ဘီလီယံ ဆုံးရှုံးမည်

၂၀၁၉-၂၀၂၀ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲ မပြီးဆုံးခဲ့ပါက ပရီမီယာလိဂ်အနေနဲ့ ပေါင် တစ်ဘီလီယံ ဆုံးရှုံးမှာဖြစ်တယ်လို့ သိရပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲဟာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ရပ်နားခဲ့ရတာလည်း ဖြစ်ပါတယ်။

ပရီမီယာလိဂ်ပြိုင်ပွဲကို အခုနှစ်ထဲမှာ အဆုံးမသတ်နိုင်ခဲ့ဘူးဆိုရင် ဆုံးရှုံးမှုအများအပြားဖြစ်ပေါ်လိမ့်မယ်လို့လည်း ပရီမီယာလိဂ်အမှုဆောင်ချုပ် ရစ်ချက်မာစတာက သတိပေးပြောကြားခဲ့ပါတယ်။

အင်္ဂလန်ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလားပြိုင်ပွဲ အပါအဝင် ဘောလုံးပွဲစဉ်တွေ ရွှေ့ဆိုင်းခဲ့တာကြောင့် ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှုမှာ ပေါင် သန်း ၁၅၀ အထိရှိမှာဖြစ်တယ်လို့လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အမှုဆောင်ချုပ် ဘူလ်လင်ဂမ်က ပြောကြားခဲ့ပါတယ်။ ဒါကြောင့် ကစားသမားတွေကို သူတို့ရဲ့ လုပ်ခလစာထဲမှ ၃၀ ရာခိုင်နှုန်း လျှော့ပေးဖို့ ပရီမီယာလိဂ်က အဆိုပြုခဲ့တာဖြစ်ပါတယ်။

## ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး သောမက်မူလာ စာချုပ်သစ်ချုပ်ဆို




ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး သောမက်မူလာဟာ ၂၀၂၃ ခုနှစ်အထိ အသင်းမှာ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီ ဖြစ်ပါတယ်။ သောမက်မူလာဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

အသက် ၃၀ အရွယ်ရှိ ဂျာမနီကြယ်ပွင့် သောမက်မူလာဟာ ၂၀၀၉ ခုနှစ်မှစတင်ကာ ဘိုင်ယန်မြူးနစ်အသင်းမှာ စတင်ကစားခဲ့တာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပွဲပေါင်း ၅၀၀ ကျော် ပါဝင်ကစားပေးခဲ့ကာ အဓိကဆုဖလား ၁၆ လုံးအထိ ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိ ဘွန်ဒက်လီဂါ အမှတ်ပေးဇယားမှာ ဒုတိယနေရာက ဒေ့ါမွန်အသင်းကို လေးမှတ်ဖြတ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာဖြစ်ပြီး ဘွန်ဒက်လီဂါပြိုင်ပွဲကိုလည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဧပြီ ၃၀ ရက်အထိ ရပ်နားထားခဲ့တာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ အဲဒီလို ပြိုင်ပွဲတွေ ရပ်နားထားပြီးနောက် အခုတစ်ပတ်ထဲမှာပဲ ငါးယောက်တစ်အုပ်စုခွဲပြီး လေ့ကျင့်ရေးပြန်ဆင်းနေပြီလို့လည်း သိရပါတယ်။

## မစ်ဒယ်ဘရော့တိုက်စစ်မှူး ကာဗာနက်ဂ်ကို ခေါ်ယူရန် ချယ်လ်ဆီး၊ အာဆင်နယ်တို့နဲ့အပြိုင် ဆဲလ်တစ်ကြိုးပမ်း




ဆဲလ်တစ်အသင်းဟာ မစ်ဒယ်ဘရော့တိုက်စစ်မှူး ကာဗာနက်ဂ်ကို ခေါ်ယူဖို့အတွက် ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းတို့နဲ့အပြိုင် ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

အသက် ၁၆ နှစ်အရွယ်ရှိ အိုင်ယာလန်လူငယ်ကြယ်ပွင့် ကာဗာနက်ဂ်ဟာ မစ်ဒယ်ဘရော့အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနေတာဖြစ်ပြီး ဆဲလ်တစ်အသင်းအနေနဲ့ အင်္ဂလန်ကလပ်အသင်းတွေဆီကနေ မကြာသေးတဲ့နှစ်တွေအတွင်းက မောက်ဆာဒမ်ဘီလီ၊ လူကာကော်နယ်၊ ဂျိုနက်သန်အက်ဖိုလာဘီစတဲ့ကစားသမားတွေကို ခေါ်ယူနိုင်ခဲ့တာမို့ အခုတိုက်စစ်မှူး ကာဗာနက်ဂ်ကိုလည်း ခေါ်ယူနိုင်မယ်လို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

တိုက်စစ်မှူး ကာဗာနက်ဂ်အနေနဲ့ အသင်းအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ စကော့တလန်ချန်ပီယံ ဆဲလ်တစ်အသင်းက မျှော်လင့်ထားတာဖြစ်တဲ့အတွက် ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းတို့ထက် လက်ဦးမှုယူပြီး ခေါ်ယူနိုင်ဖို့လည်း ပြင်ဆင်နေတယ်လို့ သိရပါတယ်။

**❒ တိုက်စစ်မှူး ကာဗာနီမှ**

ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်အသင်းကိုမှ ပြောင်းရွှေ့ဖို့ မအောင်မြင်ခဲ့ဘဲ ပီအက်စ်ဂျီအသင်းမှာပဲ ဆက်ရှိနေခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ကာဗာနီရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ အခုနှစ်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်တဲ့အတွက် အပြောင်းအရွှေ့ကာလ ပြန်လည်ဖွင့်လှစ်ချိန်မှာ အသင်းသစ်တစ်သင်းဆီ ပြောင်းရွှေ့မယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေတာဖြစ်ပါတယ်။ ကာဗာနီဟာ ကစားခဲ့တဲ့အသင်းတိုင်းမှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့အပြင် လက်ရှိမှာ အသက်အရွယ်ရှိနေပြီဖြစ်ပေမယ့် ထိပ်တန်းကစားသမားအဖြစ်ဆက်ရှိနေဖို့လည်း ဆန္ဒရှိနေတာဖြစ်ပါတယ်။

ပီနာရိုလ်အသင်းခေါင်းဆောင် ရိုဒရီဂွက်ဇ်ကလည်း ကာဗာနီအနေနဲ့ မိခင်မြေမှာ ၎င်းနဲ့အတူ ပီနာရိုလ်အသင်းဆီ လာရောက်ကစားလိမ့်မယ်လို့ ဆိုပါတယ်။ ပီနာရိုလ်အသင်းဟာ ဥရုဂွေးနိုင်ငံရဲ့မြို့တော် မွန်တီဗီဒီယိုမှာ အခြေစိုက်တဲ့အသင်းဖြစ်ပြီး အဲဒီအသင်းကို ဝါရင့်တိုက်စစ်မှူး ဒီယေဂိုဖော်လန်က နည်းပြအဖြစ် တာဝန်ယူနေတာဖြစ်ပါတယ်။

**ငွေကြယ် - စုစည်းသည်**

## အနုပညာ

## ကိုရိုနာဗိုင်းရပ်စ်ရန်ပုံငွေ ဖျော်ဖြေပွဲတွင် လေဒီဂါဂါ ပါဝင်မည်

ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံသို့ အမေရိကန်ဒေါ်လာ ၃၅ သန်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ကုသရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ရှေ့တန်းကနေ ပါဝင်လုပ်ဆောင်နေသူတွေအတွက် ရန်ပုံငွေအထူးဖျော်ဖြေပွဲတစ်ရပ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ ဟာပါဘဇာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လေဒီဂါဂါ၊ Global Citizen နဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က One World: Together At Home တေးဂီတဖျော်ဖြေပွဲ ပြုလုပ်သွားမှာဖြစ်ကြောင်း ဧပြီ ၇ ရက်က တရားဝင် ထုတ်ဖော်ပြောကြားခဲ့တာပါ။

အဆိုပါ ဖျော်ဖြေပွဲဟာ ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ကုသရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ရန်ပုံငွေဖျော်ဖြေပွဲဖြစ်ပြီး လာမယ့် ဧပြီ ၁၈ ရက်မှာ ပြုလုပ်သွားမှာဖြစ်ကာ ရုပ်သံနဲ့ အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေဟာ သူ့ရဲ့ မင်္ဂလာပွဲအပေါ် သက်ရောက်မှုရှိကြောင်း ဂျနီဖာလိုပက်ဇ် ပြောကြား



ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်က လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေဟာ သူနဲ့ အဲလက်စ်ရိုဒရီးဂွက်ဇ်တို့ရဲ့ မင်္ဂလာအခမ်းအနားအပေါ် သက်ရောက်မှုရှိကြောင်း ဂျနီဖာလိုပက်ဇ်က ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ဟာပါဘဇာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျနီဖာလိုပက်ဇ်ဟာ လတ်တလောမှာ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ The Ellen DeGeneres Show မှာ ပါဝင်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလတွေဟာ သူ့အပေါ် သက်ရောက်မှုနဲ့ပတ်သက်ပြီး ဖြေကြားခဲ့ပါတယ်။ ဒီလိုဖြေကြားရာမှာ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ မင်္ဂလာရက်အပေါ်လည်း သက်ရောက်မှုရှိနိုင်ကြောင်း ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဂျနီဖာလိုပက်ဇ်ဟာ အဲလက်စ်ရိုဒရီးဂွက်ဇ်နဲ့ ပြီးခဲ့တဲ့ မတ်လအတွင်း စေ့စပ်ခဲ့ကြပြီးဖြစ်ပါတယ်။ မင်္ဂလာပွဲအတွက်လည်း ပြင်ဆင်နေပြီး မင်္ဂလာနေ့ရက်သတ်မှတ်ရာမှာတော့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတွေကြောင့် ပြောင်းလဲမှုရှိနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ ပြဿနာဖြစ်ကြောင်း၊ ဒါကြောင့် နောက်လအနည်းငယ်အထိ စောင့်ကြည့်ရမှာဖြစ်ကြောင်းနဲ့ မင်္ဂလာပွဲအစီအစဉ်ကိုတော့ လတ်တလောမှာ သတ်မှတ်လို့မရနိုင်သေးကြောင်းလည်း ပြောကြားခဲ့ပါတယ်။



## ကန်းထရီးတေးသံရှင် ဂျွန်ပရိုင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး ကွယ်လွန်

ကျော်ကြားတဲ့ ကန်းထရီးတေးသံရှင်တစ်ဦးဖြစ်သူ ဂျွန်ပရိုင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် လတ်တလောမှာ ကွယ်လွန်ခဲ့ပြီဖြစ်ပါတယ်။ တေးသံရှင်ဟာ ကွယ်လွန်ချိန်မှာ အသက် ၇၃ နှစ်ရှိပြီဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျွန်ပရိုင်းဟာ ဧပြီ ၇ ရက်က ကွယ်လွန်ခဲ့တာပါ။ ဂျွန်ပရိုင်းကွယ်လွန်ခဲ့တဲ့အပေါ် အခြားသောကြယ်ပွင့်တွေက ဝမ်းနည်းကြောင်း ၎င်းတို့ရဲ့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ကွယ်လွန်ကြောင်း သတင်းတွေပေါ်ထွက်မလာမီ သီတင်းတစ်ပတ်ခန့်က ဂျွန်ပရိုင်းရဲ့ ဇနီးဖြစ်သူ ဖီအိုနာပရိုင်းက တေးသံရှင်ရဲ့ အခြေအနေဟာ တည်ငြိမ်လာပြီဖြစ်ကြောင်း၊ သို့သော် တိုးတက်မှုမရှိသေးကြောင်း သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလို ထုတ်ဖော်ပြောကြားခဲ့တဲ့နေ့ဟာ သူတို့နှစ်ဦးမင်္ဂလာသက်တမ်း ၂၄ နှစ်ပြည့်ပြီးနောက်နေ့မှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဂျွန်ပရိုင်း ကွယ်လွန်ခဲ့တာကို ဝမ်းနည်းကြောင်း အခြားသောကန်းထရီးတေးသံရှင်များစွာကလည်း လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## သထုံတွင် ၁၄ ရက်တာ စောင့်ကြည့်မှုခံယူပြီးသူများအား နေအိမ်သို့ ပြန်လည်စေလွှတ်

**သထုံ မေ ၈**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုနေရာများ၌ ပြည်ပမှပြန်လာပြီး အသွားအလာ ကန့်သတ်စောင့်ကြည့်မှုခံယူနေသူများအနက် စောင့်ကြည့်ကာလ ၁၄ ရက် ပြည့်သူများအား မေ ၆ ရက် မွန်းလွဲပိုင်းမှစတင်ကာ မိမိတို့နေအိမ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြသည်။

သထုံမြို့နယ်တွင် ပြည်ပမှ ပြန်လာသူများအား ကန့်သတ်စောင့်ကြည့်စခန်း ၁၄ ခု ဖွင့်လှစ်ထားရှိရာ အဆိုပါနေရာများ၌ စောင့်ကြည့်မှုခံယူသူများအနက် စောင့်ကြည့်ကာလ ၁၄ ရက်ပြည့်မြောက်ခဲ့သူများအား တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရပ်ရွာအတွင်း အများနည်းတူ စနစ်တကျနေထိုင်ရေးနှင့် ဆောင်ရန်ရှောင်ရန်များ ပြောကြားကာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ပါကြောင်းနှင့် အားပေးစကားများ လိုက်လံပြောကြားခဲ့ကြပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ထောက်ခံချက်များပေးအပ်၍ ၎င်းတို့နေအိမ်သို့ ပြန်လည်စေလွှတ်ပေးခဲ့ကြသည်။

သထုံမြို့နယ်အတွင်း ပြည်ပမှပြန်လာပြီး စောင့်ကြည့်မှုခံယူသူ စုစုပေါင်း ၈၂၇ ဦးရှိကာ မေ ၆ ရက်တွင် ၂၇၉ ဦး၊ မေ ၇ ရက်တွင် ၃၀၄ ဦး စုစုပေါင်း ၅၈၃ ဦးတို့အား မိမိတို့နေအိမ်သို့ ပြန်လည်စေလွှတ်ပြီးဖြစ်ကာ ကျန်ရှိသူများအနက် သတ်မှတ်စောင့်ကြည့်ကာလ ပြည့်မြောက်သူများအား ဆက်လက်ပြန်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ပခုက္ကူ၌ စောင့်ကြည့်ကာလ ၁၄ ရက်ပြည့်၍ နေရပ်များသို့ပြန်လည်စေလွှတ်

**ပခုက္ကူ မေ ၈**

ပခုက္ကူမြို့၌ ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် အမှတ်(၁) ရပ်ကွက်၊ လေယာဉ်ကွင်းဟောင်း၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာနှင့် အမှတ်(၁၄) ရပ်ကွက် ရွှေသိမ်တော်ဓမ္မရိပ်သာ ကျောင်းတိုက်တို့တွင် စောင့်ကြည့်ခံရသူများထားရှိကြရာ မေ ၇ ရက်အထိ စောင့်ကြည့်ခံရသူပေါင်း ၄၄ ဦးရှိပြီး စောင့်ကြည့်ကာလ ၁၄ ရက်ပြည့်၍ ပြန်လည်စေလွှတ်သူ ဦးရေ ၂၁ ဦးရှိကြောင်း သိရသည်။

စောင့်ကြည့်ခံရသူများအား အစာအာဟာရကျွေးမွေးခြင်း၊ အားဆေးများတိုက်ကျွေးခြင်း၊ စိတ်ခွန်အားဖြစ်စေမည့် တေးသီချင်းများဖြင့် ဖျော်ဖြေပေးခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်းများပြုလုပ်ပေးခြင်း၊ နေ့စဉ်ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးအသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုံခြုံရေးရဲတပ်ဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများနှင့် စေတနာရှင်၊ အလှူရှင်များက စနစ်တကျ ကြည့်ရှုစောင့်ရှောက်ပေးကြသည်။

အဆိုပါ ကန့်သတ်စောင့်ကြည့်စခန်း နှစ်ခုတွင် ၁၄ ရက်ကြာထားရှိသော စောင့်ကြည့်ခံရသူများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ဒေသမှပြန်လာသူများအား ထားရှိခြင်းဖြစ်ပြီး ပြည်တွင်းမှ ပြန်လာသည့် ခရီးသည်များအား နေအိမ်၌သာ ၁၄ ရက် ထားရှိနေထိုင်စေကြောင်း သိရသည်။

**ဆလိုင်းကိုကီး**





## မုဒုံမြို့နယ်၌ ကျန်းမာရေးကောင်းမွန်သူအချို့အား နေအိမ်သို့ပြန်လည်နေထိုင်ခွင့်ပြု

**မုဒုံ မေ ၈**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မတ် ၂၉ ရက်မှစ၍ ကန့်သတ်စောင့်ကြည့်စခန်းစုစုပေါင်း ၃၁ ခု ဖွင့်လှစ်၍ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ၅၅၃၊ အမျိုးသမီး ၄၂၆ ဦး စုစုပေါင်း ၉၇၉ ဦးတို့အား နေထိုင်မှု ၁၄ ရက် ကျန်းမာရေး ကြီးကြပ်စောင့်ကြည့်ခဲ့သည်။

ယင်းတို့အနက် မေ ၆ ရက်တွင် သတ်မှတ်စောင့်ကြည့်ချိန် ၁၄ ရက်ပြည့်မြောက်၍ ကျန်းမာရေးကောင်းမွန်သူ အမျိုးသား ၁၈၆ ဦး၊ အမျိုးသမီး ၁၄၄ ဦး စုစုပေါင်း ၃၃၀ အား ၎င်းတို့၏နေအိမ်အသီးသီး၌ ပြန်လည်နေထိုင်ခွင့် လက်မှတ်များ ပေးအပ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ စခန်းများ၌ အမျိုးသား ၃၆၇ ဦး၊ အမျိုးသမီး ၂၈၂ ဦး စုစုပေါင်း ၆၄၉ ဦး ကျန်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အောင်မျိုးသူ**

**(ပြန်/ဆက်)**

## ၁၄ ရက်ပြည့်သူများအား နေရပ်ပြန်ခွင့်ပြု

**ရေတာရှည် မေ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရန် စောင့်ကြည့်ရေးစခန်းအသီးသီး၌ ၁၄ ရက်ကြာထားရှိခဲ့ပြီး မေ ၇ ရက် နံနက်ပိုင်းက ရေတာရှည်မြို့ အထကမှ ခုနစ်ဦး၊ ဆွာမြို့အ.ထ.ကမှ ခုနစ်ဦး၊ ဇေယျာသိမ်ရွာ အလက(ခွဲ)မှ ၂၇ ဦး၊ အေးကြီးရွာ အလကမှ ၁၉ ဦး စုစုပေါင်း အမျိုးသား၊ အမျိုးသမီး ၆၀ သည် စောင့်ကြည့်ကာလ ၁၄ ရက်ရက်ပြည့်မြောက်ခဲ့ပြီး ကျန်းမာရေးကောင်းမွန်၍ မိမိတို့နေထိုင်ရာဒေသအသီးသီးသို့ ပြန်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## လှည်းကူး၌ ၁၄ ရက်စောင့်ကြည့်ခံရသူများအား နေရပ်သို့ ပြန်လည်စေလွှတ်

**လှည်းကူး မေ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနရှိ ကိုဗစ်-၁၉ ရောဂါ အသွားအလာကန့်သတ် ၁၄ ရက် စောင့်ကြည့်ခံရသူ အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၇၃ ဦးအနက်မှ အမျိုးသား နှစ်ဦးနှင့် အမျိုးသားသုံးဦးတို့အား မေ ၆ ရက် မွန်းလွဲ ၁နာရီက နေအိမ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနတွင် ပြည်ပသို့သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီအဖွဲ့၏ ကြီးကြပ်မှုဖြင့်ထားရှိရာ အမျိုးသား ၅၀၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၇၈ ဦး ရောက်ရှိလျက်ရှိပြီး မေ ၅ ရက်တွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့အားလည်းကောင်း၊ မေ ၆ ရက်တွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်း ၁၀ ဦးတို့မှာ ကျေးရွာအုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် ကျေးရွာတွင်နေထိုင်ခဲ့သည့် အသွားအလာကန့်သတ်စောင့်ကြည့်မှု အပါအဝင် ၁၄ ရက်ပြည့်ခဲ့ပြီး ရောဂါလက္ခဏာမတွေ့ရှိရသဖြင့် နေအိမ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ် ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနတွင် သီးခြားစောင့်ကြည့်ခံရသူ အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၆၈ ဦး ကျန်ရှိလျက်ရှိကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

## အိမ်မဲမြို့၌ ကျန်းမာရေးကောင်းမွန်သူများအား နေအိမ်ပြန်ခွင့်ပြု

**အိမ်မဲ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အထက(၁) တွင် မတ် ၂၇ ရက်က ပြည်ပမှပြန်လာသူများအား ကန့်သတ်စောင့်ကြည့်စခန်း၌ ထားရှိရာ မေ ၆ ရက် နံနက်ပိုင်းက ၁၄ ရက်ပြည့်၍ ကျန်းမာရေးကောင်းမွန်သူများအား မိမိတို့နေအိမ်အသီးသီးသို့ ပြန်ခွင့်ပြုခဲ့သည်။

"အထက(၁)မှာ ၁၄ ရက်ထားရှိပြီး ကျန်းမာရေးကောင်းမွန်တဲ့အတွက် သူတို့ရဲ့အိမ်တွေကို ပြန်ကြတာဖြစ်ပါတယ်။ ဒီနေ့ ထွက်ခွာသူ အမျိုးသား ၁၇ ဦး အမျိုးသမီး ငါးဦးရှိပါတယ်" ဟု ကျန်းမာရေးဦးစီးဌာနမှ ဒေါ်မြသက်ဖြူက ပြောသည်။

"ဒီမှာ ၁၄ ရက်လာနေရတာ အစစအရာရာ အားလုံးအဆင်ပြေပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေလည်း ပေးပါတယ်။ အလှူရှင်တွေကလည်း တဖွဲဖွဲလာပြီးလှူကြတာမြင်တော့ ဝမ်းသာမိတယ်။ ဒီမှာအစစအရာရာ လာရောက်လုပ်ကိုင်ပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေရော၊ အလှူရှင်တွေရော၊ လူမှုရေးအသင်းအဖွဲ့တွေရော အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြန်လည်ထွက်ခွာသူတစ်ဦးက ပြောသည်။



အိမ်မဲမြို့ အထက(၁) ကန့်သတ်စောင့်ကြည့်စခန်းတွင် အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ခြောက်ဦး ရှိကြောင်း သိရသည်။

**ချစ်သက်လယ်**

**(အိမ်မဲ ပြန်/ဆက်)**



# ဒလမြို့နယ်၌ အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများပေးအပ်

**ရန်ကုန်  မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို မေ ၇ ရက် ညနေ ၅ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးခန်း၌ ကျင်းပသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး မိသားစုနှင့် မိတ်ဆွေများက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၅ စုံ၊ အပူချိန်တိုင်းစက်ကိရိယာသုံးခု၊ နှာခေါင်းစည်း ၁၆ ဘူး၊ လက်သန့်ဆေးငါးလီတာ တစ်ဘူး၊ အလှူငွေကျပ် ၆၀၀၀၀၊ ဒလမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် စေတနာအလှူရှင်များက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၃ သိန်း၊ မြို့နယ်ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးနှင့် မြို့နယ်အထောက်အကူပြုကော်မတီမှ မတည်ငွေကျပ်ခုနစ်သိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကျော်ကို နာယကများဖြစ်ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် အဖွဲ့ဝင်များက လက်ခံရယူခဲ့သည်။

အဆိုပါ လှူဒါန်းငွေများနှင့် အထောက်အကူပြုပစ္စည်းများကို မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် အရေးပေါ်လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

မေ ၉ ရက်မှ ၁၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နေအိမ်၌နေစဉ်ကာလအတွင်း အထွေထွေကျန်းမာရေးကိစ္စရပ်များနှင့် မြို့နေပြည်သူလူထုအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဦးအောင်ကျော်မြင့်မိသားစုက မင်္ဂလာ(၂)တည်းခိုခန်းအား ဆေးခန်းအဖြစ် ကူညီပေးသွားမည်ဖြစ်ကြောင်း မြို့မိမြို့ဖ အလှူရှင် ဦးအောင်ကျော်မြင့်က ပြောသည်။

**နိုင်လင်းကျော်(ပြန်ဆက်)**

# ပြည်မြို့နယ် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ပြည် မေ ၈**



ပြည်မြို့နယ် သူနာပြုသင်တန်းကျောင်းတွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်စခန်းနှင့် ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ ပြည်မြို့နယ် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းမှ ငွေသားနှင့် ထောက်ပံ့ပစ္စည်းများကို မြို့နယ် ကုန်သည်ကြီးများ အသင်းရုံး၌ မေ ၇ ရက်က လှူဒါန်းခဲ့သည်။

ပြည်မြို့နယ် ကန့်သတ်စောင့်ကြည့်စခန်းအတွက် အလှူငွေကျပ် ၁၀ သိန်း၊ ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် အလှူငွေကျပ် ၂၃၇၃၀၀၀ နှင့် ငွေကျပ် ၇၂၂၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်းအခုရေ ၁၆၆၀၊ ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ ခေါင်းစွပ် ၂၀၀၊ ငွေကျပ် ၂၂၅၀၀၀ တန်ဖိုးရှိ လက်အိတ် ၁၅၀၀ နှင့် ငွေကျပ် ၆၆၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၂ စုံ စသည့် စုစုပေါင်း ငွေကျပ် ၁၆၂၇၀၀၀ တန်ဖိုးရှိသော ဆေးဘက်ဆိုင်ရာ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေတို့ကို မေ ၇ ရက် နံနက် ၁၀ နာရီက ပြည်မြို့နယ် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းမင်းမောင်တို့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ပညာပေးနှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော မေ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်ထုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်ထုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ရေချိုပုစွန်ထုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်ထုပ်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြည်သူသို့ အသိပေးတင်ပြချက်ထုတ်ပြန်

**နေပြည်တော်  မေ ၈**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် အရေးကြီးကာလအတွင်း ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ **(သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ မပါ)** အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ် ၁၅၀ အထိ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့)ကို မေပြီလကုန်အထိ ပေးသွားမည်ဖြစ်ကြောင်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့)နှင့်ပတ်သက်၍ ပြည်သူများမှ ပေးဆောင်ရာတွင် ရှင်းလင်းစေရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်-

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (က) | အိမ်သုံးအမျိုးအစား | ၁ မှ ၃၀ | ၃၅ |
| | ▪ နေအိမ်သုံး | ၃၁ မှ ၅၀ | ၅၀ |
| | ▪ အိမ်သုံးပါဝါ | ၅၁ မှ ၇၅ | ၇၀ |
| | ▪ တစ်လုံးတစ်ခဲတည်း (အိမ်သုံး) | ၇၆ မှ ၁၀၀ | ၉၀ |
| | ▪ စီးပွားရေးလုပ်ငန်း မပါသော | ၁၀၁ မှ ၁၅၀ | ၁၁၀ |
| | ဘာသာ/ သာသနာ အဆောက်အအုံ | ၁၅၁ မှ ၂၀၀ | ၁၂၀ |
| | | ၂၀၁ နှင့် အထက် | ၁၂၅ |

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (ခ) | အိမ်သုံး မဟုတ်သည့် အမျိုးအစား | ၁ မှ ၅၀၀ | ၁၂၅ |
| | ▪ စက်မှုလုပ်ငန်းများ | ၅၀၁ မှ ၅၀၀၀ | ၁၃၅ |
| | ▪ စီးပွားရေးလုပ်ငန်းများ | ၅၀၀၁ မှ ၁၀၀၀၀ | ၁၄၅ |
| | ▪ တစ်လုံး တစ်ခဲတည်း | ၁၀၀၀၁ မှ ၂၀၀၀၀ | ၁၅၅ |
| | ▪ ယာယီသုံး | ၂၀၀၀၁ မှ ၅၀၀၀၀ | ၁၆၅ |
| | ▪ လမ်းမီး | ၅၀၀၀၁ မှ ၁၀၀၀၀၀ | ၁၇၅ |
| | ▪ အစိုးရရုံးဌာနအဖွဲ့အစည်းများ | ၁၀၀၀၀၁ နှင့် အထက် | ၁၈၀ |
| | ▪ နိုင်ငံပိုင် စက်မှုလုပ်ငန်းများ | | |
| | ▪ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ | | |
| | ▪ မြစ်ရေတင်လုပ်ငန်း | | |
| | ▪ စည်ပင်သာယာရုံးဌာန/လုပ်ငန်းများ | | |
| | ▪ အစိုးရမဟုတ်သောအဖွဲ့အစည်းများ | | |
| | ▪ နိုင်ငံခြားသံရုံးများ | | |
| | ▪ နိုင်ငံတကာအဖွဲ့အစည်းများ | | |

ထို့ပြင် ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့) ခံစားခွင့်ရရှိသည့် ဓာတ်အားသုံးစွဲသူ အမျိုးအစားတွင် ဓာတ်အားခနှုန်းထား သတ်မှတ်ချက်ဇယား၏ စာပိုဒ် ၂ (က) အိမ်သုံးအမျိုးအစားဖြင့် လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများအပြင် စာပိုဒ် ၂ (ခ) အိမ်သုံး မဟုတ်သည့် အမျိုးအစားတွင်ပါဝင်သော အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများသာ အကျုံးဝင်ကြောင်း။


ယင်းအကျုံးဝင်သော ကာလမှာ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုများဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ ယူနစ် (၁၅၀)အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခအပါအဝင် ကင်းလွတ်ခွင့်(အခမဲ့) ရရှိမည်ဖြစ်ကြောင်း၊ ယူနစ် ၁၅၁ ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် ၁၅၀ အတွက် ဓာတ်အားခကျသင့်ငွေကျပ် ၁၁၅၅၀ နှင့် ကင်းလွတ်ခွင့်(အခမဲ့) ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ ယူနစ် ၁၅၁ ယူနစ်နှင့်အထက် သုံးစွဲမှုများကို အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင်ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ မီတာဖတ်စာရေးများသည် လစဉ်ဖတ်ရှုရမည့်ရက်များအတိုင်း ဖတ်ရှုမှတ်သား၍ ဖြန့်ဝေရမည့် မီတာဘေလ်များကို ပုံမှန်ဖြန့်ဝေကာ ၎င်းမီတာဘေလ်များ၌ သုံးစွဲသည့်ယူနစ်များအလိုက် ကင်းလွတ်ခွင့်(အခမဲ့) ခံစားခွင့်ပြုမည့် ငွေပမာဏကို နုတ်ပယ်သွားမည်ဖြစ်ပြီး ၎င်းမီတာဘေလ်များကို သုံးစွဲသူများမှ သိမ်းဆည်းထားရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့် မီးသုံးစွဲသူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် သီးခြားဆောင်ရွက်ရန်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ပျော်ရွှင်ခြင်းဥပဒေသများ

စာရေးသူ ဒေါက်တာအေးကျော် စီစဉ်ရေးသားသည့် ပျော်ရွှင်ခြင်းဥပဒေသများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကြွေလွင့်သွားသော ကြယ်တစ်ပွင့် ဂျွန်ဟွန်၏ နှုတ်ဆက်စာ၊ အကန့်အသတ်မဲ့သော ဘဝစွမ်းအား၊ အကောင်းမြင်စိတ်ထား၊ နယ်လဆင်မန်ဒေးလားနှင့် မျှော်လင့်ခြင်း သီအိုရီ၊ အမေရိကန်စိတ်ပညာရှင်ဖခင်ကြီးဝီလျံဂျိမ်း၊ စိတ်ကုထုံးပညာ၏ ဖခင်ကြီးဖရွိုက်၊ စိတ်ပညာရှင်ကြီး BECK ၏ ယနေ့ အအောင်မြင်ဆုံး CBT စိတ်ကုထုံးများ၊ အာရုံကိုပြောင်းလဲခြင်း စသည်တို့ကို ရေးသားထားသည်။

စာအုပ်ကို ဘဝတက်လမ်းစာပေ၊ ဂျီ-၁၁၊ တော်ဝင်လုံးချင်းအိမ်ရာ၊ ၄၁-တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။




## ချောင်းရေယဉ်လျှမ်းပါလို့ လမ်းမသိပါပြီ

ဆရာနန္ဒာစိုး (ဆင်ဖြူကျွန်း) ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အမှတ်တရအဖြစ် ချောင်းရေယဉ်လျှမ်းပါလို့ လမ်းမသိပါပြီစာအုပ် ထွက်ရှိလာသည်။

သစ်ပင်ဆိုတာ အပင်မြင့်လာလေ လေတိုးခံရလေပဲ၊ မိုးဦး လေအတိုးမခံနိုင်တဲ့အပင်တွေကျတော့လည်း အလဲလဲအပြိုပြိုနဲ့ ဇာတ်သိမ်းသွားကြတာပဲ။ လူဆိုတာလည်းဒီလိုပဲ အောင်မြင်လာလေ ပတ်ဝန်းကျင်ရဲ့ အတိုက်အခိုက်ကိုခံရလေပဲ၊ ဒါကိုကြံ့ကြံ့မခံနိုင်ကြတဲ့သူတွေက လိုရာပန်းတိုင်မရောက်ခင်ကျဆုံးကြရတယ်။ ဘယ်သူဘယ်လောက်ပဲ တိုက်ခိုက်ပါစေ ယုံကြည်မှုနဲ့၊ အားမာန်နဲ့ ရဲရဲရင်ဆိုင်နိုင်မှ အောင်မြင်မှုကို ရေရှည်ထိန်းထားနိုင်တော့မှာဖြစ်ကြောင်းရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။





## လူ့လောကသဘာဝဖွဲ့ကဗျာများ

စာရေးသူ မင်းမြတ်ဘုန်း(ညောင်လေးပင်) စီစဉ်ရေးသားသည့် လူ့လောကသဘာဝဖွဲ့ ကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူ ဟူသောခေါင်းစဉ်တစ်မျိုးတည်းကိုပင် ပင်တိုင်ထား၍ လူ(၁)၊ လူ(၂) စသည်ဖြင့် လူ ၇၀အထိ ကဗျာပုဒ်ရေ ၇၀ကို ရေးသားထားသည်။ လူဖြစ်ခြင်းကြောင့် လူအကြောင်းစိတ်ဝင်စားသည်။ လူစိတ်အဝင်စားဆုံးကလည်း လူပဲဖြစ်သည်။ ထို့ကြောင့် လူကဗျာတွေဖြစ်ပေါ်လာရတာ သဘာဝကျသည်။ လူအမျိုးမျိုး စိတ်အထွေထွေ၊ စိတ်အထွေထွေ လူအမျိုးမျိုးဖြစ်ကြောင်း ရေးသားထားသည်။

စာအုပ်ကို ပီကာမီဒီယာ၊ ဖုန်း-၀၉ ၅၀၆၀၂၆၀နှင့် ၀၉ ၇၃၀၉၉၇၉၈တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။



## နတ်သမီးဆွဲတဲ့ပုလဲပုတီး ကလေးကဗျာများ

စာရေးသူ မြေပြန့်ဝင်းသွေး စီစဉ်ရေးသားသည့် နတ်သမီးဆွဲတဲ့ပုလဲပုတီး ကလေးကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး၊ ကြယ်ကလေးသို့ နှုတ်ခွန်းဆက်၊ နတ်သမီးလှေကား၊ မင်းကွန်းခေါင်းလောင်းကြီး၊ မထူးဆန်းလား ထူးဆန်းလား၊ သပြေညိုတစ်ခက်၊ ကြွက်နဲ့ကြောင်၊ ကိုပွေးလေးရဲ့စကားထာ၊ အင်ဂျင်နီယာ စာကလေးများ၊ လိပ်ပြာလေးရဲ့ ဖန်ယပ်တောင်၊ မျက်လှည့်ဆရာ ဦးဝလုံး၊ အင်းလေးဖောင်တော်ဦးဘုရားဖူး၊ အာတာလွတ်ပြုတ်တဲ့မသူဇာ စသည့် ကလေးများစိတ်ဝင်စားဖွယ် ကဗျာအပုဒ်ပေါင်း ၆၄ ကို ရေးသားထားသည်။

ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂လုံးတန်း မှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။





## အောင်မြင်ခြင်းဆိုတာနှင့် မြန်မာတိုင်းရင်းသားပုံပြင်များ

စာရေးသူ ဇာနီအောင် စီစဉ်ရေးသားသည့် အောင်မြင်ခြင်းဆိုတာနှင့် မြန်မာတိုင်းရင်းသားပုံပြင်များ စာအုပ်ထွက်ရှိလာသည်။

ကိုယ့်မှာ စိတ်နေသဘောထား၊ အသိဉာဏ်အတွေးအခေါ် မှန်ကန်သွားပြီဆိုရင် ဘဝဟာ တစ်မျိုးအဆင်ပြေပြီး နေရတာ ပျော်လာတယ်၊ ကိုယ့်လောကကြီးတစ်ခုလုံးဟာ ပြောင်းလဲသွားတာပဲ၊ ကိုယ့်လောကကြီးကို ပြောင်းပစ်ချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ကြည့်ပြီးတော့ ကိုယ့်စိတ်ထဲမှာ ရှိနေတဲ့၊ လွဲနေတဲ့၊ မှားနေတဲ့၊ မသင့်တော်တဲ့သဘောထားတွေကို သတိနဲ့နေပါဟု ရေးသားထားသည်။

စာအုပ်ကို ရှိုင်းရှိုင်းစာပေ ဖုန်း-၀၉ ၂၅၄၄၇၇၁၉၇မှ တန်ဖိုးငွေကျပ် ၁၁၀၀ကျပ်ဖြင့် ဖြန့်ချိသည်။





## ရှိုက်သံမဲ့သက်ပြင်းနှင့် အခြားရသစာစုများ

စာရေးသူ မောင်ချမ်း(ခရမ်းပြာ) စီစဉ်ရေးသားသည့် ရှိုက်သံမဲ့သက်ပြင်းနှင့် အခြားရသစာစုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကျွန်တော်တွေ့ရှိခဲ့သော ကျောက်တစ်ပွင့် သို့မဟုတ် မောင်ချမ်း (ခရမ်းပြာ)၊ စစ်တုရင်မှပေးသော အဖေ့ဒဿန၊ ကြယ်စုံသော မိခင်ကောင်းကင်ကြီးအောက်သို့အပြန်၊ ရှိုက်သံမဲ့သက်ပြင်း၊ အမြင်ကွယ်သူထက် အသိတရားကွယ်သူများနှင့် တွန်းတိုက်မိခြင်း၊ အလင်္ကာမမြောက်သောစင်မြင့်၊ တမာပင်တန်းမြေနီလမ်းနှင့် ကန်ရေကြည်ပြာအစပ်ကအတွေးများ၊ နှလုံးသားပင်လယ်ပြင်ကိုဗဟိုပြု၍ ရွာရန် ရွာနှုန်းအသင့် စသည့်ရသစာပေများကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ ဆိုင်အမှတ်-၁၃၊ ၃၈-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅နှင့် ၀၉ ၉၆၃၆၉၉၈၃၄တို့မှ တန်ဖိုးငွေ ကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။




## အနီးအဝေး

စာရေးသူ မေကျော့ရှင်း စီစဉ်ရေးသားသည့် အနီးအဝေးစာအုပ် ထွက်ရှိလာသည်။

လောကလူသားအများစုအတွက် နီးလိုပါလျက်နှင့် ဝေးကြရသူများရှိကြသလို ဝေးမလိုလိုနှင့် နီးကြရသူများလည်း ရှိကြသည်။ အချို့သောမိသားစုအတွင်းမှာပင်လျှင် နေ့စဉ်နှင့်အမျှ မြင်တွေ့နေကြရပါသော်လည်း တစ်ခါတစ်ရံ အမြင်ချင်းမတူ၊ အသိချင်းမမျှလေတော့ စိတ်ချင်းကဝေးနေကြသည်။ ထိုအခါ တစ်နေ့တာလုံး မြင်နေတွေ့နေကြရပါလျက် တစ်ယောက်နှင့်တစ်ယောက် စကားတစ်ခွန်းပင် မပြောဖြစ်ကြသည်ကိုလည်း တွေ့ဖူးကြုံဖူးကြမည်ဖြစ်သည်။

စာအုပ်ကို ရွှေသစ္စာစာပေ၊ တိုက်-၄၇၂၊ အခန်း၂၀၂၊ ရာဇမိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၃၆၀၇၃၆နှင့် ၀၉ ၃၁၀၃၉၈၈၅တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။




## ကျောင်းသားလူငယ်များနှင့် စာဖတ်ခြင်း

စာရေးသူ ရွှေဒါးမောင်မြင့်ထွန်း(အမျိုးသားစာပေဆုရ) ရေးသားပြုစုသည့် ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းစာအုပ် ထွက်ရှိလာသည်။


လောကတွင် အောင်မြင်လိုသူတိုင်း၊ တိုးတက်လိုသူတိုင်း၊ ကြီးပွားလိုသူတိုင်း စာဖတ်ရမည်ဖြစ်သည်။ စာမဖတ်ဘဲနှင့်တော့ ပညာရှင်ကြီး၊ ပညာတတ်ကြီး၊ သန်းကြွယ်သူဌေးကြီး ဘယ်တော့မှဖြစ်လာမည်မဟုတ်ပေ။ ကမ္ဘာ့သန်းကြွယ်သူဌေးကြီးအဖြစ် ယနေ့တိုင် စံချိန်ထူထားသော အမေရိကန်နိုင်ငံမှ မိုက်ခရိုဆော့ဖ်ပညာရှင် မစ္စတာဘီဂိတ်သည် ပညာကို ဆုံးခန်းတိုင်အောင် မသင်ကြား ခဲ့ရ၍ ဘွဲ့မရရှိခဲ့သော်လည်း စာပေများကို အဆက်မပြတ် ဖတ်ရှုနေသူဖြစ်သည်။

စာအုပ်ကို အောင်သပြေစာပေ၊ အမှတ်-၅၀၃/၁၊ စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉ ၇၉၅၃၉၉၈၈၆နှင့် ၀၉ ၇၈၅၁၇၅၃၉၀တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။

# စေတနာသွေးလှူရှင်များသို့

## ဒေါက်တာထိန်ဝင်း

**ယခုလို မမြင်ရတဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်ရတဲ့အချိန်မှာ လူနာတွေအတွက် စိုးရိမ်ပူပန်မှုကြောင့် လာရောက်ထောက်ပံ့ပေးကြတဲ့ စေတနာသွေးလှူရှင်တွေကို အမျိုးသားသွေးဌာနရဲ့ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ရရှိခဲ့တဲ့ သွေးလှူဒါန်းမှုအခြေအနေကို ပြန်လည်မျှဝေလိုပါတယ်–**




ဇန်နဝါရီလမှ မတ်လကုန်အထိ ထောက်ပံ့ခဲ့တဲ့ သွေးလှူရှင် အရေအတွက်မှာ ၂၀၁၉ ခုနှစ်က ၂၈၂၇၀၊ ယခု ၂၀၂၀ ပြည့်နှစ်မှာ ၂၃၂၅၃ ဦးရှိတဲ့အတွက် ယခင်နှစ် သုံးလနှင့် နှိုင်းယှဉ်ရင် ယခုနှစ်မှာ သွေးလှူရှင် ၅၀၀၀ (၁၇ ဒသမ ၅ ရာခိုင်နှုန်း) ကျဆင်းခဲ့ပါတယ်။

မတ်လ တစ်လတည်းအနေနဲ့ဆိုရင်တော့ ၂၀၁၉ ခုနှစ်က ၈၈၈၅ ဦး၊ ယခု ၂၀၂၀ ပြည့်နှစ်မှာ ၅၇၅၄ ဦးရှိတဲ့အတွက် ဒီတစ်လတည်းမှာတော့ သွေးလှူရှင် ၃၀၀၀ (၃၅ ရာခိုင်နှုန်း) ကျဆင်းခဲ့ပါတယ်။

ဒါကြောင့် ဆေးရုံတွေအတွက် အဆင်မပြေဖြစ်ကြရပါတယ်။ သူတို့ဆေးရုံမှာ ခွဲစိတ်မှုတွေကို ရွှေ့ဆိုင်းလို့ရတာတွေ ရွှေ့ဆိုင်းခဲ့ရတယ်။ လူနာအနေနဲ့ အဆင်ပြေနေရင် သွေးသွင်းမှုကို ခေတ္တဆိုင်းငံ့ကြရတယ်။ သူတို့အနေနဲ့ လိုအပ်သလောက် ကုသမှုအတွက် သုံးစွဲနေရာကနေ ထောက်ပံ့မှုလျော့နည်းလာမှုအတွက် ပြန်လည်စိစစ်မှုတွေကို တော်တော်များများ ကျင့်သုံးနေကြရပါတယ်။

ဒီလိုကျဆင်းလာတဲ့ သွေးလှူဒါန်းမှု၊ ထောက်ပံ့မှုတွေဟာ အုပ်စုလိုက်လှူဒါန်းမှုတွေကို ဖျက်သိမ်းလိုက်ရလို့ ဖြစ်ပါတယ်။

ဒါပေမယ့် စိတ်ချမ်းမြေ့ဖွယ် သတင်းကောင်းတွေကို မျှဝေလိုပါတယ်။ အခုလို အုပ်စုလိုက်လှူဒါန်းမှုကျဆင်းနေချိန်မှာ အမျိုးသားသွေးဌာနမှ အသိပေးခေါ်ယူခဲ့မှုကြောင့် ပြန်လည်လှူဒါန်းပေးခဲ့တဲ့ စေတနာရှင်ပေါင်းဟာ လွန်ခဲ့တဲ့ ၂၀၁၉ ခုနှစ်ထက် ၇၂ ရာခိုင်နှုန်း တိုးတက်များပြားလာပါတယ်။ ဒါဟာ အလွန်အံ့သြဖွယ် ကောင်းလှပါတယ်။ ၂၀၁၉ ခုနှစ်မှာ ၁၈၁၀ နဲ့ ၂၀၂၀ ပြည့်နှစ်မှာ ၃၁၀၄ ဦး ပြန်လည်လာရောက် ထောက်ပံ့ပေးသွားပါတယ်။

အမျိုးသားသွေးဌာနကို ဆက်သွယ်ကြပါတယ်။ "အုပ်စုလိုက်လှူဒါန်းမှုတွေမရှိတော့လို့ လာရောက်ခွင့်မရပေမယ့် လူနာတွေလိုအပ်မယ်ဆိုတာ ခံစားမိလို့ သူငယ်ချင်းအချို့နဲ့ လာရောက်လှူဒါန်းလို့ရပါသလား"လို့ မကြာခဏ ဆက်သွယ်မေးမြန်းမှုတွေကို လက်ခံရရှိပါတယ်။ တကယ့်ကို ဂုဏ်ယူစရာကောင်းတဲ့ စိတ်ဓာတ်၊ ခံယူမှုတွေပါပဲ။

ဒီလိုဆက်သွယ်မှုတွေကို ကြားလိုက်ရတဲ့အချိန်မှာ ပြည်သူ့ရဲ့ဝန်ကိုထမ်းရမယ့် တာဝန်ရှိတဲ့သူတွေအနေနဲ့ များစွာအားတက်ရပါတယ်။ ပိုမိုကြိုးစားဖို့ အားတွေရရှိလာပါတယ်။

အဓိက သတိပြုမိတာကတော့ ယခုလအတွင်း သွေးလှူဒါန်းမှု ထောက်ပံ့မှုတွေမှာ အသက် ၃၅ နှစ်အောက် လူငယ်တွေရဲ့ ထောက်ပံ့မှုဟာ အဓိကအများဆုံး ဖြစ်နေတာပါပဲ။ ဒါကြောင့် မိမိတို့ရဲ့ အနာဂတ်မျိုးဆက်သစ် လူငယ်တွေအတွက် လွန်စွာဂုဏ်ယူမိပါတယ်။ တိုးတက်ပြီး တိုင်းပြည်တော်တော်များများမှာ သွေးသွင်းကုသမှုကို ထောက်ပံ့နေရတဲ့ သွေးဘဏ်တွေ ရင်ဆိုင်နေရတာကတော့ လူငယ်မျိုးဆက်သစ်တွေရဲ့ ထောက်ပံ့မှု သိသိသာသာ ကျဆင်းနေခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေအတွက် အားရမိပါတယ်။

**အဓိက သတိပြုမိတာကတော့ ယခုလအတွင်း သွေးလှူဒါန်းမှု ထောက်ပံ့မှုတွေမှာ အသက် ၃၅ နှစ်အောက် လူငယ်တွေရဲ့ ထောက်ပံ့မှုဟာ အဓိကအများဆုံး ဖြစ်နေတာပါပဲ။ ဒါကြောင့် မိမိတို့ရဲ့ အနာဂတ်မျိုးဆက်သစ် လူငယ်တွေအတွက် လွန်စွာဂုဏ်ယူမိပါတယ်။**

သွေးလှူဒါန်းမှုတွေအနက် မိမိတို့မွေးနေ့ အထိမ်းအမှတ်အနေနဲ့ ကုသိုလ်ပြု လှူဒါန်းမှုတွေဟာ ယခုလိုအချိန်မှာ ၃၅ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာတာတွေ့ရပါတယ်။ ဒါဟာလည်း မိမိတို့ တိုင်းပြည်ရဲ့ ထူးခြားတဲ့ ယဉ်ကျေးမှုအလေ့အထကို ဖော်ပြနိုင်တဲ့ သတင်းကောင်းပဲဖြစ်ပါတယ်။ မိမိတို့ ပြည်သူတွေ မမြင်ရတဲ့ရောဂါကို ထိတ်လန့်ကြောက်ရွံ့နေချိန်မှာ လက်ရှိဒုက္ခခံစားနေသူတွေအတွက် စွန့်လွှတ်လှူဒါန်းပေးခြင်းဟာ အလွန်ဂုဏ်ယူစရာကောင်းတဲ့ အလေ့အကျင့်ဖြစ်နေပါတယ်။ အမှန်တကယ်လည်း ဂုဏ်ယူမိပါတယ်။

အုပ်စုလိုက် လှူဒါန်းခြင်းမသင့်တော်တဲ့အတွက် လှူဒါန်းထောက်ပံ့မှုကို မပယ်ဖျက်လိုက်ဘဲ သင့်တော်တဲ့ အစုအဖွဲ့ငယ်တွေခွဲပြီး ထောက်ပံ့ပေးခဲ့တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကွပ်ကဲရေးမှူးရုံးနဲ့ ခွင့်ပြုပေးတဲ့ အာဏာပိုင်အဖွဲ့ အကြီးအကဲတွေကိုလည်း လေးစားဂုဏ်ယူကြောင်း အသိပေးလိုပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ လစဉ် တစ်ကြိမ်လျှင် ၁၀၀ မှ ၃၀၀ အထိ ထောက်ပံ့ခဲ့ရာမှ ယခုအခြေအနေနဲ့ သင့်တော်မယ့် အစုအဖွဲ့ငယ်တွေအဖြစ်ခွဲ၍ ထောက်ပံ့နိုင်အောင် စီစဉ်ပေးခဲ့ကြပါတယ်။ နေ့စဉ် ၅၀ မှ ၁၀၀ အကြား ခွဲ၍ ခုနစ်ရက် ထောက်ပံ့ပေးမှုဟာ လူနာတွေအတွက် အဆင်ပြေတဲ့ ပံ့ပိုးမှုကို ရရှိခဲ့ပါတယ်။

ဒါပေမယ့် ယခုလို အခြေအနေတွေကို စိတ်ချမ်းသာပြီး ပေါ့ပါးနေလို့တော့မရသေးပါ။ မတ်လအတွင်း သွေးလှူဒါန်းမှုကျဆင်းလာတာဟာ မတ်လကုန်ခါနီး နောက်ဆုံးပတ်မှာ ပိုမိုထိခိုက်လာခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဧပြီလမှာလည်း အစုအဖွဲ့လိုက် လှူဒါန်းမှု တော်တော်များများ ထောက်ပံ့နိုင်ခွင့်ရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် အစုအဖွဲ့လိုက် လှူဒါန်းမှု ပယ်ဖျက်လိုက်ရတဲ့ အဖွဲ့မှာ ပါဝင်လှူဒါန်းဖူးတဲ့သူတွေအနေနဲ့ မိမိတို့ တစ်ယောက်ချင်းလာရောက်ပြီး ထောက်ပံ့မှုဟာလည်း လူနာတွေအတွက် အကျိုးရှိပါကြောင်း အသိပေးလိုပါတယ်။

ကျန်းမာတဲ့ လူငယ်များရဲ့သွေးလှူဒါန်းမှုဟာ သွေးလိုအပ်တဲ့ လူနာတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ ကူညီမှုဖြစ်ပါတယ်။ ဒါကြောင့် သွားလာရေးခက်ခဲခဲ့ရင် အမျိုးသားသွေးဌာနအနေနဲ့ ကူညီဖြေရှင်းပေးဖို့ စီစဉ်ထားပါတယ်။ အနည်းဆုံးသွေးလှူလိုသူ ရှစ်ဦးခန့် စုဆောင်းမိပြီဆိုရင် www.donatebloodmyanmar.org (သို့မဟုတ်) ၀၁–၃၇၂၇၅၃ သို့ဆက်သွယ်ပြီး အသိပေးစီစဉ်နိုင်ပါတယ်။

အမျိုးသားသွေးဌာနမှ သွေးလှူရှင်တွေရဲ့ လုံခြုံမှုအတွက် ပြင်ဆင်ထားရှိမှုတွေကို အမျိုးသားသွေးဌာနရဲ့ ဖေ့စ်ဘွတ်စာမျက်နှာမှာ အသိပေးပြီးဖြစ်ပါတယ်။ ပြင်ပနဲ့ ဆက်ဆံမှုမရှိတဲ့ ဝန်ထမ်းတွေကို အစုလိုက်ခွဲပြီး တာဝန်ယူပေးရတာဖြစ်လို့ စုစုပေါင်းဝန်ထမ်းအင်အားရဲ့ ၁/၄ နဲ့ နေ့စဉ် ၁၂ နာရီ တာဝန်ထမ်းဆောင်နေကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် အနည်းငယ်နှောင့်နှေးမှုတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် သွေးလှူရှင်တွေရဲ့ လုံခြုံမှုအတွက် ပြင်ဆင်ထားရှိမှုတွေကိုတော့ လုံးဝလျော့ဆင်းသွားမှုမရှိအောင် ဝန်ဆောင်မှုပေးနေကြပါတယ်။ နားလည်စွာဖြင့် ပူးပေါင်းကူညီစေလိုပါတယ်။

ယခုအချိန်မှာလေးလပြည့်ပြီး သွေးလှူရှင်တွေအနေနဲ့ ပြန်လည်လှူဒါန်းမှုအတွက် နှိုးဆော်ပေးတဲ့ ဖုန်းခေါ်မှုတွေကို လက်ခံရရှိမယ်လို့ ယုံကြည်ပါတယ်။ ကိုယ့်မှာ ရာသီတုပ်ကွေး လက္ခဏာရှိရင်တော့ လှူဒါန်းမှု မသင့်တော်တဲ့အတွက် မိမိကိုယ်တိုင် ကျန်းမာအောင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေကို သတိထား လိုက်နာပေးစေလိုပါတယ်။ မိမိကိုယ်တိုင် ကျန်းမာမှသာ လူနာတွေအတွက် ကူညီနိုင်မှာ ဖြစ်ပါတယ်။ သွေးလှူရှင်တွေအားလုံးရဲ့ စဉ်ဆက်မပြတ်ထောက်ပံ့ပေးမှုအတွက် ကျေးဇူးအထူး တင်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

"Let's Keep Saving Lives Together"

# ကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ကိုဗစ် -၁၉ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ ကမ္ဘောဇဘဏ်မှ ထပ်မံလှူဒါန်း

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသော နိုင်ငံသားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကာကွယ်ကုသပေးခြင်း ဆောင်ရွက်နေသော တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများရှိ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ကိုဗစ် -၁၉ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကမ္ဘောဇဘဏ်မှ ထပ်မံလှူဒါန်းကြောင်း သိရသည်။

**ဆက်လက်လှူဒါန်းသွားမည်**

လှူဒါန်းမှုတွင် ပါဝင်သောပစ္စည်းများမှာ CE Standard PPE ဝတ်စုံများ၊ N95 Mask များ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်များ၊ အပူချိန်တိုင်း ကိရိယာများနှင့် လက်သန့်ဆေးရည်ဘူးများဖြစ်သည်။ မေ ၈ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့နှင့် ရွှေညောင်မြို့သို့လည်းကောင်း၊ မေ ၇ ရက်က ကျောက်မဲဆေးရုံသို့လည်းကောင်း၊ မေ ၉ ရက်တွင် ရွာငံမြို့၊ ပင်းတယမြို့နှင့် မြိုင်မြို့များသို့လည်းကောင်း လှူဒါန်းလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့များသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ရှမ်းပြည်နယ်အစိုးရနှင့်ပူးပေါင်းကာ ကိုဗစ် -၁၉ ရောဂါနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ ငွေကျပ်သိန်း ၂၀၀၀ မတည်လှူဒါန်းထားသည်။ အများပြည်သူ၏ ပါဝင်လှူဒါန်းမှုများကို စုပေါင်းကာ တစ်ဦးလျှင် ဆန်သုံးပြည်၊ ကုလားပဲ တစ်ပိဿာ၊ ဆီ ၁၈ ကျပ်သား ပါဝင်သော ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို လိုအပ်လာပါက အသုံးပြုနိုင်ရန် အဆင်သင့်ပြင်ဆင်ထားသည်။ ထို့အပြင် ကျပ်သိန်း ၁၄၆၂၄ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို လေကြောင်း၊ ကုန်းကြောင်းမှတစ်ဆင့် ဝယ်ယူလှူဒါန်းခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးရုံများသို့ ဖြန့်ခွဲပေးအပ်ပြီးဖြစ်သည်။




ကမ္ဘောဇဘဏ်သည် ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ်သိန်းပေါင်း ၁၉၆၂၄ ကို လှူဒါန်းထားပြီးဖြစ်သည်။ ဆက်လက်၍လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံး အတိုင်းတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ပူးပေါင်းပါဝင်လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားသည်။

ယနေ့တွင် ပြည်နယ်ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးကို လက်ခံပြီး(**အပေါ်ပုံ**) ပြည်နယ် စီမံစီးပွားဝန်ကြီး ဦးစိုးညွန့်လွင်က ကျေးဇူးတင် စကားပြောကြားခဲ့သည်။

**ကိုဇော်**

# အခြေခံစားသုံးကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ဒိုက်ဦး မေ ၈**

ပဲခူးတိုင်းဒေသကြီး၌ ပြည်သူများ အခြေခံစားသောက်ကုန်များကို စိတ်အေးချမ်းသာစွာ ဝယ်ယူစားသုံးနိုင်ရေး တိုင်းဒေသကြီး သမဝါယမအသင်းမှ မေ ၇ ရက်က ဒိုက်ဦးမြို့သို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးသည်။

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကူးစက်မှုကို ကျော်ဖြတ်နေချိန်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်ပြီး ပြည်သူများအန္တရာယ်ကင်းကင်းနှင့် လွယ်လင့်တကူဝယ်ယူနိုင်စေရေးအတွက် ဆောင်ရွက်နေကြောင်း ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေက ပြောကြားသည်။

တိုင်းဒေသကြီး ၂၈ မြို့နယ်အတွင်း အခြေခံစားသောက်ကုန် ရောင်းချလျက်ရှိသော ရောင်းဝယ်ရေး သမဝါယမအသင်း ၅၃ သင်းရှိသည်။ ပြည်သူများလက်လှမ်းမီ အလွယ်တကူ ဝယ်ယူစားသုံးနိုင်ရေးနှင့် အခမဲ့အရောက်ပို့စနစ်ဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါအပြိုင်ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ တတိယသုံးလပတ်အတွင်း အသုံးပြုရန်လိုအပ်သော စက်မောင်းဆီ (ဒီဇယ်ဆီ)နှင့် စက်ဆီ/ချောဆီများကို သာမန်အသုံးစရိတ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ်စဉ် | ပစ္စည်းအမျိုးအမည် | ဌာနခွဲ/ရေယာဉ်အမည် | အရေအတွက် |
|---|---|---|---|---|
| (က) | CS/CUR(19-20) (YGN)(31) | စက်မောင်းဆီ (ဒီဇယ်ဆီ) | ရန်ကုန်အခြေပြု | ၁၀၀၀၀၀ ဂါလန် |
| (ခ) | CS/CUR(19-20) (YGN)(32) | စက်ဆီ/ချောဆီ | ကစ္ဆပနဒီ-၃ ရေယာဉ် | |
| | | | Mobil gard 1 SHC 20W-40 | ၄၀၀ လီတာ |
| | | | Mobil gard 312 (SAE 30) | ၂၀၀ လီတာ |
| | | | Mobil Delvac 1330(SAE 30) | ၄၀၀ လီတာ |
| | | | Daphne Super Hydro A46 | ၂၀၀ လီတာ |
| | | | Daphne Hydraulic Fluid 68 (ISO VG 68) | ၄၀၀ လီတာ |

၂။ တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - ၂၃-၄-၂၀၂၀ ရက်
၃။ တင်ဒါ specification တင်ပြရမည့်ရက် - ၁၈-၅-၂၀၂၀ ရက်
၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၇-၅-၂၀၂၀ ရက်၊ ၁၀:၀၀ နာရီ
၅။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ - ၀၁-၂၅၀၂၅၁၊ ၀၁-၃၈၄၂၅၂

**ထောက်ပံ့ရေးဌာနခွဲ**
**စီမံရေးရာဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၄)လမ်း၊ တိုက်အမှတ် (၄၃၅)၊ ၂ခန်းတွဲ RC(၆)ထပ်တိုက်၏ စတုတ္ထထပ်(ခြေရင်းခန်း)အကျယ်အဝန်း ပေ(၁၄x၅၄)ခန့်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းနိုင်[၁၂/လမတ(နိုင်)၀၀၀၁၈၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဒေါ်ဆွေဆွေ** | **ဦးမြင့်သန်း** | **ဒေါ်သီရိလှိုင်** | **ဦးအောင်ဇော်မိုး** |
| **(စဥ်-၃၀၀၃)** | **(စဥ်-၆၉၆၃)** | **(စဥ်-၁၅၂၆၀)** | **(စဥ်-၁၆၃၅၆)** |

**တရားလွှတ်တော်ရှေ့နေများ၊ ဖုန်း-၀၉-၅၀၁၈၀၇၆**
**Zaluckpwint Real Estate & Law Firm 2013@gmail.com**
**အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**

## ဒေါ်လှလှ(CF -၀၃၆၈၄၇)နှင့် ၎င်း၏သား ဦးထွန်းထွန်းခင်(ခ)အူမာရ်ဘိုင်တို့သိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ကြိုးစက်ရုံလမ်း၊ အမှတ်(၁၁/၁၃)၊ အေ-၁နေ ဒေါ်မြမိုးသူဇာ[၁၂/သဃက(နိုင်)၁၅၃၅၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ကြိုးစက်ရုံလမ်း၊ အမှတ်(၁၁/၁၃)၊ အေ-၃တိုက်ခန်းအား ဒေါ်စောမြထံမှ ကာလပေါက်ဈေး ငွေကျပ် ၂၃,၀၀၀,၀၀၀/-(ကျပ်သိန်းနှစ်ရာ့သုံးဆယ်တိတိ)ဖြင့် ဒေါ်လှလှမှ ၂၇-၁-၂၀၁၉ ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရောက်ရရှိလာခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပြီး အဆိုပါအခန်းကို ဒေါ်လှလှတို့က ငှားရမ်းထားသည့်အတွက် လက်ရှိအချိန်အထိ အသီးအပွင့်အကျိုးခံစားခွင့်များ ခံစားလျက်ရှိပါသည်။ ယခုလက်ရှိအချိန်ထိ အထက်ပါအရောင်းအဝယ်ပြုလုပ်ထားသော တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းပင်ဖြစ်စေ၊ တရားတထုံးစွဲဆိုရင်ဆိုင်ဖြေရှင်းမျိုးသော်လည်းကောင်း အလျဉ်းမရှိဘဲ ဒေါ်လှလှနှင့် ဦးထွန်းထွန်း(ခ) အူမာရ်ဘိုင်တို့က ခိုင်လုံသောအကြောင်းပြချက် အထောက်အထားမရှိပါဘဲ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်စဉ်က သက်သေအဖြစ် လက်မှတ်ရေးထိုးထားသော ဒေါ်မြမိုးသူဇာကို တိုက်ခန်းဖိုးငွေပြန်အမ်းရန် (ခ)ရပ်ကွက်ရုံးမှတစ်ဆင့် လာရောက်တောင်းခံနေခြင်းမှာ ဥပဒေနှင့်မညီညွတ်သည့် အပြုအမူသာ ဖြစ်ပါသည်။ ထိုအကြောင်းကို ရပ်ကွက်ရုံး၌ လက်မခံကြောင်း ဒေါ်မြမိုးသူဇာဘက်မှ ရှင်းလင်းပြီးဖြစ်သောကြောင့် ဒေါ်လှလှတို့ သားအမိအနေဖြင့် ဒေါ်မြမိုးသူဇာ ရောင်းချခဲ့ခြင်းမဟုတ်သော တိုက်ခန်းနှင့်ပတ်သက်၍ နိုင်ထက်အစီးအနင်း အပြုအမူများအား ဆက်လက်ပြုလုပ်နေမည်ဆိုပါက ဥပဒေဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မြမိုးသူဇာ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြမိုးသူဇာ** | **ဦးဇော်ထိန်လင်း** |
| **[၁၂/သဃက(နိုင်)၁၅၃၅၇၅]** | **အထက်တန်းရှေ့နေ(စဥ်-၁၉၈၃၉)** |

**အမှတ်(၂၆၉)၊ ဂန္ဓာမာလမ်းသွယ်(၄)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

## "အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် သတိပေးတားမြစ်ခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးညဏ်ဝင်း[၁၂/ဥကမ(နိုင်)၁၇၉၁၉၅]၏ တာဝန်ပေး လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးညဏ်ဝင်းနှင့် ဒေါ်ခိုင်မာအောင်[၁၄/လမန(နိုင်)၁၀၈၉၅၇]တို့သည် ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ ၁၃ရက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်တွင် လက်မှတ်ရေးထိုးကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ဦးညဏ်ဝင်းသည် ၎င်း၏ချွေးနဲစာဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၁/၁ရပ်ကွက်၊ ထွန်းသစ္စာလမ်း၊ အမှတ်(၄၄၂)၊ မြေအကျယ်အဝန်း ပေ(၆၀x၄၀)ပေါ်ရှိ ဆောက်လုပ်ထားသော အိမ်အပါအဝင် ခေါင်းရင်းဘက်ခြမ်းမြေကွက်အား ဦးညဏ်ဝင်း၏ အတိအလင်းသဘောတူ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လူစားသွင်းခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းများကို မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာမှုမရှိဘဲ ပြုလုပ်လာပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူများအားလုံးကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နှင်းဝေဝေ** | **ရှေ့နေ-စိန်ဂျွန်းဦးမျိုးမြင့်** |
| **(LL.B)** | **B.A,H.G.P,R.L.II,D.L.P,WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၉၂၉)** | **အထက်တန်းရှေ့နေ(စဥ်-၃၂၅၅/၇၄)** |
| **Email:hninwaiwai.hwai@gmail.com** | **Email:myomyintsj@gmail.com** |

**Ever Top M-2 Law Firm**
**ရုံးအမှတ်-ဘီ-၅၀၃၊ အဓိပတိလမ်း၊ ဂုန်ညင်းနီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၀၀၀၃၆၃၉၊ ၀၉-၂၅၄၁၃၇၇၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့။
## "အိတ်ဖွင့်တင်ဒါကြော်ငြာ"

မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းမည့် လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၊ ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါကို ၈-၄-၂၀၂၀ ရက်မှ ၂၄-၄-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်းတွင် အသေးစိတ်စုံစမ်းနိုင်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါကို သတ်မှတ်ပုံစံဖြင့် လျှောက်ထားရပါမည်။ လျှောက်လွှာပုံစံ(၁)စောင်ကို (၅၀၀၀ိ/-)ကျပ်ဖြင့် ဝယ်ယူရပါမည်။
၃။ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး တင်ဒါရွေးချယ်ရေးအဖွဲ့ဝင်များရှေ့မှောက်တွင် ၂၄-၄-၂၀၂၀ရက် နောက်ဆုံးထား ပေးသွင်းရန် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**
**အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

## အသိပေးကြေညာချက်

စင်္ကာပူနိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် MV-MODERN LINK V.082 သင်္ဘောသည် ၁၈-၄-၂၀၂၀ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အရှေ့၊ မြေကွက်အမှတ်-၁၁၃၁၊ အိမ်အမှတ်-၁၁၃၁၊ အောင်သုခလမ်း(၂၀)A4၊ ဒုတိယထပ်တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဦးကျော်စွာမင်း [၈/သရန(နိုင်)၀၆၇၆၆၂]၊ ဒေါ်အေးအေးသက်[၆/မအရ(နိုင်)၀၀၁၄၀၄]တို့ထံမှ တိုက်ခန်းဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသောကြောင့် အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်မာသော စာရွက်စာတမ်း၊ စာချုပ်မူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အတည်ပြုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မခင်ခင်ဌေး[၁၁/ကဖန(နိုင်)၀၈၀၀၁၃]**
**Ph:09-447838872**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၂၉၄၉)၏ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်လွင်မာထွန်း[၉/ပမန(နိုင်)၁၅၈၉၃၂]အဖအမည် ဦးကိုကိုကြီးမှ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူနှင့် မြေငှားရမ်းခပေးသွင်းပြီးပြေစာ မိတ္တူတင်ပြပြီး နှစ်(၃၀)မြေငှားစာချုပ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ထားပေးသည့် ပျောက်ဆုံးသွားသော နှစ်(၃၀)မြေငှားစာချုပ်မူရင်းကို ပယ်ဖျက်၍ နှစ်(၃၀)မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မမို့မို့မြဇင်အောင်[၁၂/ရကန(နိုင်)၀၈၇၃၃၉]နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်နော်ပုလဲဖော [၁၂/မဘန(နိုင်)၁၄၉၄၇၆]နှင့် ဒေါ်ခင်မြဆွေ [၁၂/လသယ(နိုင်)၀၁၉၂၉၄] အမှတ် (၈၄၂)၊ နီလာလမ်း၊ ၃၆- ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့ ရှိ (VAJRA BELL COMPANY LIMITED)(ဘာဂျရာဘဲလ်ကုမ္ပဏီလီမိတက်) ဒါရိုက်တာများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

မမို့မို့မြဇင်အောင်[၁၂/ရကန(နိုင်)၀၈၇၃၃၉]သည် (VAJRA BELL COMPANY LIMITED)(ဘာဂျရာဘဲလ်ကုမ္ပဏီလီမိတက်)တွင် စာရင်းကိုင်ဝန်ထမ်းတစ်ဦးအဖြစ် ၂၀၁၈ ခုနှစ်၊ မေလမှစတင်၍ အလုပ်လုပ်ကိုင်ခဲ့သည်ဟု သိရှိရပါသည်။ ယခုအခါ မမို့မို့မြဇင်အောင်သည် အထက်ဖော်ပြပါ ကုမ္ပဏီ၏လုပ်ငန်းခွင်သို့ ၂၆-၃-၂၀၂၀ရက်မှစတင်၍ လာရောက်ခြင်းမရှိဘဲ ကုမ္ပဏီပိုင်စာရွက်စာတမ်းများ၊ ငွေစာရင်းစာအုပ်များ၊ ကုမ္ပဏီ Logo နှင့် Letter Head များ၊ ကုမ္ပဏီတံဆိပ်တုံးများ၊ ကုမ္ပဏီဒါရိုက်တာ၏ တံဆိပ်တုံးများ၊ ကုမ္ပဏီပိုင်ငွေစာရင်းရှင်းတမ်းများ ယူဆောင်၍ ပျောက်ဆုံးလျက်ရှိကြောင်း သိရှိခဲ့ပါသည်။ ထို့ကြောင့် မမို့မို့မြဇင်အောင်သည် ကုမ္ပဏီနှင့်ပတ်သက်သော ကိစ္စအဝဝကို ရှင်းလင်းရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများ လာရောက်အပ်နှံရန် လိုအပ်ကြောင်း ကျွန်ုပ်အနေဖြင့် သိရှိခဲ့ရပါသည်။ အထက်ဖော်ပြပါကိစ္စရပ်များကြောင့် မမို့မို့မြဇင်အောင်အနေဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ၊ လာရောက်ဖြေရှင်းပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းမပြုဘဲ ပျက်ကွက်ပါက တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တည်ဆဲဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၈၇၀၇)**
**အမှတ်(၅၆၅)၊ ပ-ထပ်၊ အခန်း(G-5)၊ ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊ MAC တာဝါ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၄၁၈၁၃၆၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ ၂၃၀ကေဗွီ လှိုင်သာယာ-အသုတ်ဓာတ်အားလိုင်း၊ ဧရာဝတီမြစ်ကျော်(ဗိုလ်မြတ်ထွန်းအပိုင်း)ဓာတ်အားလိုင်း အူကြောင်း ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ACSR Conductor 605 MCM (Duck)များအား ထုတ်ယူရမည့်နေရာအသီးသီးမှ လုပ်ငန်းခွင်နေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၂၁-၄-၂၀၂၀ရက်၊ ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။
၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal **(www.moee.gov.mm)**တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကမာကြည် စပါးရောင်းချရန် တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ စိုက်ကွင်းများမှ ၂၀၁၈-၂၀၁၉ ခုနှစ်၊ မိုးစပါးရာသီမှထွက်ရှိသော ကမာကြည်စပါး (၃၇၇၁၄.၅)တင်း [ကြက်ဖမွေးဇောင်းစိုက်ကွင်း (၁၄၉၅၂)တင်း၊ ကျုံကဒွန်းစိုက်ကွင်း(၁၆၁၈၉.၅)တင်း၊ ဒေါင့်ကြီးကျွန်းစိုက်ကွင်း(၆၅၇၃)တင်း]အား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါ လျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဖျာပုံခရိုင်ဦးစီးမှူးရုံး၊ ဖျာပုံမြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာပိတ်ရက် - ၈-၅-၂၀၂၀ ရက်၊ ညနေ ၄:၃၀ နာရီ
(ခ) တင်ဒါဖွင့်မည့်ရက် - ၁၂-၅-၂၀၂၀ ရက်၊ နံနက် ၁၀:၀၀ နာရီ
(ဂ) တင်ဒါဖွင့်မည့်နေရာ - ဖျာပုံခရိုင်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဖျာပုံမြို့။

**တင်ဒါကော်မတီ**
**ဖုန်း-၀၄၅-၄၀၀၁၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းမ၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၁၁၆)/ (၄)လွှာနေ ဒေါ်တင်တင်အေး[၁၂/ကတတ(နိုင်)၀၀၀၄၁၁]၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၆လမ်း၊ အမှတ်(၁၂)၊ (၅)လွှာ/B နေ ဒေါ်တင်တင်ဖြူ[၁၂/ကတတ(နိုင်)၀၂၈၇၈၈]နှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈ လမ်း(အလယ်) အမှတ်(၁၈၆)၊ (၆)လွှာနေ ဒေါ်တင်တင်ဝေ[၁၂/ကတတ(နိုင်)၀၂၈၇၈၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ကျွန်ုပ်တို့မိတ်ဆွေများ၏ ကွယ်လွန်သူ ဖခင် ဦးမောင်မောင်တင်[၁၂/ကတတ(နိုင်)၀၁၃၇၅၆]ကျန်ရစ်ခဲ့သော-

(၁) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၁၅၃)၊ (၄)လွှာ(ယာ)ဘက်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်။
(၂) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၁၄၆)၊ မြေညီတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်။
(၃) ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်(၁၉၇)(မြေညီ)ထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

အထက်အမည်ပါ ကျွန်ုပ်တို့၏မိတ်ဆွေများ အမွေခံစားပိုင်ဆိုင်သည့် တိုက်ခန်းများကို ကျွန်ုပ်တို့မိတ်ဆွေများ၏ တရားဝင်သဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်း၊ ပေးကမ်း၊ စွန့်လွှတ်၊ ပေါင်နှံခြင်း၊ အခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် တားမြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ကြသူများသည် မိမိတို့၏တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေအရ ဆောင်ရွက်သွားမည်ဟု အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်နီတာလွင်** | **ဒေါ်ခင်စန္ဒာဝင်း** |
| **(စဥ်-၁၂၀၁၇)** | **(စဥ်-၄၆၈၄၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၇၄၀၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## မြောင်းမြမြို့နယ်တရားရုံး၌
## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၅

| | | |
|---|---|---|
| ဒေါ်မြမြစန်း | နှင့် | ဒေါ်လဲ့လဲ့ဝေ |
| **(တရားလို)** | | **(တရားပြိုင်)** |

မြောင်းမြမြို့၊ အမှတ်-ဘီ(၂၀)၊ နဝရတ်လမ်းမကြီး၊ မြရတနာရပ်ကွက်နေ ဒေါ်လဲ့လဲ့ဝေ (ဘ)ဦးတင်ထွန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြမြစန်းက **ခေတ္တချေးယူငွေကျပ် သိန်း(၁၀၀) ပြန်လည်ရလိုကြောင်း**နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ **၂၀၂၀ ခုနှစ်၊ ဧပြီလ ၂၁ ရက် (၁၃၈၂ ခုနှစ်၊ တန်ခူးလကွယ်နေ့)** မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ မတ်လ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဦး)**
**မြို့နယ်တရားသူကြီး**
**မြောင်းမြမြို့နယ်တရားရုံး**

ကြော်ငြာ

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဝမ်းနည်းကြေကွဲခြင်း

ထွန်းရွှေဝါဆေးတိုက်ပိုင်ရှင် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်အေးချို အသက်(၈၅)နှစ်သည် ၈-၄-၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း မိသားစု**
**ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်**
**ရွှေခေါင်းပေါင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မြတ်ကျော်၊ ဦးဝင်းမြင့်၊ ဦးသောင်းညွန့်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ဇော်**
**အေးငြိမ်းသီတာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးညွန့်ဝင်းမောင်**

**အသက်(၆၈)နှစ်**

**ရုပ်ရှင်လုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ် (၄၃/၁)နေ ဒေါက်တာဇေယျာညွန့် (ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်) SME-Development Bank ၏ ဖခင် ဦးညွန့်ဝင်းမောင် အသက်(၆၈)နှစ်သည် ၈-၄-၂၀၂၀ ရက် နံနက် ၀၀:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**အနာဂတ်ရောင်ခြည် အသေးစားငွေကြေးလုပ်ငန်း ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးညွန့်ဝင်းမောင်**

**အသက်(၆၈)နှစ်**

**ရုပ်ရှင်လုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၄၃/၁)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါက်တာဇေယျာညွန့် (ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်) SME Development Bank ၏ဖခင် ဦးညွန့်ဝင်းမောင် အသက်(၆၈)နှစ်သည် ၈-၄-၂၀၂၀ ရက်၊ နံနက်(၀၀:၄၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဝန်ထမ်းမိသားစု**
**SME Development Bank**

## ဗိုလ်ကြီးအောင်သိန်းညွန့် (ငြိမ်း)

**OTS-40**

**ဒု-ဌာနမှူးစည်ပင်**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ တိုက်(၂၄၈)၊ အခန်း(၁၀)၊ တိုက်(၄)လုံး၊ ရန်ကင်းမြို့နယ်နေ (ဦးဘရင်-ဒေါ်ငွေအုပ်)တို့၏ သား၊ ဒေါ်လဲ့လဲ့ဝင်း၏ခင်ပွန်း၊ ဦးကျော်စွာအောင်၊ ဦးညီညီဇော်လင်း-ဒေါ်မေဝင်းအောင်၊ ဦးစစ်သူရိန်တို့၏ဖခင် ဦးအောင်သိန်းညွန့်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ကွယ်လွန်သူ၏ ဆန္ဒအရ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## နဲ့ဆရာကြီး ဦးစန်းလွင်

**အသက်(၆၅)နှစ်**

**ဦးစီးမှူး၊ အနုပညာအထက်တန်းကျောင်း(ငြိမ်း)**
**မြန်မာ့အသံဝန်ထမ်းဟောင်း**

ရန်ကုန်မြို့နေ (ဦးကျော်-ဒေါ်အိစိန်)တို့၏ သား၊ ဒေါ်စန်းတင့်၊ ဒေါ်စန်းစန်းကြည်၊ ဦးစိုးမိုး၊ ဦးကျော်မောင်တို့၏ အစ်ကို၊ ဒေါ်လှငွေး၏ခင်ပွန်း၊ မောင်ဘုန်းဆင့်၊ မဇူးငယ်ထွန်းတို့၏ ဖခင်သည် ၇-၄-၂၀၂၀ (အင်္ဂါနေ့) ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၂၀ (တနင်္လာနေ့)တွင် ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းရဲကျော်စွာ(၁)လမ်း၊ တိုက်(၄၆၆)၊ ငါးလွှာ(ခ)သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်**
**ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်ဦးနှင့် မိသားစု**
**ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးပေါ်ငြိမ်း**
**ကံသာတိုင်းရင်းဆေးတိုက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်စိုး-ဒေါ်ငွေငွေရီ**
**ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## "အထူးဝမ်းနည်းကြေကွဲခြင်း"

**ဦးဝမ်းတစ်(အုတ်ဖို)**

**အသက်(၆၇)နှစ်**

ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၇၁-၇၅)ကျောင်းဆင်းသူငယ်ချင်း မခင်ငွေဦး(ညွှန်ကြားရေးမှူး-ငြိမ်း-စာရင်းစစ်ချုပ်ရုံး)၏ခင်ပွန်း ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ခ/ရပ်ကွက်၊ မြရတနာ(၈)လမ်း၊ အမှတ်(၁၀၇)နေ ဦးဝမ်းတစ်သည် ၅-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိလားပါစေ။

(၁၉၇၁-၁၉၇၅)
**ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းသူငယ်ချင်းများ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**နိုင်ငံတော်သြဝါဒါစရိယ**
**ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏ကောဒသမဂဏာဓိပတိ**
**ဘဒ္ဒန္တကောလိတမဟာထေရ်(မဟာကမ္မဋ္ဌာနာစရိယ)**
**သိက္ခာတော် (၇၅)ဝါ၊ သက်တော်(၉၅)နှစ်**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဗိန်းစံပြကျေးရွာ၊ ဝါးတောကျောင်း(ဓမ္မရိပ်သာ)၏ ဦးစီးပဓာနနာယက၊ ဓမ္မယုတ္တိကနိကာယ -မဟာရင်ဂိုဏ်း၏ ကောဒသမဂဏာဓိပတိ ဂိုဏ်းချုပ်ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တကောလိတမဟာထေရ်(မဟာကမ္မဋ္ဌာနာစရိယ)သည် (၁၃၈၁ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်) ၆-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၉:၄၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီဖြစ်ကြောင်းနှင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်အား သာခုကီဠနအန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးပါမည်။

**တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**
**ဝါးတောကျောင်း(ဓမ္မရိပ်သာ)၊ ကော့ဗိန်းစံပြကျေးရွာ**
**ကော့ကရိတ်မြို့နယ်၊ကရင်ပြည်နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးရုံး မိသားစု၊**
**တိုင်းရင်းဆေးပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အေးချို (အသက် ၈၅ နှစ်)**

ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံ ဖြန့်ချိရေး)၊ ဦးသိန်းငွေ-ဒေါ်လှမြင့်(ရွှေညာသား ဆေးမျိုးစုံဖြန့်ချိရေး) တို့၏ မိခင်ကြီး ဒေါ်အေးချို (အသက်-၈၅) နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ) နံနက် ၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိသုဓမ္မသိင်္ဂီဒေါက်တာငွေငွေခိုင်**
**မောရိယတိုင်းရင်းဆေးတိုက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမင်းထိန်ဝင်း**

**အသက်(၆၀)**

**ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန**

စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း(ထုံးဘို)ကျောင်းအုပ်ကြီး ဦးမင်းထိန်ဝင်းသည် ၇-၄-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်)နှင့်**
**စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမင်းထိန်ဝင်း**

**အသက်(၆၀)**

**ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန**

စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း(ထုံးဘို)ကျောင်းအုပ်ကြီး ဦးမင်းထိန်ဝင်းသည် ၇-၄-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပြီး ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ညွှန်ကြားရေးမှူးနှင့်**
**ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ထွန်း**

**ကညန (ငြိမ်း)**

**အသက် (၅၈) နှစ်**

ဒေါ်ထွေးထွေးဝင်း ဦးစီးအရာရှိ၊ ကညန (အင်းစိန်)၏ ချစ်လှစွာသော ခင်ပွန်းသည် ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့) ည ၉:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကညန၊ အငြိမ်းစားဝန်ထမ်းများ**
**လူမှုစောင့်ရှောက်ရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးနေဝ်ထွယ် (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)**

**ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၄၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသော ဦးနေဝ်ထွယ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးနေဝ်ထွယ် (ပ/၄၄၆၇)**

**ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး**

**ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၄၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝ်ထွယ်(ပ/၄၄၆၇)သည် ၈-၄-၂၀၂၀ ရက် နံနက် ၃:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဇနီး**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးနေဝ်ထွယ်(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)**

**ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၄၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်နေသော ဦးနေဝ်ထွယ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့)နံနက် ၃:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးနေဝ်ထွယ် (ပ/၄၄၆၇) (၄၇)နှစ်**

**ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး**

**ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**[IDA 1st Batch]**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝ်ထွယ် (ပ/၄၄၆၇) [IDA 1st Batch] သည် ၈-၄-၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)၊**
**လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၀၃) [IDA 1st Batch]မှ**
**ကျောင်းဆင်းသင်တန်းသားများနှင့် သင်တန်းသားများ၏ မိသားစုများ**

## ဦးကိုကိုထွေး

**B.Sc (Zoo)**

**အ-ထ-က(၆)၊ ဗိုလ်တထောင်ကျောင်းသားဟောင်း**

**(၁၉၈၉-၉၀)**

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၆၂)နေ (ဦးတင်အောင်)-ဒေါ်တင်တင်ဝင်းတို့၏ သား၊ ဦးဖြိုးဝေမင်း-ဒေါ်အေးအေးအောင်တို့၏ မောင်၊ ဦးမိုးကျော်အောင်-ဒေါ်ဇင်လဲ့ဝင်း၊ ဦးကိုကိုလတ်-Mrs. Ando Hiroko တို့၏ ညီသည် ၇-၄-၂၀၂၀ ရက် ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်လှိုင်

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၄၄)၊ တတိယအလွှာနေ (ဦးရွှေမြ-ဒေါ်စောလှ)တို့၏ သမီး၊ (ဦးကြင်-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ (ဦးရှိန်-ဒေါ်အေးသင်)တို့၏ ညီမ၊ (ဦးထွန်းစိန်)၏ဇနီး၊ ဒေါ်ခင်အေး-ဦးမြင့်စိုး(ဒေါ်ခင်ဌေး)၊ (ဦးမောင်မောင်လတ်-ဒေါ်ချိုချို)၊ ဒေါ်မြမြဝင်း-ဦးဖုန်းမြင့်၊ ဒေါ်လှလှဝင်း-Capt: ဦးဝင်းနိုင် (Uniteam Marine Co.,Ltd.)၊ (ဦးပြည်စိုး)-ဒေါ်မြင့်မြင့်သိန်းတို့၏ မွေးသမိခင်၊ မြေး ၁၃ ယောက်တို့၏ အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွား ဒေါ်ကြည်လှိုင်သည် ၇-၄-၂၀၂၀ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ကျော့

**အသက်(၈၉)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သိမ်တောင်ရပ်ကွက်၊ ဥက္ကလမ်း၊ အမှတ်(၂၁၅)နေ (ဦးမောင်ကြီး-ဒေါ်ငွေစိန်)တို့၏ သမီး၊ (ဦးရွှေဂေါင်း-ဒေါ်ငွေစိန်)တို့၏ သမီးချွေးမ၊ [ဦးသောင်းတင် (ငွေစာရင်းအရာရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)]၊ ဒေါ်ကျင်သိန်းတို့၏ညီမ၊ (ဦးဖိုးတင်ယေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ခင်အေး (အထက-၁၊ တောင်ကုတ်)၊ ဒေါ်ခင်ခင်ဆွေ (ကျောင်းအုပ် အထက-၂၊ တောင်ကုတ်)၊ ဒေါ်ညွန့်ညွန့်ဆွေ (ကျေး/လက်စည်ပင်/တောင်ကုတ်)၊ (ဦးမြင့်အောင်)-ဒေါ်ခင်အေးနိုင်၊ ဦးတင်ဝင်း (မြို့တော်စည်ပင်-ငြိမ်း)-ဒေါ်မြင့်မြင့်ခင်၊ (ဦးသက်မျိုးလှိုင်)-ဒေါ်သီတာအေး (မြို့/မြေဌာန-မြို့တော်စည်ပင်)တို့၏ မိခင်ကြီး၊ ဦးတေဇဖြိုးမွန်၊ ဒေါ်ခင်သူသူဝင်း(ဥပဒေ/ပန်းတနော်)၊ မောင်မျိုးကိုကိုဝင်း၊ မတင်သူဇာဝင်း၊ မောင်ကျော်ထက်အောင်၊ မောင်မြတ်ထူးကျော်တို့၏ အဘွား၊ မောင်ဝဏ္ဏဖုန်းမြင့်၏ ဖီးဖီးကြီး ဒေါ်ခင်ကျော့သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီ

**အသက်(၈၇)နှစ်**

**မြောင်၊ မရိုးကုန်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့၊ မရိုးကုန်းရွာနေ (ဦးကံ)-ဒေါ်စန်း၊ ဦးစိုးမြင့်-(ဒေါ်ဝင်းသန်း)၊ မန္တလေးမြို့နေ ဦးအောင်သိန်းထွန်း (အင်္ဂလိပ်စာ၊ ကထိက-ငြိမ်း၊ ဆေး-မန်း)-ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ဌေးကြည်(အထပြ-ငြိမ်း)၊ ဦးကျော်-ဒေါ်ခင်ထွေးရီ၊ ဦးမော်၊ (ဦးတိုးမြင့်)-ဒေါ်ကြူကြူမြိုင် (အမက-ကျောင်းအုပ်)၊ ဦးဇော်ဇော်ထွန်း (ညွှန်/မှူး-ငြိမ်း၊ ရေအားလျှပ်စစ်)-ဒေါ်လှနွယ်စိုးတို့၏ မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွား၊ မြောင်မြို့ မရိုးကုန်းရွာနေ (ဦးလှမောင်)၏ဇနီး ဒေါ်နီသည် ၈-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၂၀ ရက် ညနေ ၄ နာရီတွင် မရိုးကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှသောင်း(စလင်း)

**အသက်(၈၅)နှစ်**

**တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း) F.E.R.D**

**Programme Officer(U.N.V) Suva Fiji**

**အကြံပေးပုဂ္ဂိုလ် နယ်စပ်စည်ပင်ဝန်ကြီးဌာန**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ ဈေးမရပ်နေ (ဦးအုန်းဖေ-ဒေါ်ဌေး)တို့၏ သား၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ (ဦးညီမောင်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း(မ)၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၇၀၇)နေ ဒေါ်အုန်းမြင့်(အလက-၂၊ ရန်ကင်း-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်ဝေစီသောင်း၊ ဦးမင်းထွဋ်သောင်း-ဒေါ်ယုယုမြိုင်၊ ဦးခင်မောင်သောင်း-ဒေါ်စုစုမောင်၊ ဒေါ်ယဉ်ဆွေသောင်း၊ ဦးဥက္ကာသောင်း-ဒေါ်ခိုင်ရွှေဝါထွန်း၊ ဦးသူရသောင်း-ဒေါ်မြကေသီ၊ ဦးအောင်နွေဦး-ဒေါ်ကေသီသောင်းတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၇-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၂၀ (တနင်္လာနေ့)တွင် မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း(မ)၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၇၀၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘိုကြည်

**အသက်(၇၁)နှစ်**

**B.Sc(IC)**

**GM (RIEC Group of Companies)**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မထွဲကျေးရွာနေ (ဦးအောင်ခင်-ဒေါ်စံသွယ်)တို့၏ သား၊ မကွေးမြို့နယ်၊ သစ်ရာကောက်ကျေးရွာနေ (ဦးဘရွှေ-ဒေါ်အေးသွယ်)တို့၏ သားသမက်၊ (ဦးချစ်)-ဒေါ်အေးလှိုင်၊ (ဦးကျော်ရင်-ဒေါ်တင်တင်အိ)၊ ဦးကျော်ရှင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးမြင့်နိုင်-ဒေါ်လှလှတို့၏ ချစ်လှစွာသော ညီ/မောင်၊ ဒေါ်ညွန့်ရီ (မှူးအုပ်-ငြိမ်း)၏အစ်ကို၊ ရန်ကုန်မြို့၊ FMI အိမ်ရာဝင်းနေ ဦးကြည်စိုး (Chairman, RIEC Group of Companies)၏ ယောက်ဖ၊ အရှေ့ကြို့ကုန်း၊ (၁၀)လမ်းတောင်၊ အမှတ်(၆၇၉)နေ ဒေါ်ရီနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်သာစိုး၊ ဒေါ်မေဇွန်တို့၏ ကျေးဇူးရှင်ဖခင်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အရှေ့ကြို့ကုန်း၊ (၁၀)လမ်းတောင်၊ အမှတ်(၆၇၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးချို

**အသက်(၈၅)နှစ်**

**တန့်ဆည်မြို့နယ်အသင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံ(တောင်)ကျေးရွာနေ (ဦးသာဒွန်း-ဒေါ်ဖွားယုံ)တို့၏ သမီး၊ (ဦးရွှန်-ဒေါ်အေးခို)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးထွန်းရင်)-ဒေါ်မမကြည် (လူထုမေတ္တာဆေးစတိုး)၊ [ဦးထွန်းရှင်-ဒေါ်တင်ဥ (ကြယ်ပျံဆေးတိုက်)]၊ [ဦးထွန်းမှင်-ဒေါ်လှစော (ဇော်ပျံဆေးတိုက်)]တို့၏ ညီမ၊ ရန်ကုန်မြို့၊ အမှတ် (၂၈၂၉)၊ အောင်မင်္ဂလာလမ်း၊ (၆၃)ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုန်(၂)နေ (ဦးသာလွင်)၏ဇနီး၊ ဦးသိန်းဌေး-ဒေါ်လှလှမြင့် (ရွှေညာသားဆေးဆိုင်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါတိုင်းရင်းဆေး)၊ ဦးနေစိုး-ဒေါ်မြင့်မြင့်ခင် (ထိပ်တန်းဝင်းဆေးစတိုး)၊ မအေးအေးခိုင်၊ မခင်ခင်စိန်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးညွန့်ဝင်းမောင်

**အသက်(၆၈)နှစ်**

**ရုပ်ရှင်လုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၄၃/၁)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ [ဦးသာထွန်း (ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး)-ဒေါ်ခင်ညွန့် (ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး)]တို့၏ သားကြီး၊ ဒေါ်ခင်မေတုတ်၏ ခင်ပွန်း၊ ဒေါက်တာဇေယျာညွန့် (ဒုတိယဥက္ကဋ္ဌ အမှုဆောင်အရာရှိချုပ်) SME-Development Bank၊ (အဖွဲ့ဝင်) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ၊ အဖွဲ့ဝင် (ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ)-သီရိသုမေ္ဓသိင်္ဂီ ဒေါ်အိသန္တာဘိုတို့၏ ဖခင်၊ မောင်ဥက္ကာညွန့်၊ မောင်ဘုန်းသစ်ညွန့်တို့၏အဘိုး ဦးညွန့်ဝင်းမောင်သည် ၈-၄-၂၀၂၀ ရက် နံနက် ၀၀:၄၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာစီနာဘီ(ခ)Grace (ခ)**

**ဒေါ်လှမြင့်**

**အသက်(၇၄)နှစ်**

**(The Crown Press)**

ရန်ကုန်မြို့၊ အမှတ်(၁၀၉/၁၁၁/၃၂)လမ်းနေ [A.Hမူလာ-ဒေါ်တီတီ(ခ) ခတီဇာဘီဘီ]တို့၏ ဒုတိယသမီး၊ (Dr. ကေဒါ)၏ ဇနီး၊ ဒေါ်နီနီ၏ ညီမ၊ (ဦးအောင်ညွန့်)၊ ဦးအောင်ကြည်၊ ဦးအောင်ဝင်း၊ ဒေါ်ချိုချို၊ ဒေါ်ကြူကြူခင်၊ ဦးအောင်မြင့်၊ ဦးစိုးမြင့်၊ ဦးမင်းလွင် (ခေတ္တ-ဂျပန်)တို့၏ အစ်မကြီး၊ ကိုဘိုဘိုညွန့်၊ မခင်သန္တာညွန့်၊ မခင်ရတနာညွန့်၊ ကိုကျော်စွာညွန့်၊ ကိုနေမင်းညွန့်၊ ကိုနေလင်း၊ မောင်စိုးစိုးနေနိုင်၊ မမီမီမင်းလွင်တို့၏ အဒေါ်၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်လှမြင့်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၅နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အဆွရ်နမာန(စ်)အပြီးတွင် ရေဝေးစွန္နီကဘာရ်တန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

## ဦးခင်မောင်စိုး

**အသက်(၇၂)နှစ်**

**အသက်အာမခံ၊ M.G.S**

အမှတ်(၇၂)၊ လေးလွှာ/B၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်းနေ ဒေါ်ခင်လေးမြင့် (တွဲဖက်ပါမောက္ခ-မြန်မာစာဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်စိုးသည် ၇-၄-၂၀၂၀ရက် မွန်းလွဲ ၁:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှိုင်

**အသက်(၆၉)နှစ်**

ပဲခူးတိုင်းဒေသကြီး(အနောက်)ပြည်ခရိုင်၊ ရွှေတောင်မြို့၊ အိမ်ကြီးစုလမ်းနေ (ဦးကြည်သိန်း-ဒေါ်မြင့်မြင့်စန်း)၊ ဒေါ်မြင့်မြင့်သန်း (ဌာနမှူး-အငြိမ်းစား)၊ ဦးကျော်လင်း-(ဒေါ်ခင်သြကြူ) သန်းကြွယ်ရောင်းဝယ်ရေးလုပ်ငန်းစု၊ ဦးကျော်လွင်၊ ဒေါ်နှင်းနှင်းရည်တို့၏မိခင်၊ ဦးသိန်းစန်းလှိုင် (ညွှန်ကြားရေးမှူး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်ခိုင်မွန်မွန်ငြိမ်း၊ ဦးသိန်းရွှေလှိုင် (အငယ်တန်းအင်ဂျင်နီယာ-၁) (ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်မေသူ၊ (ဦးသီဟစိုးမြင့်)-ဒေါ်နန္ဒာကျော်၊ ဦးမောင်လတ်-ဒေါ်ရွှေရည်ထွန်းတို့၏ အဘွားသည် ၇-၄-၂၀၂၀ ရက် ည ၁၀:၄၉ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ဒရယ်ချောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက် ကယ်ပါ**

# ကလောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကလော မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် လူထုအခြေပြုဇဟိုဌာနရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် မေ ၈ ရက်တွင် ကလောမြို့နယ် အောင်ပန်းမြို့ရှိ ပင်းတယ-အောင်ပန်းသွားလမ်း မြို့အဝင် ကျန်းမာရေးစစ်ဆေးရေးဂိတ်နှင့် အောင်ပန်းဈေးရှိ ဈေးရောင်းသူ/ဝယ်သူ ပြည်သူများထံ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။



### စစ်တမ်းကောက်ယူ

ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလောမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဝင်များက အောင်ပန်းသွားလမ်း မြို့အဝင် ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ ခရီးသွားပြည်သူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်သည်။

### ပညာပေးလုပ်ငန်းများဆောင်ရွက်

ထို့ပြင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်တို့ ပူးပေါင်း၍ ခရီးသွားပြည်သူများနှင့် အောင်ပန်းဈေးရှိ ဈေးရောင်းသူ/ဝယ်သူများထံ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်သည့် နည်းလမ်းများ၊ ကိုဗစ်-၁၉ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ လက္ခဏာ၊ ဆောင်ရန် / ရှောင်ရန် နည်းလမ်းများ၊ လိုက်နာရမည့်အချက်များနှင့် ပြည်သူများထံ မေတ္တာရပ်ခံပန်ကြားချက် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောနည်း၊ လက်သန့်ဆေးရည်များ စနစ်တကျ သုံးစွဲကြရန် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း (ပြန်/ဆက်)

# တာလေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်နိုင်ရေး ပိုးသတ်ဆေးဖျန်း

**တာလေ မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့တွင် မေ ၈ ရက် နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးချစ်ကို ဦးဆောင်၍ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ တာချီလိတ်မြို့ မဇ္ဈိမလူမှုကူညီရေးအသင်း၊ တာလေမြို့ လောကပါလ လူမှုကူညီရေးအသင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ တာလေမြို့အတွင်းရှိ လမ်းမကြီးတစ်လျှောက်နှင့် လမ်းသွယ်များအားလုံးကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)



# တိုက်စစ်မှူး ကာဗာနီ မွေးရပ်မြေ ဥရုဂွေးသို့ ပြန်လည်သွားရောက်ကစားမည်



ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းရဲ့ တိုက်စစ်မှူး အက်ဒီဆင် ကာဗာနီဟာ သူ့ရဲ့မွေးရပ်မြေ ဥရုဂွေးနိုင်ငံသို့ ပြန်လည်သွားရောက်ကစားမှာဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီကုန်မှာ ဥရုဂွေးကလပ် ပီနာရိုလ်အသင်းမှာ ကစားဖို့ရှိနေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ ဇန်နဝါရီ အပြောင်းအရွှေ့ ကာလကတည်းက ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့ နီးစပ်မှုရှိခဲ့တာဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ကာဗာနီကို စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်း၊ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့က

စာမျက်နှာ ၂၁ ကော်လံ ၅ သို့ ❒

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချုပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ

Channel K ရုပ်သံလိုင်းက သကြ်န်ကာလ ရုံးပိတ်ရက်များတွင် ပုံမှန်ပြသနေသည့် အစီအစဉ်များအပြင် အစီအစဉ်သစ်များ ထုတ်လွှင့်ပြသသွားမည် စာမျက်နှာ » ၇

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်ရက်အတွင်း ၁၉၀၀ နီးပါး သေဆုံး စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ရောဂါ ကပ်ဆိုးကြားက တောင်ကိုရီးယား ရွေးကောက်ပွဲ စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၅

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လှုံ့ဆော်တေးသီချင်း မကြာမီထုတ်လွှင့်မည် စာမျက်နှာ » ၁၇

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၉၊ ၂၀၂၀ (ကြာသပတေးနေ့)

နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများ

**တွေ့ဆုံမေးမြန်း - ရှင်မင်း၊ ဓာတ်ပုံ - ကေကေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စတုတ္ထတစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများအပါအဝင် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ပါသည် -

**မေး။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ မကြာမီက နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေဖို့အတွက် အတိုးနှုန်းတွေကို လျှော့ချခဲ့တာနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။** နိုင်ငံတကာမှာ ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကြောင့် နိုင်ငံရဲ့ စီးပွားရေးအပေါ် သက်ရောက်မှုကို သက်သာစေဖို့နဲ့ နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက်မှာ ဗဟိုဘဏ်ရဲ့ အတိုးနှုန်း (Bank Rate) ကို တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းကနေ ၀ ဒသမ ၅ ရာခိုင်နှုန်းလျှော့ချပြီး ၉ ဒသမ ၅ ရာခိုင်နှုန်းကို ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။

ဒီလို ပြောင်းလဲသတ်မှတ်ရာမှာ အပ်ငွေတွေအပေါ်ပေးရမယ့် အနည်းဆုံးအတိုးနှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်းဖြစ်တဲ့ ၇ ဒသမ ၅ ရာခိုင်နှုန်း ထက်မနည်းစေဖို့နဲ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အာမခံပစ္စည်း ရယူပြီး ထုတ်ချေးတဲ့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် အတိုးနှုန်းအထက် ၃ ရာခိုင်နှုန်းဖြစ်တဲ့ ၁၂ ဒသမ ၅ ရာခိုင်နှုန်းထက် ကျော်လွန်ပြီး ကောက်ခံခြင်းမပြုဖို့ သတ်မှတ်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အာမခံပစ္စည်းတွေမှအပ အခြားအာမခံပစ္စည်း ရယူပြီးဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်း မပြုဘဲဖြစ်စေ ထုတ်ချေးတဲ့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် ၆ ရာခိုင်နှုန်းဖြစ်တဲ့ ၁၅ ဒသမ ၅ ရာခိုင်နှုန်း ထက်ကျော်လွန်ပြီး ကောက်ခံခြင်းမပြုဖို့ ပြင်ဆင် သတ်မှတ်ခဲ့ပါတယ်။

ဒီလိုအတိုးနှုန်း ပြင်ဆင်ပြောင်းလဲ သတ်မှတ်မှုတွေက ၂၀၂၀ ပြည့်နှစ် မတ်လ ၁၆ ရက် ကစပြီး အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။ ဒီလိုမျိုး သတ်မှတ်ပြီးတဲ့နောက် နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိရောက် မြန်ဆန်စွာ အကျိုးသက်ရောက်မှုရှိနိုင်စေဖို့ အတွက် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၄ ရက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အတိုးနှုန်းကို တစ်နှစ်လျှင် ၉ ဒသမ ၅ ရာခိုင်နှုန်းကနေ တစ် ရာခိုင်နှုန်းထပ်မံလျှော့ချပြီး ၈ ဒသမ ၅ ရာခိုင် နှုန်းကို ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။

ဒီလို အတိုးနှုန်းတွေ ထပ်မံလျှော့ချလိုက် တဲ့အတွက် အပ်ငွေတွေအပေါ်မှာ ပေးရမယ့် အနည်းဆုံးအတိုးနှုန်းနဲ့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းတွေက အရင်အတိုးနှုန်းထက် တစ်ရာခိုင်နှုန်း အသီးသီးလျှော့နည်းသွားပါတယ်။

အပ်ငွေတွေအပေါ်မှာ ပေးရမယ့် အနည်းဆုံးအတိုးနှုန်းမှာ ၆ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်သွားပြီး ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းက ၁၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သွားပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ အာမခံပစ္စည်းတွေမှအပ အခြားအာမခံပစ္စည်းရယူပြီးဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်း မပြုဘဲဖြစ်စေ ထုတ်ချေးတဲ့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အများဆုံးအတိုးနှုန်းကို ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချလိုက်ပါတယ်။ ဒီလိုအတိုးနှုန်းတွေ ထပ်မံလျှော့ချသတ်မှတ်ခြင်းက ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်ကစပြီး အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။

ဒီလို အတိုးနှုန်းတွေကို လျှော့ချခဲ့တာက ငွေချေးယူမှုစရိတ်တွေ (Borrowing Cost) သက်သာလာပြီး စီးပွားရေးလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာနိုင်စေဖို့နဲ့ ဈေးကွက်အတွင်း ကုန်စည်နဲ့ ဝန်ဆောင်မှုတွေအပေါ် ဝယ်လိုအားကို ပိုမိုလာနိုင်ပြီး စီးပွားရေးလုပ်ဆောင်ချက်တွေ (Economic Activities) အားကောင်းလာစေဖို့ ဖြစ်ပါတယ်။

**မေး။** အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပါ

အထူးကဏ္ဍ [ ခ] သို့ »»



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်

> **နိုင်ငံတကာမှာ ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကြောင့် နိုင်ငံရဲ့ စီးပွားရေးအပေါ် သက်ရောက်မှုကို သက်သာစေဖို့နဲ့ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက်မှာ ဗဟိုဘဏ်ရဲ့အတိုးနှုန်း (Bank Rate) ကို တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းကနေ ၀ ဒသမ ၅ ရာခိုင်နှုန်းလျှော့ချပြီး ၉ ဒသမ ၅ ရာခိုင်နှုန်းကို ပြောင်းလဲသတ်မှတ်ခဲ့**



မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)ကိုတွေ့ရစဉ်။



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုထုတ်ဝေသည့် ငွေကျပ် တစ်ထောင်တန် ငွေစက္ကူပုံစံသစ်။

»»» အထူးကဏ္ဍ [ က ] မှ

**ငွေကျပ် တစ်ထောင်တန် ငွေစက္ကူပုံစံသစ် ထုတ်ဝေခဲ့တာကိုလည်း ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူပုံစံသစ်ကို ထုတ်ဝေဖို့ စီစဉ်ခဲ့တာကြာပါပြီ။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုတဲ့အနေနဲ့ ငွေကျပ်တစ်ထောင်တန် ငွေစက္ကူပုံစံသစ်ကို ဂုဏ်ပြုထုတ်ဝေခဲ့ပါတယ်။ ဒီလိုထုတ်ဝေပြီးနောက် ကျန်ရှိတဲ့ တန်ဖိုးအလိုက် ငွေစက္ကူတွေဖြစ်တဲ့ ငွေကျပ် ၅၀ တန်၊ ငွေကျပ် ၁၀၀ တန်၊ ငွေကျပ် ၅၀၀ တန်၊ ငွေကျပ် ၅၀၀၀ တန်နဲ့ ငွေကျပ် ၁၀၀၀၀ တန်စတဲ့ ငွေစက္ကူတွေကို ဆက်လက်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။

**မေး။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် ဆောင်ရွက်မှုအခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်/အကျ အပြောင်းအလဲ ကြီးမားစွာနဲ့ လျင်မြန်စွာ မဖြစ်ပေါ်စေဖို့နဲ့ နိုင်ငံတော်ရဲ့ နိုင်ငံခြားသီးသန့် အရန်ငွေကို ဖြည့်တင်းဖို့ ရည်ရွယ်ပြီး စည်းမျဉ်းအခြေခံတဲ့ နိုင်ငံခြားငွေဈေးပြိုင် လေလံနှစ်မျိုးကို ဆောင်ရွက်လျက် ရှိပါတယ်။

ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်/အကျ ကြီးမားမှု မရှိစေဖို့အတွက် Intervention Auction ပြုလုပ်ရာမှာ အရောင်းနဲ့အဝယ် (၂)မျိုးစလုံးကို ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ နိုင်ငံခြားသီးသန့် အရန်ငွေကို ဖြည့်တင်းရာမှာ Accumulation Auction ဖြစ်တဲ့ အဝယ်တစ်မျိုးတည်း ဆောင်ရွက်တဲ့ နည်းလမ်းကို ကျင့်သုံးခဲ့ပါတယ်။ Intervention Auction နဲ့ Accumulation Aution တွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေအတိုင်း နေ့စဉ်ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဈေးပြိုင်စနစ်ခေါ်ယူပြီး နိုင်ငံခြားငွေဈေးကွက် ဝင်ရောက်ထိန်းကျောင်းရာမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းကို အဆင့်တစ်ဆင့်မှာ ရောက်ရှိနေစေဖို့ ကာကွယ်ထိန်းသိမ်းဆောင်ရွက်ခြင်း မဟုတ်ဘဲ ငွေလဲလှယ်နှုန်း အတက်/အကျ ကြီးမားခြင်းကို လျော့နည်းစေဖို့အတွက် နိုင်ငံခြားငွေဈေးကွက်အတွင်း ငွေကြေးလွယ်ကူမှုကို ပံ့ပိုးပေးခြင်းသာ ဖြစ်ပါတယ်။

**မေး။ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို သိပါရစေရှင့်။**

ဖြေ။ နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငွေကြေးစနစ် တည်ငြိမ်မှုက အရေးကြီးပါတယ်။ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့နဲ့ ဘဏ်လုပ်ငန်းကဏ္ဍ ခိုင်မာအားကောင်းဖို့အတွက် စည်းမျဉ်းနဲ့ ညွှန်ကြားချက်တွေကို ထုတ်ပြန်လျက်ရှိပါတယ်။

ဘဏ်တွေအနေနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်တွေနဲ့အညီ စနစ်တကျလုပ်ငန်း ဆောင်ရွက်နေမှု ရှိ၊ မရှိ ကြီးကြပ်စစ်ဆေးခြင်းနဲ့ စောင့်ကြည့်ကွပ်ကဲခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိမှာ အများပြည်သူတွေ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုတွေကို လွယ်ကူစွာရရှိနိုင်စေဖို့ ပုဂ္ဂလိကဘဏ်တွေနဲ့ ဒီဘဏ်တွေရဲ့ ဘဏ်ခွဲတွေကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာမှာ ပုဂ္ဂလိက ဘဏ် ၂၇ ဘဏ်နဲ့ ဘဏ်ခွဲပေါင်း ၂၀၀၀ခန့် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ဘဏ်ခွဲတွေ ဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ နေရာတွေမှာ သူတို့ရဲ့ကိုယ်စားလှယ်တွေက တစ်ဆင့် ဘဏ်လုပ်ငန်းကို မိုဘိုင်းနည်းပညာ အသုံးပြုပြီး ဝန်ဆောင်မှုပေးနိုင်ဖို့ ခွင့်ပြုပေး လျက်ရှိရာ ပုဂ္ဂလိကဘဏ် ၁၂ ဘဏ်ကို မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ဖို့ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ဒ့ါအပြင် ဘဏ်ဝန်ဆောင်မှု လက်လှမ်းမမီတဲ့ ဒေသတွေက ပြည်သူတွေ ငွေကြေးဝန်ဆောင်မှုတွေကို အလွယ်တကူရရှိစေဖို့အတွက် မိုဘိုင်းနည်းပညာအသုံးပြုပြီး ငွေပေးချေမှု နဲ့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေကို ဘဏ် နဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းတွေအပြင် မိုဘိုင်းကွန်ရက် အော်ပရေတာတွေကပါ ဝန်ဆောင်မှုပေးနိုင်ဖို့ ရည်ရွယ်ပြီး မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေဆောင်ရွက်ဖို့ မိုဘိုင်းကွန်ရက် အော်ပရေတာလေးခုနဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်း (Non–Bank Financial Institution–NBFI) တစ်ခုတို့ကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ချေးငွေလိုအပ်နေတဲ့ လုပ်ငန်းရှင်တွေနဲ့ အများပြည်သူတွေကို တစ်ဖက်တစ်လမ်းက ချေးငွေ ပံ့ပိုးပေးနိုင်ပြီး ငွေရေးကြေးရေးတွင် အလုံးစုံ ပါဝင်မှု (Financial Inclusion)ကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး ဘဏ်မဟုတ်တဲ့

အထူးကဏ္ဍ [ ဂ ] သို့ »»»


မြန်မာနိုင်ငံတော် ဗဟိုဘဏ် Board အဖွဲ့ဝင်များကို တွေ့ရစဉ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်မှ ကိုယ်စားလှယ်အဖွဲ့တို့ ၆-၅-၂၀၁၉ ရက်နေ့က တွေ့ဆုံစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ငွေရေးကြေးရေး အဖွဲ့အစည်းတွေ Non-Bank Financial Institutions - NBFIs)ကို တည်ထောင်ခွင့်ပြုလျက်ရှိရာ NBFI ၂၉ ခုကို တည်ထောင်ခွင့်ပြုပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားတွေအနေနဲ့ ပြည်ပနိုင်ငံတွေနဲ့ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားလာတာနဲ့အမျှ ဘဏ်လုပ်ငန်းတွေ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံခြားဘဏ်နဲ့ဘဏ်ခွဲ စုစုပေါင်း ၁၃ ခု ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေ ဆောင်ရွက်ခွင့်ပေးထားပါတယ်။

ယခုတတိယအကြိမ် နိုင်ငံခြားဘဏ်ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားဘဏ်နဲ့ဘဏ်ခွဲ (Branches) တွေအပြင် နိုင်ငံခြားဘဏ်တွေရဲ့ လက်အောက်ခံဘဏ် (Subsidiaries)တွေကို လုပ်ကိုင်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းဘဏ်တွေနဲ့ ၃၅ ရာခိုင်နှုန်းထက် ကျော်လွန်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Equity Participation) ကို ကိစ္စရပ်တစ်ခုချင်းအလိုက် ခွင့်ပြုသွားမှာဖြစ်ပါတယ်။

**မေး။ ငွေကြေးကဏ္ဍ တည်ငြိမ်ဖို့အတွက် ဘဏ်တွေကို ကြီးကြပ်စစ်ဆေးခြင်းနဲ့ စောင့်ကြပ်ကြည့်ရှုခြင်းတို့နဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းတွေကို တည်ထောင်ခွင့်ပြုပြီးနောက် ငွေရေးကြေးရေး အဖွဲ့အစည်းတွေအနေနဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဆုံးရှုံးနိုင်ခြေကို အခြေခံပြီး ကြီးကြပ်စစ်ဆေးခြင်း (Risk - Based Supervision) နည်းလမ်းနဲ့ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်တွေရဲ့ ငွေကြေးခိုင်မာတောင့်တင်းမှုက အဓိက အရေးကြီးတဲ့အတွက် ဘဏ်တွေ ခိုင်မာမှု ရှိ၊ မရှိနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ Ratios တွေအတိုင်း ထားရှိဆောင်ရွက်မှု ရှိ၊ မရှိ စတာတွေကို အနီးကပ်စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

ဆုံးရှုံးနိုင်ခြေကို High၊ Medium နဲ့ Low ဆိုပြီး အဆင့်သတ်မှတ်ကာ ကြီးကြပ်စစ်ဆေးခြင်း နည်းဗျူဟာနဲ့ အစီအစဉ်ရေးဆွဲခြင်း၊ ကြီးကြပ်စစ်ဆေးမည့် လုပ်ငန်းနယ်ပယ် သတ်မှတ်ခြင်း၊ လုပ်ငန်းတွင်း စီမံအုပ်ချုပ်နေမှုအပေါ် ဘဏ်ရဲ့ဒါရိုက်တာတွေ၊ စီမံခန့်ခွဲသူတွေနဲ့ တွေ့ဆုံမေးမြန်းပြီး ဘဏ်တွေက ပြုပြင်လိုက်နာရမယ့် အချက်တွေကို Timeline သတ်မှတ်ပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ်တွေ၊ ငွေရေးကြေးရေးကုမ္ပဏီတွေနဲ့ မိုဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းတွေ လိုက်နာရမယ့် လိုအပ်ချက်တွေကို ပြင်ပစာရင်းစစ်အဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းထိန်းကျောင်းလျက်ရှိပါတယ်။

**မေး။ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

ဖြေ။ AML/CFT ဆိုတာ Anti Money Laundering/ Countering the Financing of Terrorism ဖြစ်ပြီး ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေး ဖြစ်ပါတယ်။

ဘဏ်တွေအနေနဲ့ သတ်မှတ်ထားတဲ့ AML/CFT ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ လိုက်နာမှု ရှိ၊ မရှိကို နိုင်ငံတကာသတ်မှတ်ချက်စံတွေနဲ့အညီ စစ်ဆေးလျက်ရှိပါတယ်။

စစ်ဆေးရာမှာ အဓိက အချက်ကြီး ၁၂ ချက်ကို အခြေခံပြီး စစ်ဆေးပါတယ်။ ဒီ ၁၂ ချက်က Governance၊ Customer Due Diligence၊ Transactions and Account Monitoring၊ Risk Assessment System and Procedures for Customers and Products/ Services၊ STR Reporting၊ Threshold Transaction Reporting၊ Politically Exposed Persons (PEPs)၊ Correspondent Banking၊ Wire Transfers၊ Record Keeping၊ Internal Controls နဲ့ Staff Training တို့ ဖြစ်ပါတယ်။

**ဘဏ်တွေ ခိုင်မာတောင့်တင်းစေဖို့နဲ့ နိုင်ငံတကာဘဏ်စနစ်တွေနည်းတူ တရားမဝင်ငွေတွေ ဘဏ္ဍာရေးစနစ်အတွင်း ဝင်ရောက်မလာစေဖို့ မတည်ငွေရင်း တိုးမြှင့်တဲ့အခါ၊ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာတဲ့အခါ၊ အစုရှယ်ယာတွေ လွှဲပြောင်းတဲ့အခါတွေမှာ ငွေကြေးရင်းမြစ် (Source of Funds)ကို ငွေကြေးခဝါချမှုကင်းရှင်းခြင်း ရှိ၊ မရှိနဲ့ အခွန်ကင်းရှင်းခြင်း ရှိ၊ မရှိ အဓိကထားစစ်ဆေးလျက်ရှိ**

ဘဏ်တွေကို အကြီး၊ အလတ်နဲ့အငယ် ဆိုပြီး အဆင့်သတ်မှတ် စစ်ဆေးပါတယ်။ ယခု ဘဏ်ကြီး ငါးဘဏ်စစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အလယ်အလတ်ရှိတဲ့ ဘဏ်ခြောက်ဘဏ် စစ်ဆေးခြင်းကို ဖေဖော်ဝါရီလအတွင်းမှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အရွယ်အစားသေးငယ်တဲ့ ဘဏ်တွေကို ဆက်လက်စစ်ဆေးသွားမှာ ဖြစ်ပါတယ်။

ဘဏ်တွေ ခိုင်မာတောင့်တင်းစေဖို့နဲ့ နိုင်ငံတကာဘဏ်စနစ်တွေနည်းတူ တရားမဝင်ငွေတွေ ဘဏ္ဍာရေးစနစ်အတွင်း ဝင်ရောက်မလာစေဖို့ မတည်ငွေရင်း တိုးမြှင့်တဲ့အခါ၊ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာတဲ့အခါ၊ အစုရှယ်ယာတွေ လွှဲပြောင်းတဲ့အခါတွေမှာ ငွေကြေးရင်းမြစ် (Source of Funds) ကို ငွေကြေးခဝါချမှုကင်းရှင်းခြင်း ရှိ၊ မရှိနဲ့ အခွန်ကင်းရှင်းခြင်း ရှိ၊ မရှိ အဓိကထားစစ်ဆေးလျက်ရှိပါတယ်။

AML/CFT နဲ့စပ်လျဉ်းပြီး နိုင်ငံတကာ သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း လိုက်နာမှု ရှိ၊ မရှိ ကို မြန်မာနိုင်ငံအနေနဲ့ ၂၀၀၇ - ၂၀၀၈ ခုနှစ်မှာတစ်ကြိမ်၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်မှု (Mutual Evaluation - ME) ပုံစံနဲ့ အကဲဖြတ်ခြင်းကို ခံယူခဲ့ပါတယ်။ အကြံပြုချက် ၄၀ အနက် မြန်မာနိုင်ငံအနေနဲ့ လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေနဲ့ ထပ်မံဆောင်ရွက်ဖို့ ရှိတာတွေကို Mutual Evaluation ပြုလုပ်ခြင်းနဲ့ ဖော်ထုတ်လိုက်နာစေပါတယ်။

၂၀၁၉ ခုနှစ် ဩဂုတ်လက အာရှ - ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering - APG) ရဲ့ ထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ၉၉ ချက် သတ်မှတ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ တရုတ်နိုင်ငံ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ APG အစည်းအဝေးက လုပ်ငန်းစဉ် ၉၉ ချက်နဲ့စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှုတွေကို မြန်မာကိုယ်စားလှယ်အဖွဲ့က ရှင်းလင်းတင်ပြနိုင်ခဲ့တဲ့အတွက် လိုက်နာရမယ့် လုပ်ငန်းစဉ် ၁၄ ချက် ကျန်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ကျင်းပခဲ့တဲ့ အစည်းအဝေးမှာ ထပ်မံရှင်းလင်းတင်ပြခဲ့ရာ မြန်မာနိုင်ငံအနေနဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ရှစ်ချက်သာ ကျန်ရှိပါတော့တယ်။

အဲဒီ လုပ်ငန်းစဉ် ရှစ်ချက်အနက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ဖို့ အချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း၊ ဩဇာတိက္ကမကြီးမားသူတွေ၊ ဆုံးရှုံးနိုင်ခြေမြင့်မားတဲ့ ဒေသတွေ၊ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်း ပေးပို့ချက်စတဲ့ ဆုံးရှုံးနိုင်ခြေမြင့်မားတဲ့ နယ်ပယ်တွေကို ကြီးကြပ်စစ်ဆေးမှုအနေနဲ့ ဘဏ်ကြီးတွေကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (On-Site Examination)နဲ့ အလတ်စားဘဏ်တွေကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်အတွင်း အပြီး

အထူးကဏ္ဍ [ ဃ ] သို့ »»»




မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ၁၉-၁၀-၂၀၁၉ ရက်နေ့က အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဂါဗာနာများအစည်းအဝေး တက်ရောက်စဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

သတ်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ဒုတိယအချက်က လက်ရှိထုတ်ပြန်ပြီး ဖြစ်တဲ့ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာစည်းမျဉ်း အကောင်အထည်ဖော်မှုတွေကို သရုပ်ပြနိုင်ရေးအတွက် တရားဝင်လိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ဖို့၊ ဒီစည်းမျဉ်းပျံ့နှံ့ရောက်ရှိဖို့နဲ့ ကြီးကြပ်စစ်ဆေးဖို့ အချက်တွေကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် အပြီးဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

Financial Action Task Force (FATF) အနေနဲ့ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်မှုနဲ့ တိုးတက်မှုတွေကို စောင့်ကြည့်လျက်ရှိရာ ဆောင်ရွက်ပြီးစီးမှုနဲ့ တိုးတက်မှုအခြေအနေတွေနဲ့ စပ်လျဉ်းတဲ့ တိုးတက်မှုအစီရင်ခံစာကို အာရှ – ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) ကို လေးလတစ်ကြိမ် ပေးပို့ရပါတယ်။

**မေး။ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေမှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ကမ္ဘာ့ဘဏ်ရဲ့ ကျွမ်းကျင်မှုအကူအညီနဲ့ ငွေပေးချေမှုစနစ်တစ်ခုလုံးအတွက် ဥပဒေပိုင်းဆိုင်ရာ လိုအပ်တဲ့ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့တဲ့ Central Bank Network System (CBM – Net System)ကို ပိုမိုပြီး တဖြည်းဖြည်းတိုးတက်ကျယ်ပြန့်လာစေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာမှာ အသုံးပြုမှုတွင်ကျယ်လာတဲ့ ငွေပေးချေမှုနည်းလမ်းတစ်ခုဖြစ်တဲ့ QR Code Payment ကို အသုံးပြုနိုင်ဖို့ လျင်မြန်တဲ့ ငွေပေးချေမှုနည်းလမ်းအတွက် မြန်မာနိုင်ငံရဲ့ စံသတ်မှတ်ချက် (National Standard for QR Code) ဖြစ်တဲ့ MMQR ကို အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဈေးကွက်မှာ နေရာရယူထားပြီးဖြစ်တဲ့ International Card တွေဖြစ်တဲ့ Master Card, VISA၊ JCB နဲ့ UPI တို့ရဲ့ Acquiring တွေသာမက e-wallet provider တွေဖြစ်တဲ့ Alipay နဲ့ WeChat Pay တို့အတွက် Acquiring ဝန်ဆောင်မှုတွေကို စည်းစနစ်ကျစွာ မူဘောင်အတွင်းက ခွင့်ပြုဆောင်ရွက်နိုင်ဖို့အတွက် ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်း (Merchant Acquiring Service) ဆိုင်ရာ အမိန့်ကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၃ ရက်က ထုတ်ပြန်ခဲ့ပါတယ်။

ဘဏ်တွေအနေနဲ့ အလိုအလျောက်ငွေထုတ်စက် (Automatic Teller Machine – ATM) တွေတပ်ဆင်ပြီး ငွေထုတ်ယူနိုင်ဖို့ ဝန်ဆောင်မှုပေးလျက်ရှိရာ တချို့ဘဏ်တွေက ငွေထုတ်ယူမှုနဲ့ ငွေပေးသွင်းမှုပြုနိုင်တဲ့ အလိုအလျောက် ငွေသွင်း/ငွေထုတ်စက် (Cash Recycling ATM/ Cash Recycler Machine – CRM) စက်တွေ တပ်ဆင်ပြီး ဝန်ဆောင်မှုပေးလျက်ရှိတဲ့အတွက် ATM သို့မဟုတ် CRM စက်တွေ တပ်ဆင်ရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ကြိုတင်ခွင့်ပြုချက်ရယူပြီးမှသာ တပ်ဆင်ဆောင်ရွက်ဖို့နဲ့ အနည်းဆုံး လိုက်နာဆောင်ရွက်ရမယ့် လိုအပ်ချက်တွေ နဲ့စပ်လျဉ်းပြီး ၂၀၂၀ ပြည့်နှစ် မတ်လ ၂၄ ရက်မှာ ဘဏ်တွေကို ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

ဘဏ်နဲ့ ဆက်သွယ်ဆောင်ရွက်သူတွေ လွယ်ကူအဆင်ပြေဖို့ ဘဏ်ကို သွားရောက်ပြီး ငွေတွေစုပြုထုတ်မယ့်အစား မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု အသုံးပြုခြင်း၊ အလိုအလျောက် ငွေထုတ်စက် (ATM)တွေ အသုံးပြုခြင်းနဲ့ အလိုအလျောက် ငွေသွင်း/ငွေထုတ်စက် (Cash Recycling ATM/Cash Recycler Machine – CRM) တွေ အသုံးပြုခြင်းစတဲ့ ဘဏ်ဝန်ဆောင်မှုတွေကို ရယူနိုင်ပါတယ်။

ဘဏ်တွေကို ဘဏ်ဝန်ဆောင်မှုတွေ စဉ်ဆက်မပြတ်ပေးနိုင်ရေးအတွက် ATM စက်တွေမှာ ငွေမပြတ်လပ်စေဖို့နဲ့ စက်တွေမပျက်အောင်ထားရှိဖို့ ဘဏ်တွေကို ညွှန်ကြားထားပါတယ်။

**မေး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌအနေနဲ့ ပြည်သူလူထုကို အသိပေးပြောကြားလိုတာတွေရှိရင် ပြောကြားပေးစေလိုပါတယ်ရှင့်။**

ဖြေ။ အထူးအလေးပေးပြောကြားချင်တာက တိုးတက်ဖွံ့ဖြိုးလာတဲ့ ဆက်သွယ်ရေးကွန်ရက် (Telecommunication Network)ကို အသုံးပြုပြီး အလွဲသုံးစားလုပ်မှုတွေ၊ ငွေကြေးလိမ်လည်မှုတွေနဲ့ တရားဝင်ငွေအပ်နှံခြင်းနဲ့စပ်လျဉ်းပြီး ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်နေမှုတွေ ပိုမိုများပြားလာတာကို တွေ့ရပါတယ်။

လိမ်လည်သူတွေက အွန်လိုင်းမှာ ရင်းနှီးမှုရယူပြီး လက်ဆောင်၊ ငွေနဲ့ပစ္စည်းတွေကို ပို့လိုက်တယ်လို့ပြောဆိုပြီး လေဆိပ်မှာ လာရောက်ရွေးချယ်ဖို့အတွက် သူတို့ပေးတဲ့ ဘဏ်ငွေစာရင်းတွေကို ငွေလွှဲပို့စေခြင်းမျိုး၊ တချို့လိမ်လည်သူတွေက အွန်လိုင်းကနေ အတိုးပေးမယ်လို့ ယုံကြည်အောင်ပြောဆိုပြီး အပ်နှံငွေတွေလက်ခံခြင်းမျိုး၊ တချို့လိမ်လည်သူတွေက Facebook Account အသုံးပြုပြီး လေလံစုမဲတာဝန်ခံဒိုင်အဖြစ် ဆောင်ရွက်ပြီး အပ်နှံငွေတွေ လက်ခံတာ၊ လေလံစုမဲတွေကို အမြတ်ငွေနဲ့ ပြန်လည်ရောင်းချတာတွေ ပြုလုပ်တဲ့အပြင် လက်ခံထားတဲ့ ငွေတွေကို လိမ်လည်တာမျိုးတွေ ပြုလုပ်နေကြပါတယ်။

ဒီလိုမျိုး လိမ်လည်မှုတွေ လျော့ကျသွားဖို့အတွက် ပြည်သူတွေအနေနဲ့ တိုးတက်လာတဲ့ ဆက်သွယ်ရေးနည်းပညာတွေကို လေ့လာပြီး ကောင်းမွန်စွာအသုံးချနိုင်ဖို့ လိုအပ်သလို သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ မသမာမှုနဲ့ လိမ်လည်မှုတွေကို ထိရောက်စွာထိန်းချုပ်ဖို့ လိုအပ်ပါတယ်။ ။


၁၈-၁၀-၂၀၁၉ ရက်နေ့က ကျင်းပသည့် ကမ္ဘာ့ဘဏ်အုပ်စုနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။


ဂျာမနီနိုင်ငံထုတ် အဆင့်မြင့်စက်ကြီးများဖြင့် ငွေစက္ကူများရေတွက်စဉ်။

**နိုင်ငံတကာမှာ အသုံးပြုမှုတွင်ကျယ်လာတဲ့ ငွေပေးချေမှုနည်းလမ်းတစ်ခု ဖြစ်တဲ့ QR Code Payment ကို အသုံးပြုနိုင်ဖို့ လျင်မြန်တဲ့ ငွေပေးချေမှုနည်းလမ်းအတွက် မြန်မာနိုင်ငံရဲ့ စံသတ်မှတ်ချက် (National Standard for QR Code) ဖြစ်တဲ့ MMQR ကို အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်လျက်ရှိ**